

ဝင်းဘုန်းအောင်
ဒိုင်ကျောင်းစိမ်းမဓာဆနှင့် ရှစ်မျက်နှာကျား

# ဝင်းဘုန်းအောင်

# မိကျောင်းစိမ်းဓား ရှစ်မျက်နှာကျား

( နှစ်အုပ်တွဲ သိုင်းစာစဉ် )

ဒု တိ ယ ပိုင်၊

## အခန်း (၁၀)

### သေးမင်းကြောင်လူ့ဘီလူးနှင့်ရွှေရောင်သစ်ခွ

ပုန္နေးတောင်ကျွန်းဝသော နံနက်ခင်း နေရောင်ခြည်သည် ရွှေရောင်သစ်ခွဂေဟာ ခြံဝင်းတစ်ခုလုံးသို့ ဖြန့်ကျက်လွှမ်းခြုံလျက်ရှိနေပေ၏။

အချိန်ကား နာရီမောင်း ရှစ်ချက်တီးအချိန် ရှိနေချေပြီ။

ထိုအချိန်၌ ထည်ထည်ဝါဝါ တည်ဆောက်ထားသော ရွှေရောင်သစ်ခွဂေဟာရှေ့ရှိ ရောင်စုံပန်းဥယျာဉ်အတွင်းဝယ် ရွှေရောင်ဝတ်စုံဝတ် မိန်းမချောတစ်ဦး ကျောက်ခင်းလမ်းကျဉ်းလေးပေါ် လူးလားခေါက်တုံ့ လမ်းလျှောက်လှမ်းနေလေသည်။

ထိုရွှေရောင်ဝတ်စုံဝတ် မိန်းမချောလေးက တစ်ခြားဟုတ်ရိုးလား။

လွန်ခဲ့သော သုံးလေးရက်လောက်က မြို့ဝန်မင်းတရားရုံးတော်၌ အမိန့်ချစဉ် ရုတ်တရက်မေ့လဲသွားခဲ့ရသည့် ရွှေရောင်သစ်ခွသခင်မ ရိန်လင်းပင်ဖြစ်၏။

ဟုတ်ပါလေရဲ့....

ဟော....အခုတော့ ရွှေရောင်သစ်ခွသခင်မလေး ရိန်လင်းမှာ ကျန်းမာရေး ဒေါင်ဒေါင်မြည်လျက် ပန်းဥယျာဉ်ထဲတွင် လူးလားခေါက်တုံ့ လမ်းလျှောက်နေ၏။

အမှန်ကိုပြောရမည်ဆိုလျှင် ထိုရွှေရောင်သစ်ခွ သခင်မလေး ရိန်လင်းမှာ မြို့တော်ဝန်မင်းတရားရုံးတော်၌ ပရိယာယ်သုံး၍ မူးမေ့လဲချင်ယောင်ဆောင်ခဲ့ခြင်း ဖြစ်၏။

ဒါမှလည်း မြို့ဝန်မင်းချမှတ်လိုက်သည့် အပြစ်ဒဏ်မှခေတ္တလွတ်ငြိမ်းခွင့်ရမည်မဟုတ်ပါလား။

ထိုသို့သူမကို လုပ်ဆောင်ရန်လည်း နောက်ကွယ်က တစ်စုံတစ်ယောက်က အကြံပေးညွှန်ပြထားခြင်းဖြစ်၏။

အခု ရွှေရောင်သစ်ခွသခင်မလေး ရိန်လင်းသည် ဘုမသိဘမသိ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ကို ကောက်ကျစ်ဉာဏ်သုံး၍ ထောင်ကျစေအောင်ဆောင်ရွက်ခဲ့သည့် လုပ်ရပ်အား ပြန်တွေးမိရင်း စိတ်မကောင်းခြင်းဖြစ်နေရလေ၏။



တကယ်တော့ သူမအနေဖြင့် ထိုသို့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ကို အတိဒုက္ခရောက်အောင် လုပ်ဆောင်ချင်စိတ် မရှိပါချေ။

သို့သော်ငြားလည်း သူမကို နောက်ကွယ်က အတင်းအကြပ် ကြိုးကိုင်၍ မကောင်းကြံမှုအား ခိုင်းစေခဲ့သောကြောင့် မလွှဲမရှောင်သာ သူမ လုပ်ဆောင်ခဲ့ရခြင်း ဖြစ်လေသည်။

အခု ရွှေရောင်သစ်ခွသခင်မလေးရိန်လင်းမှာ နောက်ကွယ်မှလူက ထိုစိတ်ကောင်းရှိသော မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ကို မည်သို့သော ရန်ငြိုးကြောင့် ထိုသို့ရက်ရက်စက်စက် အကွက်ချ လုပ်ဆောင်ရသည်လည်းဟု လူးလာခေါက်တုံ့ လျှောက်လှမ်းရင်း တွေးတောစဉ်းစားနေမိခြင်း ဖြစ်လေသည်။

သို့သော် သူမမှာ ဘာဥအစရှာမရသလို အဖြေမထုတ်နိုင်ဘဲ ရှိနေရလေသည်။

ပြောရလျှင် ရွှေရောင်သစ်ခွသခင့်မရိန်လင်းသည် လုပိုင်ချင်ကို တစ်ခါမှ မြင်တွေ့ဖူးခြင်း မရှိခဲ့ပါချေ။

ဒါကြောင့်မို့လည်း သူမသည် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်၏ အခြေအနေကို တစ်စွန်းတစ်စမျှ မသိရှိရခြင်းဖြစ်လေသည်။

'အင်း .... လုပိုင်ချင်ဟာ ငါ့ကို ရဲမက်စခန်းထဲကနေ အဘောင်ကြီး နာကြည်းမုန်းတီးနေမှာပဲ'

ယင်းသို့ ရွှေရောင်သစ်ခွံသခင် မရိန်လင်းမှာ စိတ်မကောင်းခြင်းဖြစ်စွာ ရေရွတ်ပြောဆိုပြီးနောက် သက်ပြင်းလေးကြီး တစ်ချက် ချလိုက်မိလေလည်။

သည့်နောက် သူမသည် ကျောက်ခင်းစင်္ကြံလမ်းအတိုင်း ပန်းဥယျာဉ်ရှေ့ခြမ်းရှိ ရွှေရောင်သစ်ခွံများ အစီအရီ ချိန်ဆွဲ စိုက်မျိုးထားသောနေရာသို့ လှုပ်လီလှုပ်လဲ့ လျှောက်လှမ်း သွားလေသည်။

သို့ဖြင့် သူမ ရွှေရောင်သစ်ခွံအတန်းကြားသို့ ဝင်ရောက် သောအခါ....

'ဟင်'

လုံးဝ မထင်မှတ်သောမြင်ကွင်းကို ရွှေရောင်သစ်ခွံသခင် မရိန်လင်း လှမ်းမြင်တွေ့ရပြီး မျက်လုံးမျက်ဆန်ပြူးကျယ်ကာ သူမနှုတ်မှ ဟင်ဟူသော အာမေဋိတ်သံအား ကျယ်ကျယ် လောင်လောင် ရေရွတ်မိလိုက်လေသည်။

ပြီး သူမသည် လျှောက်လှမ်းနေသော ခြေအစုံကိုလည်း ရှေ့တွင် မြွေဆိုးတစ်ကောင် ကြုံတွေ့ရသည့်အလား တုန့်ခနဲ ရပ်ဆိုင်းသွားရလေသည်။

အကြောင်းဟူမူ....

ရွှေရောင်သစ်ခွံသခင်မရိန်လင်းသည် ရှေ့မလှမ်းမကမ်းရှိ ကျောက်လမ်း အလယ်တည့်တည့်တွင် မျက်နှာတစ်ပြင်လုံးရှိ



အနီ အနက် ဝါ ဆေးမင်ကြောင်များ ရေးခြစ်၍ ကြောက် မက်ဖွယ်ကောင်းအောင် ရုပ်ဖျက်ထားသော လူ့ဘီလူးကြီး တစ်ကောင် လက်ပိုက်ရပ်လျက် ရှိနေသည်ကို ရုတ်တရက် ကြုံတွေ့ရပြီး အံ့သြထိတ်လန့်သွားရခြင်း ဖြစ်လေသည်။

သည်တွင် ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးက ရယ် သွမ်းသွေးလိုက်ရင်း....

'ဟင်း....ဟင်း....ဟင်း မင်းကလေး သိပ်တုန်လှုပ်ချောက် ချားသွားသလား'

ပြက်ရယ်ပြု လှမ်းမေးလာသဖြင့် တုန်လှုပ်ချောက်ချားနေ ရသော ရွှေရောင်သစ်ခွံသခင် မရိန်လင်းမှာ သတိဝင်လာ ရပြီး....

'ရှင်....ရှင်... ဘယ်သူလဲ၊ ဘာ....ဘာလို့ ခြံထဲ ခိုးကြောင် ခိုးဝှက် ဝင်လာရတာလဲ'

တုန်ယင်ထစ်ငေါ့သံဖြင့် လှမ်းမေးလိုက်လေသည်။

ထိုအခါ ဆေးမင်ကြောင်ကျား လူ့ဘီလူးက ညာလက် ဝါးဖြင့် ကြိုးတိုးကြဲတဲ ပေါက်ရောက်နေသော မုတ်ဆိတ်ကို တစ်ချက်ဖွဲ့ ယမ်းပွတ်သပ်လိုက်ရင်း....

'ဟဲ....ဟဲ ကျုပ်က ရွှေရောင်သစ်ခွံသခင်မရဲ့ ဖိတ်ခေါ် ထားတဲ့ ဧည့်သည်မဟုတ်တော့ ခိုးကြောင်ခိုးဝှက် ဝင်လာရ တာပေါ့၊ ဘာကြောင့် ဝင်လာရတာလဲဆိုတော့ မင်းကို

သတ်ဖြတ်ဖို့၊ ငါ အခုလိုရောက်လာရတာပဲ၊ ကဲ....နောက် ဘာသိချင်သေးလဲ'

'ဟင်....ရှင်....ရှင် ကျွန်မကိုသတ်မလို့'

ချောက်ချားတုန်လှုပ်သံဖြင့် ရွှေရောင်သစ်ခွသခင် မရိန်လင်း ရေရွတ်ပြောဆိုလိုက်မိသည်။

ထိုစဉ် ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးက အပြုံးယဲ့ယဲ့ဖြင့် ခေါင်းအသာအယာညိတ်လိုက်ရင်း....

'ဟုတ်တယ် ဟင်း ဟင်း သေရမှာ သိပ်ကြောက်သွားပြီလား'

ရွှေရောင်သစ်ခွသခင်မရိန်လင်းက တုန်တုန်ယင်ယင် လေသံဖြင့်...

'ရှင်...ရှင်နဲ့ကျွန်မ ရွေက ဘာရန်ငြိုးရှိလို့ ကျွန်မကိုသတ်ရမှာလဲ'

သည်တွင် ဆေးမင်ကြောင်ကျားလူကြီးက ပခုံးတစ်ချက်တွန့်လိုက်ရင်း....

'မင်းကို ရန်ငြိုးရှိမှ ငါသတ်ရမှာလား၊ တစ်ခြား တစ်ယောက်က ငါ့ကိုငွေပေးသတ်ခိုင်းရင်ရော သတ်လို့ မရဘူးလား'

'ဟင်....ဒါ....ဒါဆို ရှင်က ကြေးစား လူသတ်သမားပေါ့'



မေးတော့ ဆေးမင်ကြောင်ကျားလူ့ဘီလူးကြီးမှာ ခေါင်းတစ်ချက် ခါယမ်းလိုက်ရင်း....

'ငါ ကြေးစားလူသတ်သမားမဟုတ်ဘူး၊ ငါ့လွတ်မြောက်မှုအတွက် အပေးအယူလုပ်ပြီး မင်းကို ငါလာသတ်တာပဲ၊ ဒီအတွက်လဲ သူ့ဘက်က ဟင်း ဟင်း အလိုက်တသိနဲ့ ငွေလဲ ပေးတယ်ပေါ့ကွာ၊ ကဲ... မင်းနဲ့ငါ သိပ်စကားပြောဖို့ အချိန်မရဘူး၊ မင်းကို မရဏာလမ်းအမြန်ပို့မှဖြစ်တော့မယ်၊ မင်းလို ရုပ်ချောချောလေးကို ငါသတ်တော့မသတ်ရက်ပါဘူး၊ သိပ်နှမြောတယ် ဒါပေမယ့် ငါ့လွတ်မြောက်လမ်းအတွက် မင်းကို လောကားသစ် တစ်ထက်လို နင်းချေရမှာပဲ'

ထိုသို့ ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီး စကားပြောနေချိန်မှာပင် ရွှေရောင်သစ်ခွသခင်မ ရိန်လင်းမှာ ကျောခိုင်း၍ လှစ်ခနဲ ထွက်ပြေးသွားလေသည်။

ထိုအခြေအနေကို လှမ်းမြင်တွေ့ လိုက်ရသည်နှင့် ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးမှာ လျှပ်လျှပ်ရှားရှား ဖြစ်သွားရ်ပြီး....

'ဟင်....မင်းထွက်ပြေးလို့ ငါ့လက်ထဲကနေ လွတ်မယ်ထင်သလား ဟိတ်'

'ဟူး'

'ဝှစ်'

'ဘုန်း'

'အား'

'ဗြိ'

'ဟင်'

ပြောပြော ဆိုဆိုနှင့်ပင် ၊ သူ ကိုယ်ဖော့ပညာ အသုံးပြု၍ ကျောက်ခင်းလမ်းအတိုင်း ခြေကုန်သုတ် ထွက်ပြေးသွားသော ရွှေရောင်သစ်ခွသခင်မ ရီနိုလင်းနောက် ခုန်ပျံ ဖမ်းလိုက်လေသည်။

သည်တွင် ဆေးမင်ကြောင်ကျားလူ့ဘီလူး၏ညာလက်ဝါး တစ်ဖက်မှာ ရွှေရောင်သစ်ခွသခင်မရီနိုလင်း၏ ဘယ်ပုခုံး တစ်ဖက်ကို ဖမ်းဆုပ်ကိုင်မိလိုက်လေသည်။

ထိုအခိုက် ရွှေရောင်သစ်ခွသခင်မရီနိုလင်းမှာ ညည်းတွား သံတစ်ချက်ပြုရင်း ဖမ်းဆုပ်မိနေသော ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီး၏ ညာလက်ဝါးထဲမှ ကြောက်လန့်တကြားရုန်း ထွက်လေသည်။

ထိုအခါ သူမ ဆေးမင်ကြောင်ကျား ဘီလူးကြီးလက်ထဲမှ လွတ်ထွက်သွားသော်လည်း သူမ၏ရွှေရောင်ဝတ်ဝတ်စုံမှာ ဗြိ ခနဲစုတ်ပြဲထွက်သွားရပြီး နုံ့အိဖြူစင်ဖွေးနေသော သူမ၏ ဘယ် ဘက်ပခုံးတစ်ခြမ်း ပြလန်ထွက်သွားရ၏။



ထိုအချိန်တွင်....

ဆေးမင်ကြောင် လူ့ဘီလူးကြီးမှာ ရွှေရောင်သစ်ခွသခင်မ ရီနိုလင်း၏ဝတ်စုံ ဗြဲဟာကျွင်းသွားရသော တစ်ဖက်ကျောပြင် တွင် မမျှော်လင့်ပဲ မှဲ့နက်ကြီး တစ်လုံးကို လှမ်းမြင်တွေ့လိုက်ရ ပြီး သူ့နှုတ်မှအလိုလို ဟင်ဟူသော အာမေဍိတ်သံကို ရေရွတ် လိုက်မိလေ၏။

ထိုသို့ သူမင်တက်မိကာ ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာ ပင် ရွှေရောင်သစ်ခွသခင်မလေး ရီနိုလင်းမှာ တုန်လှုပ်ထိတ် လန့်စွာ အားသွန် ထွက်ပြေးသွားလေ၏။

'ဟင်....သူထွက်ပြေးသွားပြီ ငါအမြန်လိုက်မှပဲ'

ယင်းသို့ ဆေးမင်ကြောင် လူ့ဘီလူးကြီးမှာ ပန်းဥယျာဉ် မှ ဖဲကြဉ်၍ ရွှေရောင်သစ်ခွဂေဟာသို့ ခြေသုတ်သုတ်ထွက်ပြေး သွား ရွှေရောင်သစ်ခွသခင်မ ရီနိုလင်း နောက်သို့ လျှင်မြန် သောအဟုန်ဖြင့် လိုက်သွားရလေသည်။

ကိုယ်ဖော့ပညာအသုံးပြု လိုက်သွားသဖြင့် ရွှေရောင်သစ်ခွ ဂေဟာအတွင်း ရွှေရောင်သစ်ခွသခင်မ ရီနိုလင်း ဝင်ရောက် သွားပြီး မရှေးမနှောင်းပင် ဆေးမင်ကြောင် လူ့ဘီလူးကြီး ဂေဟာအတွင်းသို့ ရောက်ရှိသွား၏။

ရွှေရောင်သစ်ခွသခင်မ ရီနိုလင်းသည် ဂေဟာအပေါ်ထပ် တက်ရန် မင်းလမ်းအတိုင်း ကျွန်းလှေကားဆီသို့ ဦးတည် ပြေးလွှားသွားလေသည်။

'ဟူး'

'ဘုတ်'

'အမယ်လေး'

မမျော်လင့်ဘဲ သူမ၏ပြေးလမ်းရှေ့ဆီသို့ လူရိပ်ကြီးတစ်ရိပ် ဟူးခနဲ ပျံသန်းကျရောက်လာ ပိတ်ပင် ဟန့်တားလာမှုကြောင့် သူမလိပ်ပြာလွင့်မတတ် အော်ဟစ်မိလိုက်ပြီး သူမ၏ ပြေးလွှားနေသော ခြေလှမ်းကို ရှေ့မှ အသူချောက်နက်ကြီး တွေ့ကြုံလိုက်ရသည့် အလား တုံ့ခနဲ ရပ်တန့်သွားရလေတော့သည်။



ထိုစဉ် ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးသည် ညာလက်ဝါးထောင်ကာလိုက်ရင်း....

'မိန်းကလေး၊ မင်းမပြေးပါနဲ့တော့'

ပြောတော့ ထိပ်ထိပ်ပျာပျာဖြစ်နေရသော ရွှေရောင်သစ်ခွ သခင်မ ရိန်လှိုင်းက ကြောက်ရွံ့ တုန်လှုပ်သံဖြင့်....

'ကျွန်....ကျွန်မမပြေးရင် ရှင်က ကျွန်မကိုသတ်မှာလဲ'

'စောစောတုန်းက အခြေအနေအရဆိုရင် မင်းပြောတာ မှန်ပေမယ့် အခုတော့ မင်းစိုးရိမ်သလို မဟုတ်တော့ဘူး'

လုံးဝမထင်မှတ်ထားသောစကားကိုကြားလိုက်ရသည့်သူမက မျက်လုံးအစုံဝိုင်းကျယ်သွားရပြီး....

'ရှင် စိုးရိမ်သလို မဟုတ်တော့ဘူးဆိုတာ....'

'မင်းကို ငါရည်ရွယ်ချက်လုံးဝပြောင်းပစ်လိုက်ပြီး မသတ်တော့ဘူး'

ယင်းဆိုစကားကြောင့် သူမမှာ အံ့သြတကြီးလေသံဖြင့်....

'ဟင်....ရှင် ကျွန်မကို မသတ်တော့ဘူး ဟုတ်လား'

ဆေးမင်ကြောင်ကျားလူ့ဘီလူးကြီးက ခေါင်းတစ်ချက် ညိတ်ကာ....

'ဟုတ်ပါတယ်'

'ရှင်....ရှင် ဘာကြောင့် စိတ်ပြောင်းလဲသွားရတာလဲ'

'အကြောင်းရှိလို့'

'ဘာအကြောင်းလဲ'

'ဒါကတော့ မင်းတစ်နေ့နေ့ တစ်ချိန်ချိန် သိလာရမှာပဲ'

ဟင်းသို့ ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီး၏ မရေမရာ စကား ကြားလိုက်ရမှုကြောင့် ရွှေရောင်သစ်ခွသခင်မရိန်သင်းမှာ သက်ပြင်းမသိမသာ ချလိုက်မိ၏။

'အင်း....တစ်နေ့နေ့ တစ်ချိန်ချိန် သိလာရမယ် ဆိုတော့ ရှေ့မှာ ငါနဲ့ဘယ်လို ဆက်စပ်မှုရှိနေသလဲ သူကသာ ပုဒိုင်းလို့ ငါ့ကိုသတ်ဖို့ ရောက်လာရတာလဲ'

ကျောက်ရုပ် အဖွတ် မတုန်မလှုပ်ရပ်ရင်း သူ၏ ဦးနှောက်ထက်ဝယ် အထက်ပါ အတွေးများ ပလုံစီနေရသ၏။

သည့်တွင် ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးမှာ ဆိတ်ငြိမ်စွာရပ်နေသော ရွှေရောင်သစ်ခွသခင်မရိန်ဟင်းထံ အကြည့် ရောက်ရင်။

'ဟိတ်....မင်း ဘာတွေစဉ်းစားနေတာလဲ'

အော်ဟစ်မေးမြန်းလာမှုကြောင့် သူမ ရင်တွင်းလှိုက်မြှ တုန်လှုပ်သွားရပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ။

'ဟင်....ဩော် ဘယ်သူခိုင်းစေချက်ကြောင့် ကျွန်မကို လာသတ်ရသလဲဆိုတာ တွေးတောစဉ်းစားမိတာပါ'



ထိုအခါ ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးမှာ အပြုံး တစ်ချက်ပြုံးလိုက်ရင်း။

'ဟင်း....မင်းကိုသတ်ဖို့ လူကြီးတစ်ယောက်ဟာ စောစော က နန်းခြံထဲမှာ ပြောခဲ့သလို အပေးယူလုပ်ပြီး ခိုင်းစေခဲ့တာ ပဲ မင်းကို ဘာကြောင့် ရက်ရက်စက်စက် သတ်ခိုင်းရတယ်ဆို တာတော့ ငါထက် ကာလ ကံရှင် မင်း ပိုသိပါလိမ့်မယ်၊ ငါ အဲဒီအကြောင်းသိချင်တယ်'

မေးလိုက်တော့ ရွှေရောင်သစ်ခွသခင်မရိန်သင်းမှာ နဖူး ကြောကြောတ်၍ တစ်ချက် တွေးတောစဉ်းစားမိလိုက်သည်။

'ငါ့ကို ဘယ်သူများ ဘာအကြောင်းကြောင့် ရက်ရက် စက်စက်လုပ်ကြံဖို့ ဒီလူ့ဘီလူးကြီးကို စေလွှတ်လိုက်တာလဲ ငါ့ ကို ရန်ငြိုးထားနိုင်မယ့်သူ ဘယ်သူရှိလဲ'

ထိုသို့ သူမ ရန်ငြိုးရှိမည့်သူကို အမျိုးမျိုး တွေးတောစဉ်း စား အဖြေထုတ်လိုက်မိ၏။

သို့သော် သူမ ဦးနှောက်တစ်လုံး ထူပူသွားရသော်လည်း အဖြေက လုံးဝ လုံးဝ ပေါ်ထွက်လာခြင်း မရှိပါချေ။

သည်တွင် ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးက နဖူး ကြောတွန့်ရှုံ့၍ လေးလေးနက်နက် တွေးတောစဉ်းစားနေရ ကော ရွှေရောင်သစ်ခွသခင်မ ရိန်လင်းထံ အကြည့်စူးစိုက် ရောက်ရင်း။

'မင်း ကိုယ့်အကြောင်းကိုယ် စဉ်းစားလို့မရဘူးလား'

ဗူးစမ်းဟန်ဖြင့် လှမ်းမေးလာသော ရွှေရောင်သစ်ခွသခင်မ ရိန်လင်းမှာ ခေါင်းတစ်ချက် လေးတွဲ့စွာခါယမ်းလိုက်က၊

'ဟုတ်ပါတယ်၊ ကျွန်မ အစရှာထုတ်လို့မရ ဖြစ်နေရတယ်'

ယင်းအဖြေစကားကြောင့် ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးမှာ ခွယ်သွမ်းသွားလိုက်ပြီး၊

'ဟင်း....ဟင်း မင်းနဲ့ ဆက်စပ်နေတဲ့ အစကို ရှာထုတ်မရ ဖြစ်နေလို့ပါ ဒါပေမယ့် ဒါကို ခိုင်းစေလိုက်တဲ့လူကြီးရဲ့ အစ တစ်ခုကို မှတ်မှတ်ထင်ထင် ရှာဖွေတွေ့ခဲ့ရတယ်၊ အဲဒါ မင်းနဲ့ဆက် စပ်မှုရှိမယ့် လူများ ဖြစ်နေမလားမသိဘူး'

တဖက်က အစဖော်ထုတ်ပေးလာမည့်စကားကိုကြားလိုက် ရသော ရွှေရောင်သစ်ခွသခင်မရိန်လင်းမှာ မျက်လုံးအစုံ ဝင့် ကျယ်လာရပြီး ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးထံ စူး စိုက်ကြည့်က၊

'ဘယ်လို အစတစ်ခုလဲ ကျွန်မကို ထုတ်ဖော်ပြောပြနိုင် ဘူးလား'

စိတ်လှုပ်ရှားသဖြင့် လှမ်းမေးလိုက်တော့ ဆေးမင်ကြောင် ကျား လူ့ဘီလူးကြီးမှာ အသာအယာ ပြုံးလိုက်မိရင်း၊

'မင်းကို ထုတ်ဖော်ပြောပြချင်လို့ ငါ ရင်ဖွင့်လာတာပေါ့'



ပြောဆိုပြီးနောက် ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီး မှာ တခဏဆိတ်ငြိမ်သွားရပြီး မြက်ခင်းလွင်ပြင်ငယ်တွင်ဖြာ ညောင်းသောလေသံဖြင့် စေညွှန်းခဲ့သည့် မျက်နှာဖုံးဝတ် တောင်ထောင်မောင်းမောင်း ဝတ်စုံနက်၏ ညာလက်တစ်ဖက် တွင်ရှိ ထူးခြားမှုကို မှတ်မထင် လှမ်းမြင်တွေ့ခဲ့ရ၏၊

ယင်းထူးခြားမှုကို ရွှေရောင်သစ်ခွသခင်မရိန်လင်းထံ သူ ဖွင့်ဟပြောဖို့ သုံးဖြတ်ချက်ချလိုက်မိ၏။

စင်စစ်တော့....

ယင်း ဆေးမင်ကြောင်ကျား လူ့ဘီလူးကြီးမှာ တခြားသူ ဟုတ်ရိုးလား

တောကျားကြီး ချူးစိန်ပင်ဖြစ်၏၊

အံ့သြစရာတစ်ချက်ကောင်းနေရသည်မှာ ရွှေရောင်သစ်ခွ သခင်မရိန်လင်းကိုသတ်ဖို့ ရည်ရွယ်လာပြီးမှ တောကျားကြီး လီချူးစိန်မှာ အဘယ်အကြောင်းကြောင့် ဦးတည်ချက်ပြောင်း လဲသွားရပါသနည်း၊

ဤသည်ကိုတော့....

သည်တွင် တောကျားကြီး ချူးစိန်မှာ သူ့အဖြေကိုစောင့် ဆိုင်း ငံ့လင့်နေသော ရွှေရောင်သစ်ခွ သခင်မ ရိန်လင်းထံ အကြည့်ရောက်ပြီး....

'ငါ့ကိုသတ်ဖို့ စေညွှန်းလိုက်တဲ့လူဆီမှာ လစ်ဟာနေတဲ့ ထူးခြားမှုတစ်ခုကို ငါမှတ်မထင် ရှာဖွေတွေ့ရှိခဲ့တယ်၊ အဲဒါ ဘာထူးခြားမှုလဲဆိုတော့....'

ပြောနေရင်းက သူ့စကားကို ခေတ္တရပ်ဆစ်လိုက်ပြီးနောက် ရွှေရောင်သစ်ခွခေါ်ကာ ခန်းမတစ်ခုလုံးသို့ အကြည့်ဝေ့ကာ လှမ်းအကဲခတ်လိုက်၏။

ပြင်ပမှ စဉ်ဆက်မပြတ် တိုးဝှေ့ရောက်ရှိ တိုက်ခတ်လာနေသော လေပြည်လေညင်းကြောင့် ခန်းမကြီး၏ ပြတင်းပေါက်များတွင် အလှဆင်ဆင်ထားသည့် ရွှေရောင်ပိုးလိုက်ကာများ တဖျပ်ဖျပ်လှုပ်ရှားနေသည့် ခပ် ဆိတ်ငြိမ်ပျက်ရှိသည်ကို သူမြင်၏။

ပြီးမှ သူ့အကြည့် ရိန်လင်းထံ ပြန်လာ၍ ရွှေ့ပြောင်းရောက်ရှိလာပြီး....

'အဲဒီလူကြီးရဲ့ ညာလက်မနံဘေးမှာ လက်ပွားတစ်ခုရှိနေတာပဲ၊ ဒါဆို အဲဒီလူဟာ မင်းနဲ့ဆက်စပ်မှုရှိမရှိဆိုတာစဉ်းစားကြည့်ပေတော့'

ထိုအဖြစ်စကားကို ကြားလိုက်ရသော ရိန်လင်းမှာ ညာဘက်လက်မတွင် လက်ပွားတစ်ခုရှိနေသည့် လူတစ်ဦး၏ ရုပ်သွင်ကို သူမအာရုံထဲ လွှတ်ခနဲ ပေါ်လာပြီး အံ့ဩတုန်လှုပ်သွားရ၏။



'ဟင်....အဲ....အဲဒီလူက ရှင်....ရှင့်ကို လုပ်ကြံခိုင်းလိုက်တာလား'

အံ့ဩတုန်လှုပ်သံနှင့် မေးလာသဖြင့် ချူးစိန်က ခေါင်းဆတ်ခနဲညိတ်ပြီး....

'ဟုတ်ပါတယ်၊ အဲဒီလူ ဘယ်သူလဲ၊ ကြီးကြီးပိုင်းထဲက သေချာတယ်'

'ဟုတ်ပါတယ်၊ သူ့ရဲ့လုပ်ရပ်ကိုကျွန်မ မစဉ်းစားနိုင်အောင်ပါပဲ'

'အကျိုးရှိရဲ့ အကြောင်းရှိရမှာပေါ့၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောမပြနိုင်ဘူးလား'

'ပြောပြနိုင်ပါတယ်၊ ကျွန်မကို အဲဒီလူကြီး အကျပ်ကိုင်ပြီး လူတစ်ယောက်ကို ထောင်ကျအောင် ပရိယာယ်ဆင်ခိုင်းခဲ့ပါတယ်'

မမျှော်လင့်သောစကားကို ချူးစိန်ကြားလိုက်ရပြီး မျက်မှောင်ကြုတ်သွားကာ....

'မင်း ပရိယာယ်နဲ့ ထောင်ကျအောင်လုပ်ခဲ့တဲ့လူက ဘယ်သူလဲ'

ရွှေရောင်သစ်ခွသခင်မ ရိန်လင်းက စိတ်မကောင်းဟန်ဖြင့် တုံ့ပြန်ဖြေလာသည်မှာ....

'မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ပါ၊ အခုကျွန်မကြောင့် သူ့ထောင်ဒဏ်နှစ်နှစ် ကျခံသွားရပါပြီ'

သည်တွင် တောကျားကြီး ချူးစိန်မှာ သက်ပြင်းခပ်ယဲ့ယဲ့ ချလိုက်ပြီး....

'ဒါဆို ငါ့တိုက်ခုတုံးလုပ်ခိုင်းစေခဲ့တဲ့လူနဲ့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ဟာ ဘယ်လိုရန်ငြိုးတွေ ရှိခဲ့လဲမှမသိတာ'

'ဒါတော့ ကျွန်မ ဘယ်အင်မသိရပေမယ့် ကျွန်မဒုက္ခပေးလိုက်တဲ့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ဟာ လူကောင်းတစ်ဦးဆိုတာတော့ ကျွန်မအခုကဲခတ်သိရှိခဲ့ပါတယ်'

'မင်း မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ကို ဘယ်လိုဒုက္ခပေးခဲ့သလဲ'

မေးလာတော့ ရိန်လင်းက မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ကို မာယာထောင်ချောက်ဆင်၍ ဒုက္ခပေးခဲ့သည်ကို စိတ်မကောင်းဟန်ဖြင့် နောက်ကြောင်းလှန်ကာ ထုတ်ဖော်ပြောပြလိုက်၏။

စကားဆုံးအောင်နားထောင်ပြီးမှ ချူးစိန်က သက်ပြင်းတစ်ချက် အသာချရင်း....

'အင်း... ဒီလူမှာ မင်းကို စိတ်ထားကောင်းပြီး ကယ်တင်လိုက်ရသေးတယ်၊ ဘုမသိဘမသိ ထောင်ခုနှစ်နှစ်လဲ့ ကျခံခဲ့



ရတယ်၊ ပြီးတော့ ဒီလူကြီးက မင်းအပေါ် ရက်ရက်စက်စက် နှုတ်ပိတ်ဖို့ငါ့ကိုခိုင်းစေခဲ့တယ်၊ အဲတော်ကြောက်စရာကောင်းတဲ့ ကြီးပါလား၊ သူ ဘယ်သူ'

သိချင်စောဖြင့် တောကျားကြီးချူးစိန်က ရိန်လင်းကိုမေးလာသဖြင့်...

'သူ....သူက မြို့....မြို့တော်ဝန်မင်းပါ'

ဟု ရိန်လင်းက ဘုန်ကင်ထစ်ခေါ့သံဖြင့် တုံ့ပြန်ဖြေလာသည်။

ထိုအဖြေစအားကို ကြားလိုက်ရသော တောကျားကြီးချူးစိန်မှာ အလွန်အမင်း အံ့သြတုန်လှုပ်သွားရပြီးမှ...

'အင်း....ဒါကြောင့် ငါ့ကို အပြစ်ဒဏ်က ကွင်းလုံးကျွတ်လွတ်ပေးမယ်လို့ အာမခံပြောဆိုခဲ့တာကိုး၊ ဘာအကြောင်းကြောင့် မြို့တော်ဝန်မင်းက အဲဒီမိကျောင်းစိမ်းခေါင်းကို နာနာကြည်းကြည်း မုန်းတီးနေရတာလဲ'

'ဒါတော့ ကျွန်မ မသိဘူး'

'အင်း....ဒါဆို မင်းတို့မြို့သူဌေးကြီး ဆင်ကျူကျန်ထံက ရတနာပစ္စည်းတွေ လိမ်လည်ခိုးယူလာတယ်ဆိုတာ လီဆယ် ပိုင်ကြံကာပေါ့'

'ဟုတ်ပါတယ်'

ထိုအခိုက်မှာပင် နားပါးလျှပ်လွန်းသော တောကျားကြီး ချူးစိန်မှာ ရွှေရောင်သစ်ခွဂေဟာခြံပေါက်ဝမှ ပြန့်သွင့်လာသော မြင်းခွာသံကို ဖျတ်ခနဲ ကြားလိုက်ရသည်။

‘ဟင်’

သူ့တစ်ကိုယ်လုံး တုန်လှုပ်သွားရလေသည်။

ပြီး သူ့မျက်နှာမှာလည်း ရက်စက်ကြမ်းကြုတ်တော့မည့် အရိပ်အယောင်များ ရုတ်ခြည်း ဆိုင်းထင်လာရလေသည်။

နောက် တောကျားကြီးချူးစိန်သည် ရွှေရောင်သစ်ခွ သခင်မရိန်လင်းထံ ဒေါသရောင် တဝင်းဝင်းလက်နေသည့် မျက်လုံးရဲကြီးဖြင့် စူးစိုက်ကြည့်ရင်း....

‘အေး...မင်းဆီက ငါသိချင်တာတွေ သိရပြီ၊ ဒီတော့ ငါ့တာဝန်အရ မင်းကို နှုတ်ပိတ်သတ်ရတော့မှာပဲ’

ရုတ်ခြည်း ကြောက်မက်ဖွယ်ရာ ပြောင်းလဲသွားရသော တောကျားကြီးချူးစိန် အခြေအနေကို လှမ်းမြင်တွေ့လိုက်ရသည့် ရွှေရောင်သစ်ခွသခင်မရိန်လင်းမှာ အံ့သြတုန်လှုပ်သွားရပြီး....

‘ရှင်....ရှင် ကျွန်မကို မသတ်တော့ဘူးဆို’

‘ငါမသိဘူး၊ အခု ငါသိတာ ငါ့သခင်ကြီး ခိုင်းစေတဲ့အတိုင်း ငါ သတ်ပစ်ရမှာပဲ၊ ကဲ....’



‘ဝုန်’

‘ဒုတ်’

‘အွန့်’

‘ဘုန်း’

ပြောပြောဆိုဆိုခင်ပင် တောကျားကြီးချူးစိန်မှာ ညာလက်သီးထိပ်ဖြင့် ရွှေရောင်သစ်ခွသခင်မရိန်လင်း၏ ပျော့ခွေကြောကို ရုတ်ခနဲ ခုန်ပျံ့ဘိုးပိုက်လေသည်။

ထို့ကြောင့် လုံးဝ ကာကွယ်နိုင်ခြင်း မရှိသောကြောင့် မရိန်လင်းမှာ နာကျ ညည်းညူသံ တစ်ချက်ပြုရင်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သည့်နှယ် လဲကျသွားရလေသည်။

‘ဟား....ဟား....ဟား ရိန်လင်း ငါလို ဒုစရိုက်သမားကြီး တစ်ယောက်မှာ သနားကြင်နာမှု စာနာမှုဆိုတာ မရှိဘူး၊ ငါ လွတ်မြောက်ဖို့နဲ့ ငါ ငြိမ်းချမ်းပျော်ရွှင်ဖို့ အဓိကပဲ’

ဟားတိုက် ရယ်မောပြောဆိုရင်း ကြမ်းခင်းပေါ်ဝယ် လဲလျောင်းနေသော မရိန်လင်းထံပါး တောကျားကြီးချူးစိန် ချဉ်းကပ်ရောက်ရှိသွားလေသည်။

အနားရောက်သော့ တောကျားကြီးချူးစိန်မှာ ရွှေရောင်သစ်ခွသခင်မရိန်လင်းအနား ဒူးထောက် ထိုင်ချလိုက်သည်။

နောက် သူ့ထံ အသနားခံသော မျက်နှာငယ်လေးနှင့် လှမ်းကြည့်နေသည့် မရိန်လင်း၏ ခေါင်းဖျားကို သူဘယ်လက်ဝါးဖြင့် ဖမ်းဆုပ်ညှစ်ကိုင်လေသည်။

'အား'

နာကြည်းသံတစ်ချက်ပြုရင်း သူမ၏ နှုတ်ခမ်းနှစ်လွှာကို အဟောင်းသား လွှာဟသွားရလေသည်။

ထိုအချိန်တွင်မူ....

ရွှေရောင်သစ်ခွသခင်မရိန်လင်းမှာ တောကျားကြီးချူးစိန်၏ ပြုသမျှ နုရမည့်ဘဝသို့ ရောက်ရှိလာရလေသည်။

ထိုစဉ် တောကျားကြီးချူးစိန်မှာ ညာလက်ထဲ အသင့်ရှိနေသော အညိုရောင်ဆေးလုံးတစ်လုံးကို သူဘယ်လက်ဖြင့် အတင်းဟထားသည့် မရိန်လင်း၏ပါးစပ်ထဲသို့ ပစ်သွင်းလိုက်လေသည်။

'အူး....ဟူး... ဖူး'

သူမလည်ချောင်းထဲတွင် ဆေးလုံးတစ်ဆို့နေသဖြင့် သူမမှာ တအူအူ တဟူးဟူး ဖြစ်နေရလေသည်။

ထိုအခိုက် ချူးစိန်မှာ ညာလက်ညှိုးဖြင့် လည်မျိုအကြောတစ်ခုကို ဆတ်ခနဲ ထိုးဆောက်လိုက်လေသည်။



'ဒုတ်'

'ဂလွတ်'

ထိုသို့ တောကျားကြီးချူးစိန်၏ ညာလက်ညှိုးထိုးဆောက်လိုက်မှုကြောင့် ရွှေရောင်သစ်ခွသခင်မ ရိန်လင်းမှာ တစ်ဆို့နေသောဆေးလုံးကို ဂွတ်ခနဲ မျိုချမိလေတော့သည်။

## အခန်း (၁၁)

## ဝိညာဉ်ခြေမိစ္ဆာများအဆိပ်

ရွှေရောင်သစ်ခွ သခင်မရိန်လင်း၏ပမ်းတွင်းသို့ ဆေးလုံးဝင်ရောက်ပြီး ကစ်ခဏမှာပင် သူမမျက်လုံးအစုံပြူးကျယ် ဝိုင်းစက်လာပြီး....

'အ....အား'

'ဘုန်း'

ဘူးရှနကျင်စွာ ညည်းတွားရေရွတ်ရင်း သူမ အကြောတစ်ချက်ငင်ရင်း ငြိမ်သက်သွားရလေသည်။

ထိုအခြေအနေကို တောကျားကြီး၊ချူးစိန် လှမ်းမြင်တွေ့ရပြီး....

'ရိန်လင်း မင်းတမလွန်ဘဝမှာ သွားနေလိုက်ဦးပေါ့'



ရေရွတ်ပြောဆိုပြီးနောက် သူ မတ်တပ် ပြန်ရပ်လိုက်ခဲ့လသည်၊ ထိုစဉ်မှာပင် ရွှေရောင်သစ်ခွ သခင်မ ရိန်လင်း၏ မျက်နှာတဖြည်းဖြည်းအညိုရိပ် သန်းလာ၏။

ထိုအခိုက် တောကျားကြီး ချူးစိန့်သည် ရွှေရောင်သစ်ခွဂေဟာအတွင်းပေါက်မှာ ရွှေ့လျားလာသော ခြေသံသဲ့သဲ့ ဖျတ်ခနဲကြားရ၏။

ဒါကြောင့် တောကျားကြီးချူးစိန်၏အကြည့် ရွှေရောင်သစ်ခွဂေဟာ တံခါးပေါက်ဆီသို့ လျှင်မြန်စွာ ရွှေ့လျားရောက်ရှိသွား၏။

ထိုအခါ တံခါးပေါက်ဝဆီမှ သူ့ထံသို့ တရွေ့ရွေ့ ဦးတည်လျှောက်လှမ်းလာသော သူတစ်ယောက်ကို သူလှမ်းမြင်လိုက်ရပြီး....

'ဟင်....သခင်ကြီးပါလား၊ လက်စသတ်တော့ သူ ငါ့နောက်ကို နောက်ယောင်ခံ လိုက်ခနေတာပဲကိုး၊ ဟူး....ငါ သူရောက်မလာခင် ရိန်ထင်းကို ရှင်းလင်းပြီးသွားလို့'

ထိုသို့သူ့စိတ်ထဲ ရေရွတ်ပြောဆိုမိလိုက်၏၊ ဟုတ်ပါသည်၊

သူ့ထံဆီသို့ ဂေဟာခန်းမခင်းလမ်းအတိုင်း တရွေ့ရွေ့ ဦးတည်လာနေသူမှာ သူ့ကိုခိုင်းခဲ့သော သခင်ကြီးဆိုသူ မျက်နှာဖုံးတပ် ညာလက်ပွားနှင့် ပတ်စိုးနက်ပင်ဖြစ်၏။

ပြောရမည်ဆိုလျှင်....

ရုပ်ဖုံးကွယ်ထားသော မြို့ဝန်မင်းထိုက်ချိမှာ သူခိုးစေမှုကို ခေါ်းပြတောကျားကြီး ချူးစိန်ကျော့ပွန်အောင် လုပ်ဆောင်မှုရှိမရှိ နောက်ယောင်ခံလိုက်လာခြင်းဖြစ်သည်။

အနားရောက်လာတော့ မြို့ဝန်မင်းထိုက်ချိမှာ ကြမ်းပြင်ပေါ်တွင် ငြိမ်သက်စွာလဲကျနေသော ရွှေရောင်သစ်ခွသခင်မ ရိန်လင်းယံ လှမ်းအကဲခတ်ကြည့်ရှုလိုက်၏။

ထိုအခါ....

မျက်နှာညှိုးရောင်သန်းနေသော ရွှေရောင်သစ်ခွသခင်မ ရိန်လင်းအခြေအနေကို မြို့ဝန်မင်းထိုက်ချိ လှမ်းအကဲခတ်မိလိုက်ရပြီး....

'အင်း....ရိန်လင်းတစ်ယောက်တော့ တမလွန်မှာနောင်တ အကြီးအကျယ်ရနေလောက်နေပြီထင်ပါရဲ့ တောကျားကြီး'

ကျေနပ်သဘောကျသံဖြင့် သူ့ထံလှမ်းစကားဆိုလာသဖြင့် တောကျားကြီး ချူးစိန်မှာ ဦးတစ်ချက်ညွှတ်ကာ....

'ဟုတ်ပါတယ် သခင်ကြီး၊ ကဲ....သခင်ကြီး ခိုင်းစေတဲ့အတိုင်း ကျွန်တော်မျိုးတာဝန်ကျေပါပြီ ကျွန်တော် ရိန်လင်းအလောင်းကို ဘယ်လိုလုပ်ရမလဲ'



လှမ်းမေးလိုက်တော့ မြို့ဝန်မင်းထိုက်ချိမှာခေါင်းအသာညိတ်လိုက်ပြီး....

'အင်း....တောကျားကြီး ငါ့မှာရထားလုံးပါလာပါတယ် ဂေဟာရှေ့မှာရပ်ထားခဲ့တယ်၊ အဲဒါကို မင်းသွားယူချ၊ ပြီးရင် ရိန်လင်းရုပ်အလောင်းကို မြို့ပြင်ထုတ်ပြီး ဖျောက်ဖျက်ပစ်လိုက်၊ ပြီးရင်တောကျားကြီး ငါ့ဆီပြန်လာခဲ့ မင်းတစ်သက်ရှင်းနှီးစားနိုင်အောင် ရတနာပစ္စည်းတွေသုတ်ပေးလိုက်မယ်'

ချီးမြှင့်မည့်စကား ကြားလိုက်ရသဖြင့် တောကျားကြီး ချူးစိန်၏ရင်ထဲ အခိပ္ပာယ်ပါဝါပြုံးမိလိုက်သည်။

ပြီး သူကပျာကယာ ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ ဒါဆိုသခင်ကြီးပြန်ဖို့ ကခရာ'

မေးလိုက်ရာ မြို့ဝန်မင်း သုံ့ကိချိက....

'တောကျားကြီး ဒီကိုဘာနဲ့လာသလဲ'

'မြင်းနဲ့ပါ'

'ဟုတ်ပြီ တောကျားကြီးရဲ့မြင်း ဘယ်မှာထားခဲ့သလဲ'

'ဂေဟာရဲ့နေ့ မြေကွက်လပ်ထဲက ချုံကြီးတစ်ခုနောက်ကွယ်မှာပါသခင်ကြီး ကျွန်တော်မျိုးရဲ့မြင်းယူသွားပါ'

'ဟင်း.... ဟင်း ယူသွားချင်လို့လဲ ထောကျားကြီးရဲ့မြင်း ဘယ်မှ ထားခဲ့သလဲဆိုတာ တကူးတက မေးမြန်းနေတာပေါ့'

'ဒါဆို ကျုပ်တော်မျိုး ရထားလုံးကိုသွားယူလိုက်ဦးမယ်'

'အေး....ငါလဲ အတူလိုက်ခဲ့မယ် ၊ရိန်လင်းရဲ့ရုပ်အလောင်း ကို လက်စမပေါ်အောင် သေသေချာချာ ဖျောက်ဖျက်ပစ် လိုက်ပါ'

'စိတ်ချပါ သခင်ကြီး'

'လာ....ဒါဆို သွားကြစို့'

'ဟုတ်ကဲ့ သခင်ကြီး'

ထို့နောက် ရုပ်ဖျက်ဖုံးကွယ်ထားသော မြို့ဝန်မင်းထိုက်ချို နှင့် ထောကျားကြီးချူးစိန်တို့ ရွှေရောင်သစ်ခွ ဂေဟာထဲမှ ကျောခိုင်းထွက်လာခဲ့ကြလေသည်။

ထိုအတူ ရွှေရောင်သစ်ခွဂေဟာခန်းမထဲ၌ ဝိညာဉ်ကင်း မဲ့နေသော မရိန်လင်းတစ်ယောက်က ကြွင်းကျန်ရစ်ခဲ့လေ သည်။

ကွမ်းတစ်ယာညက်ခန့်ပင် မကြာလိုက်ပါချေ။

'ခွပ်ခွပ်... ကျွီ....ကျွီ'



ရထားလုံးတစ်စင်း ရွှေရောင်သစ်ခွဂေဟာ ဆင်ဝင်အောက် သို့ ထိုးဆိုက်လာလေသည်။

စင်စစ်တော့ ယင်းရထားလုံးမှာ ထောကျားကြီးချူးစိန် မောင်းနှင်လာသောရထားလုံး ဖြစ်သည်။

ချူးစိန်သည် ရထားလုံးမှ လွှားခနဲ ခုန်ပျံဆင်းလာပြီး ရွှေရောင်သစ်ခွဂေဟာသို့ သွက်လက်လျင်မြန်စွာ ပြေးတက် လာလေသည်။

သူ၏လှုပ်ရှားမှု ရေးကြီးသုတ်ပြာနိုင်နေသည်။ ရွှေရောင် သစ်ခွဂေဟာ အတွင်းရောက်တော့ ချူးစိန်မှာ မရိန်လင်း ရှိရာသို့ ဦးတည်ရွေ့လျားသွားလေသည်။ အနားရောက်သည် နှင့် ချူးစိန်မှာ သူ့ဝတ်စုံထဲမှ တစ်စုံတစ်ခုကို နှိုက်ထုတ်ယူ လိုက်လေသည်။

ပြီးသော် သူ့ လှုပ်ရှားမှုတစ်ခုကို အလျင်အမြန် ဆောင် ရွက်လိုက်လေသည်။

စိတ်ချရလောက်သည့် အနေအထားရောက်တော့မှ မရိန် လင်းကို ကြမ်းပြင်ပေါ်မှ ပွေ့ချီယူလိုက်လေသည်။

သူမ၏တစ်ကိုယ်လုံးမှာ အေးစက်မာကြောသလောင်ရှိနေ ရသည်။ သည်တွင်....

ချူးစိန်၏ မျက်နှာပေါ်၌ဝယ် အဓိပ္ပာယ်ဖော်မရနိုင်သော အရိပ်တစ်ရိပ် ရုတ်ခြည်း ဆိုင်းထင်လာရလေသည်။

သည်နောက် ချူးစိန်မှာ မရိန်လင်းကို သယ်မ၍ ဂေဟာ ခန်းမအတွင်းမှ တံခါးပေါက်ဆီသို့ တရွေ့ရွေ့ သယ်ဆောင်လာခဲ့လေသည်။

ဆင်ဝင်အောက်ရောက်တော့ တောကျားကြီးချူးစိန်မှာ ရထားလုံးအိမ်ပေါ်သို့ မရိန်လင်းကိုတင်လိုက်ပြီး ရထားလုံးတံခါးအား ပိတ်လိုက်လေသည်။

နောက် ချူးစိန်သည် ရွှေရောင်သစ်ခွဂေဟာ ဆင်ဝင်အောက်မှ ရထားလုံးကို မောင်းနှင်ကာ ကျောက်ခင်းလမ်းအတိုင်း ဂေဟာခြံပေါက်ဝဆီသို့ ရွေ့လျားလာခဲ့လေသည်။

သို့ဖြင့် ချူးစိန်သည် ဟူစီအင်းမြို့မြောက်ဘက်မှ ရထားလုံးတစ်စင်းဖြင့် ထွက်လာခဲ့ရာ မြို့စွန်သို့ရောက်သောအခါ မွန်းလွဲနာရီမောင်းတစ်ချက် ကျော်လွန်နေချေပြီ။

မြို့စွန်ရပ်ကွက်ရောက်သည်နှင့် ချူးစိန်မှာ ရပ်ကွက်လယ်ရှိ ဆုံရပ် စားသောက်ဆိုင်သို့ ရထားလုံးကို ထိုးရပ်လိုက်သည်။



ပြီး သူ ဆုံရပ်စားသောက်ဆိုင်အတွင်းသို့ ခပ်သုတ်သုတ် ဝင်လိုက်ပြီး စားသောက်စရာများနှင့် အရက်တို့ကို ဝယ်ယူလိုက်ကြလေသည်။

ထို့နောက် ချူးစိန်သည် ဆုံရပ်စားသောက်ဆိုင်မှ ရထားလုံးကို မောင်းနှင်ထွက်ခွာလာခဲ့လေသည်။ သူ ဟူစီအင်းမြို့အပြင်သို့ ရောက်သောအခါ နေသည် နာရီမောင်းနှစ်ချက်တီးပင် ကျော်ခဲ့ရလေသည်။

သို့ဖြင့် တောကျားကြီးချူးစိန်သည် မြို့ပြင်မြေဝါလမ်းအတိုင်း ရထားလုံးကို အရှိန်အဟုန်ပြင်းစွာဖြင့် စတင်မောင်းနှင်လာခဲ့လေသည်။

သူ့ဆန္ဒအရ ပြောရဆိုလျှင် နေမစောင်းခင် ဟူစီအင်းမြို့နှင့် အလှမ်းဝေး၍ တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိလိုခြင်းပင် ဖြစ်လေသည်။

သို့မို့ကြောင့်....

သူ ရထားလုံးတွင် အားထားသော အားကောင်းမောင်းသန် မြင်းညိုကြီးကို ဇက်ကုန်ဖွင့်၍ မောင်းနှင်နေရခြင်း ဖြစ်လေတည်။

ယင်းသို့ သူကြိုးစားမောင်းနှင်မှုကြောင့် နေမစောင်းခင် ဟူစီအင်းမြို့နှင့် အလှမ်းကွာသော တောအုပ်အလယ် လမ်းမနေရာသို့ ရောက်ရှိလာလေသည်။

ထို့စဉ်....

သူသည် ရထားလုံးကိုအရှိန်သပ်၍ လမ်းမကြီး ညာဘက်ခြမ်းရှိ အောက်ခြေရှင်းလင်းသော တောအုပ်အတွင်းသို့ ဦးလှည့်လိုက်လေသည်။

ပြီး သူရထားလုံးကို သစ်ပင်အုပ် အတွင်းကျကျသို့ ဆက်လက်မောင်းနှင်သွားပြီး သစ်ပင်ကြီးတစ်ပင် အောက်ခြေရှိ မြင်းညိုကြီးအားဇက်ကြိုးသပ် ရပ်ဆိုင်းလိုက်လေသည်။

ထို့နောက်....

သူ ရထားမောင်းနှင်သည့် နေရာမှ မြက်ခင်းပြင်ပေါ်သို့ လွှားခနဲခုန်ပျံဆင်းလိုက်လေသည်။

ပြီးလျှင် သူရထားလုံးတံခါးကိုဖွင့်၍ ရွှေရောင်သစ်ခွသခင်မရိနီလင်းကို သယ်မ၍ မြက်ခင်းပေါ် အသာချလိုက်လေသည်၊ ပြီး သူသခင်မရိနီလင်း၏ရုပ်ခန္ဓာအင်္ဂါအခြေအနေကို အကဲခတ်ကြည့်ရှုလိုက်လေသည်။

ထိုအချိန်တွင်မူ....

သခင်မရိနီလင်း၏မျက်နှာမှာ ထူးထူးခြားခြားဖင် အညိုရောင်အရိပ်များ ပျောက်ကွယ် လွင့်စဉ်သွားချေပြီ။

ပြီး သူမ၏အေးစက်စက် မာကျောကျောရှိနေသော ခန္ဓာကိုယ်မှာလည်း ပူနွေးပျော့ပျောင်းလာလေသည်၊ ယင်းအခြေ



အနေကိုတွေ့မြင်စမ်းသပ်မိလိုက်သော ဘောကျားကြီး ချူစိန်မှာ စိုးရိမ်ပူပန်မှု လျော့ပါးရ၏။

'ဟူး....ရိနီလင်းအတွက် စိုးရိမ်ပူပန်စရာ မရှိတော့ပါဘူး'

ထိုသို့ ဘောကျားကြီးချူစိန်မှာ ရိနီလင်းထံ အကြည့်စူးစိုက်ရင်း ရေရွတ်ပြောဆိုလိုက်မိလေသည်၊

ပြီးနောက် သူ ရထားလုံးထဲတွင် အသင့် ပြင်လာသော အခင်းတစ်ခုကိုယူ၍ သစ်ပင်ကြီးအောက်၌ ခင်းလိုက်လေသည်။

ပြီးလျှင် ဆုံရပ်စားသောက်ဆိုင်မှဝယ်ယူလာသော အရက်ဆိုင်က စားသောက်ဖွယ်ရာများကို အခင်းပေါ်သို့ အစီအရီခင်းကျင်းလိုက်လေသည်၊

နောက် သူ အခင်းပေါ်တွင်ထိုင်လိုက်ရင်း အရက်အိုးအဖုံးကိုဖွင့်၍ အရက်တစ်ကျိုက်မော့သောက်လိုက်သည်။

နောက် သူ တူတစ်ခုကိုကောက်ကိုင်၍ အမြည်းထုတ်ထဲမှ အမြည်းအချို့အား လှမ်းညှပ်ယူလိုက်လေသည်၊ ထို့နောက် သူ သခင်မရိနီလင်းထံပါး ချဉ်းကပ် ရောက်ရှိလာလေသည်။

ထိုစဉ်မှာပင်....

'အီး....ကျွတ်....ကျွတ်....ဟင်'

သေဆုံးသွားပြီဟုယူဆထားသော သခင်မ ရိန်လင်းမှာ ညည်းတွားသံပြုရင်း လူးလွန့်လှုပ်ရှားလာ၏။

သည့်တွင် သူမသည် မျက်လုံးအစုံ ပွင့်ဟလာပြီး တောအုပ်အတွင်းရောက်နေသည်ကို တွေ့မြင်ရကာ အံ့သြတကြီး ဖြစ်သွားရလေသည်။

ယင်းကဲ့သို့အနေကိုမြင်တွေ့လိုက်ရသော လောကျားကြီး ချူစိန်မှာ အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း....

'ရိန်လင်း တောအုပ်ထဲရောက်နေလို့ အံ့သြတကြီးဖြစ်နေသလား'

လှမ်းမေးလိုက်မှုကြောင့် သခင်မရိန်လင်းမှာ တောကျားကြီး ချူးစိန်ထံ အကြည့်ရောပါရင်း....

'ကျွန်....ကျွန်မ ရှင့်လက်ချက်နဲ့ သေသွားပြီ အောက်မေ့တာ'

ထိုအခါ တောကျားကြီးချူးစိန်မှာ ပြုံးရယ်ရင်း....

'ဟင်း....ဟင်း....တကယ် မင်းကိုအဲဒီအချိန်ကသာ တဲချင်စိတ်ရှိရင် အခုလောက်ဆိုမင်းယမမင်းကြီးဆီ အစစ်ဆေးခံနေရပြီ



ပြောဆိုရင်းက သူသည် သခင်မရိန်လင်း၏ ပိတ်ထားသော ပျော့ခွေကြောကို သူ့ညာလက်ညှိုးဖြင့် ထိုးထောက်ဖွင့်ပေးလိုက်၏။

ထိုအခါ ပျော့ခွေကြော ပြန်ပွင့်သွားသဖြင့် သခင်မ ရိန်လင်းမှာ လဲလျောင်းနေရာမှ ထထိုင်နိုင်လေတော့သည်၊

သခင်မရဝီန်လှိုင်းသည် တောကျားကြီးချူးစိန်ထံ အကြည့် ရောက်ရင်း....

'ကျွန်မ ဘယ်လိုလုပ် ဒီမြို့ပြင်တောအုပ်ထဲ ရောက်လာခဲ့ရတာလဲ'

အံ့ဩစူးစမ်းဟန်ဖြင့် လှမ်းမေးလာသဖြင့် တောကျားကြီး ချူးစိန်မှာ သူမကိုဖြစ်ပျက်ပုံ အလုံးစုံကို အားလုံး ထုတ်ဖော် ပြောလိုက်သည်။

ထိုအခါ သခင်မရဝီန်လှိုင်းမှာ အံ့ဩတုန်လှုပ်သံဖြင့်....

'ဒါဆို ဦးလေးတိုက်လိုက်တဲ့ဝိဇ္ဇာဥ်ခြေမိစ္ဆာကျားအဆိပ် ကြောင့် ကျွန်မသတိလစ်သွားတဲ့အချိန်မှာ မြို့ဝန်မင်းပေဟာ တို့ ရောက်လာတာပေါ့'

သည်တော့ တောကျားကြီး ချူးစိန်မှာ ခေါင်းဆက်ခါ ညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ သူ ငါ့နောက်ကို နောက်ယောင်ခံလိုက်လာ မှန်းသိလို့ မင်း၊ ငါ့လက်ချက်ကြောင့် သေဆုံးသွားပြီ ထင် ရအောင် မင်းကို ပျော့ခွေကြောထိုးနှိပ်ပြီး ဝိဇ္ဇာဥ်ခြေ မိစ္ဆာ များအဆိပ်ဆေးလုံးတိုက်ကျွေးခဲ့တာပေါ့၊ အဲဒီ အဆိပ်ဆေး လုံးသောက်မိတဲ့လူဟာ တစ်ရက်လုံးလုံး အသက်ရှူမှု၊ သွေး လှည့်ပတ်မှုတို့ဟာ သာမန်လူ စမ်းသပ်လို့မသိနိုင်အောင် တုံ့ နှေးသွားရတယ်'



'ဪ....'

'အေး....အဲဒီအဆိပ်မိတဲ့လူကို တစ်ရက်လုံးမှာ ဖြေဆေး မတိုက်နိုင်ဘူးဆိုရင် အသက်ဆုံးရှုံးသွားရတာပဲ၊ ဒါကြောင့် မြို့ဝန်မင်း ထွက်သွားတာနဲ့ မင်းကို ဖြေဆေးတိုက်ကျွေးခဲ့လို့ အခုလို မင်းအဆိပ်ပြေပျောက်သွားရပြီး သတိပြန်လာရတယ်၊ ကဲ ...ကဲ...မင်းလဲ ဗိုက်ဆာ နေရောပေါ့၊ ငါတို့ စားသောက် လိုက်ကြရအောင်'

'ဟုတ်ကဲ့'

သည်နောက် တောကျားကြီး ချူးစိန်နှင့်သခင်မရဝီန်လှိုင်း တို့ မျက်နှာချင်းဆိုင် ထိုင်ကြ၍ စားသောက်လိုက်ကြသည်။

သခင်မ ရဝီန်လှိုင်းမှာ ဗိုက်အလွန် ဆာလောင်နေ သဖြင့် ဟန်ခြေမဆည်နိုင်တော့ဘဲ တူအစုံကောက်ကိုင်၍သွက်သွက်လက် လက် စားသောက် လိုက်လေသည်။

ကွမ်းနှစ်ယာညက်ခန့် ကြာသွားတော့မှ စားခြင်းအမှုကို ရပ်ဆိုင်းလိုက်ပြီး သူမ၏အကြည့် တောကျားကြီး ချူးစိန်ထံ ရောက်ရင်း....

'ဦးလေး ကျွန်မကို ဘာကြောင့် အဲဒီလိုလုပ်ဆောင်ရတာ လဲ....'

စူးစမ်းဟန်နှင့် မေးလာသဖြင့် ဘောကျားကြီး ချူးစီနိက ပြုံးပြီး....

'အဲဒီလို မြို့ဝန်မင်းကြီးကို မလိမ့်တစ်ပတ် အသုံးပြုလိုက်ရသလဲဆိုတော့ ခင်းကိုသူ့လက်တွင်းက အန္တရာယ်တင်းကျပ်းဝေးရာကို ထွက်မြေးနိုင်အောင် ငါ အရဲစွန့်ကူညီပေးလိုက်တာပဲ'

ထိုအဖြေစကားကို ကြားလိုက်ရမှုကြောင့် ခွေချောင်သစ်ခွသခင်မ ရိန်လင်းမှာ ဘောကျားကြီး ချူးစီနိကို မဖော်မပြနိုင်အောင် ကျေးဇူး အထူးတင်လွန်းသော အကြည့်ဖြင့် စိုက်ကြည့်ရင်း....

'အော်....ကျွန်မကို အကြံပက်စက်ယုတ်မာတဲ့ မြို့တော်ဝန်လက်က လွတ်မြောက်အောင် ဆောင်ကြဉ်းပေးလိုက်တာကို ကျွန်မ ဦးလေးသာ ပညာသုံးပြီး မကယ်ဆယ်ခဲ့ရင် မြို့တော်ဝန်လက်ထဲက ဘယ်လိုမှ လွတ်မြောက်အောင် ထွက်ပြေးလို့ရတော့မှာမဟုတ်ပါဘူး'

'ကဲကဲ....ဒီနေရာဟာ အန္တရာယ်နဲ့ဝေးလွန်းတဲ့နေရာမဟုတ်သေးဘူး၊ စားသောက်ပြီးတာနဲ့ ရိန်လင်း ဒီရထားပုံးကိုမောင်းနှင်ပြီး ဝေးရာပြေးပေတော့၊ ဂိုစီ ဂဲချိရအောင်ရှာဖျက်သွားပါ'



သက်ပေး မှာကြားပြောဆိုလိုက်တော့ ရိန်လင်းမှာ ရိုကျိုးစွာ ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ပါ ဦးလေး၊ ဒါနဲ့ ကျွန်မရဲ့ အသက်သခင်ဖြစ်တဲ့ ဦးလေးနာမည်ကို သိခွင့်ရှိပါရစေ'

နာမည်နာမသိလိုရှိလှမ်းမေးလာသဖြင့် ချူးစိန်က အသာအယာပြုံးပြီး....

'တောကျားကြီးလို့ ရိန်လင်းသိရင် လုံလောက်ပါပြီ'

'ဟုတ်ကဲ့၊ ပြီးတော့ ဦးလေးတောကျားကြီးက ကျွန်မကိုဘာကြောင့် မြို့တော်ဝန်လက်ထဲက ရုန်းထွက်လွတ်မြောက်အောင် ကူညီပေးရတာလဲ'

ယင်းအမေးကြောင့် ချူးစိန်၏ရင်ထဲ ဆို့နစ်သွားခံစားလိုက်ရသည်။

'အင်း....ဘာကြောင့် ရိန်လင်းကို မြို့တော်ဝန်လက်ထဲက လွတ်မြောက်အောင် ကူညီရသလဲဆိုတော့ မင်းအသက်ကို မသေစေချင်လို့ပေါ့၊ ကဲ....ရော့ ဒီပစ္စည်းကိုယူသွားပါ'

ပြောဆိုရင်းက သူ့ဝတ်စုံအတွင်းမှ သူ့အား မြို့တော်ဝန် ထိုက်ချီပေးခဲ့သော ငွေထုပ်ကို နှိုက်ထုတ်ယူလိုက်သေး၏၊ ပြီး

ယင်းငွေထုပ်ကို ရွှေရောင်သစ်ခွံသခင်မ ရိန်လင်းအံလှမ်းပေး လိုက်သည်။

ထိုအခါ ရိန်လင်းက တောကျားကြီး ချူးစိန် လှမ်းပေးသော ငွေထုပ်ကို လှမ်းမယူသေးဘဲ အံ့ားတုံ့အားနာဟန် ဖြင့်....

'ဦးလေး တော့ကျားကြီးရဲ့ ဒီပစ္စည်းကို မယူပါရစေနဲ့'

ငြင်းဆန်စကားကြောင့် တောကျားကြီး ချူးစိန်မှာ မျက်မှောင်ကြုတ်သွားချေပြီ....

'ရိန်လင်း ငွေမပါဘဲ ဗင်း သူများမြို့ရွာတွေမှာ ဘယ်လိုလုပ် နေထိုင်မလဲ၊ မင်းကမိန်းမသား၊ ရေ့ယူ....အချိန်မရှိတော့ဘူး၊ ကော်ကြာ မြို့တော်ဝန်က နောက်ယောင်ခံလိုက်ချောင်းမြောင်းရင် မင်းစရာပါပါ သူ့လက်က လွတ်မြောက်တော့မှာမဟုတ်ဘူး'

အတင်းအကျပ်ပေးလာသဖြင့် သူမ ဒုတိယမွှ° မငြင်းဆန်ဝံ့တော့ဘဲ တောကျားကြီးချူးစိန်ထံမှ ငွေထုပ်ကို လှမ်းယူလိုက်သည်။

ပြီးမှ သူမ တောကျားကြီး ချူးစိန်ဆီ စိုးရိမ်မကင်းဟန်ဖြင့် လှမ်းကြည့်ရင်း....



'ဦးလေး တောကျားကြီးကတော့ သူ့ဆီကို ပြန်သွားမှာလား'

ယင်းအမေးကြောင့် တောကျားကြီးချူးစိန်က အဓိပ္ပာယ်ပါပါပြုံးပြီး....

'ဦးလေး သူ့ဆီပြန်သွားရင် မင်းလိုပဲနှုတ်ပိတ်တဲ့သူတောနဲ့ သူသတ်တာခံရမှာပေါ့'

'ဒါဆို ကျွန်မနဲ့အတူ ဦးလေးတောကျားကြီး လိုက်ခဲ့ပါလား'

ထိုအခါ တောကျားကြီး ချူးစိန်က ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း....

'အား....ဦးလေး ရိန်လင်းနဲ့အတူလိုက်ရင် ဦးလေးသေပြီလို့ ဇာတ်မြှုပ်ထားတဲ့ ရိန်လင်းကို ဖော်ထုတ်နေသလိုဖြစ်သွားမှာပေါ့၊ ကဲ....ရိန်လင်း သွားပေတော့....ဦးလေး ဒီတောအုပ်ကနေ မြို့တော်ဝန်ရဲ့အခြေအနေ စောင့်ကြည့်ရင်းပြီးမှ ခြေဦးတည့်ရာလစ်တော့မယ်'

'ဟုတ်ကဲ့'

သည့်နောက် ရွှေရောင်သစ်ခွသခင်မရိန်လင်းမှာ သေသက်သခင်ကျေးဇူးရှင် တောကျားကြီး ချူးစိန်ကို ဦးချကန်တော့လိုက်ရင်း။

'ဦးလေးနဲ့ကျွန်မ ကံမကုန်သေးရင် တစ်နေရာမှာ ပြန်ဆုံကြဦးမယ်လို့ နှုတ်ဆက်ကန်တော့ပါရဲ့စေ'

ထိုအခါ တောကျားကြီး ချူးစိန်မှာ ဦးနှိမ်ကန်တော့နေသော ရွှေရောင်သစ်ခွသခင်မရိန်လင်းကို ငေးရီကြည့်ရင်းသူ့မျက်လုံးအစုံတို့ဝယ် မျက်ရည်စများ ရစ်ဝဲအိုင်ထွန်းလာရလေသည်။

'အေး…အေး ဖင်းလိုပဲ ဦးလေးလဲ မျှော်လင့်ပါတယ်ကွယ်'

သည့်နောက် ရွှေရောင်သစ်ခွသခင်မရိန်လင်းမှာ ရထားမောင်းနှင်ရာ နေရာဆီသို့ တက်ရောက်သွားလေ၏၊

ပြီး သူမ ငေးရီနေသော တောကျားကြီး ချူးစိန်ထံ နှုတ်ဆက်သည့်အကြည့်ဖြင့် လှမ်းကြည့်ရင်း၊

'ဦးလေး ကျွန်မသွားပြီ'

လှမ်းနှုတ်ဆက်လာသော တောကျားကြီးလီချူးစိန်မှာ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး။



'အေး…အေး'

ဟု လှိုက်လှဲသံဖြင့် တုံ့ပြန်နှုတ်ဆက်လိုက်၏။

ထို့နောက်တော့…

ရွှေရောင်သစ်ခွသခင်မရိန်လင်းမှာ သစ်ပင်အုပ်အတွင်းမှ ရထားလုံးကို မောင်းနှင်၍ထွက်ခွာသွား၏၊ ထိုအခါ တောကျားကြီးချူးစိန်သည် လမ်းမကြီးပေါ်ဝယ် မောင်းနှင်ထွက်ခွာသွားသော ရွှေရောင်သစ်ခွသခင်မရိန်လင်းထံ ငေးရီကြည့်ရင်း ပင့်သက်မောကြီးတစ်ချက် ချလိုက်မိသည်။

တောကျားကြီး ချူးစိန်သည် လမ်းမကြီး အကွိုင်း တရိပ်ရိပ် ဝေးလွင့်သွားသော ရွှေရောင်သစ်ခွသခင်မရိန်လင်း၏ ရထားလုံးအရိပ်ကို မြင်ကွင်းထဲမှ လုံးဝ ပျောက်သွားသည်အထိ ငေးမျှော်ကြည့်နေမိ၏။

ပြီးမှ သူ သက်ပြင်းလေးကြီးတစ်ချက် ချလိုက်မိလေ၏၊ သူ့၏မျက်ဝန်းအစုံဝယ် မျက်ရည်စများ ရစ်သီလျက်ရှိနေလေ၏

'အေး…ငါလဲ ဒီတစ်ည တောအုပ်ထဲမှာ အိပ်စက်ပြီး နက်ဖြန် ခရီးနှင်တော့မယ်'

ယင်းသို့ တောကျားကြီးချူးစိန် ရေရွတ်ပြောဆိုပြီးနောက် တောအုပ်အတွင်းသို့ ဝင်ရောက်ခဲ့လေသည်။

အချိန်ကားနေစောင်းသွားချေပြီ။

ကောင်းကင်ပြင်၌ ပုစွန်ဆီရောင်ပြန့်လျက် လွှမ်းခြုံလျက် တောက်ပနေသည်။

ထို့နောက်တောကျားကြီး ချူးစိန်သည် နေ့အလင်းရောင် ရှိခိုက်ပင် ညဘက်မီးဖိုရန်အတွက် သစ်ပင်ကြီးအောက်၌ထင်း ခြောက်များရှာဖွေစုပုံလိုက်လေသည်။

သူထင်းခြောက်ရှာဖွေပြီးသောအခါ အမှောင်ရိပ်က ဖြန့် လျက်လွှမ်းခြုံလာသည်။

ထို့ကြောင့် သူထင်းခြောက်ပုံကို မီးရှို့လိုက်လေသည်။

ပြီး တောကျားကြီး ချူးစိန်သည် တစ်စုံတစ်ခုကိုဖျတ်ခနဲ တွေးတောစဉ်းစားမိလိုက်သည်။

ထိုအခါသစ်ပင်အောက်မှ ဖဲကြဉ်၍ တောအုပ်အတွင်းပိုင်း သို့ အလျင်အမြန်ဝင်ရောက်သွားသည်။

သိပ်မကြာလိုက်ပါချေ။

သူ တောအုပ်အတွင်းမှ ပြန်ထွက်လာသော လူတစ်ရပ် အရွယ်ရှိ ငှက်ပျောတစ်ပင်လုံး ထမ်းချလာသည်။



ပြီးနောက် သူသည် ယင်းငှက်ပျောတုံး ကိုသစ်ပင်ကြီးနားဆီ သို့ မ တင်သွားသည်။

နောက် သူသစ်ပင်ကြီးအောက်သို့ ပြန်ဆင်းလာသည်။

သည်တွင်....

အမှောင်ထုက ထူထဲစွာကြီးစိုးမင်းမူလာလေသည်။ မဟူ ရာည ကောင်းကင်ပြင်၌ ကြယ်တာရာလေးများ ထွန်းလင်း တောက်ပလျက်ရှိနေလေသည်။

သီတဂူလမင်းက ဘယ်ခရီးလွန့်နေသည်မသိ။

ဟုတ်သည်လေ။

သည်ကနေ့ည လကွယ်ညကိုး....

သို့နှင့်ညဉ့်အချိန်က တစ်စတစ်စနက်လာလေသည်။ တော အုပ်ကြီးတစ်ခုလုံး ပိုးပုရွက်ကောင်များ တစီစီအော်မြည်သံမှ လွဲ၍ ဆိတ်ငြိမ်လျက်ရှိနေလေသည်။

ထိုအချိန်မှာပင်....

လူရိပ်လေးရိပ်တို့သည် လမ်းမကြီးပေါ်မှ ဖဲကြဉ်၍ ဝါ ကြန့်ကြန့်မီးရောင် ပြန့်ထွက်နေသော တောအုပ်အတွင်းသို့

ကိုယ်ဖော့၍ ခြေသံလုံစွာဖြင့် တရွေ့ရွေ့ ချဉ်းကပ်လာကြလေသည်။

ယင်းလူရိပ်တို့မှာ ဝတ်စုံနက်တို့ကို တူညီစွာ ဝတ်ဆင်ထားကြသည်။

ကြိုး သူတို့လက်အသီးသီးမှာ ဆောင်ဓား ကိုယ်စီ ဆောင်ထားကြလေသည်။

သိပ်ခြောက်လိုက်ပါချေ။

ထိုဝတ်စုံနက်လေးဦးတို့သည် မီးတဖျစ်ဖျစ် တောက်လျက်ရှိသော သစ်ပင်ကြီး၏ မလှမ်းမကမ်းနေရာသို့ ရောက်ရှိသွားကြသည်။

သည်တွင် ထိုဝတ်စုံနက်လေးဦးတို့သည် မီးပုံမှပြန့်လွင့်လာသော မီးအလင်းရောင် သစ်ပင်ကြီးဝန်းကျင်တစ်ဝိုက်ကို အမှောင်ရိပ်အတွင်းမှ ထင်ထင်လင်းလင်း မြင်တွေ့နေရလေ၏။

ထိုစဉ် ဝတ်စုံနက်တစ်ဦးက သစ်ပင်ကြီး၏ ခွဆုံဘုံ အခင်းတစ်ခုကို ခြုံအိပ်နေသော တောကျားကြီးချူးစိန်အား မြင်တွေ့လိုက်ရပြီး....

'ဟိတ်....တောကျားကြီး၊ သစ်ခွဆုံမှာ အိပ်နေတာတွေ့ကြလား'



တီးတိုးလေသံဖြင့် သတိပေးပြောဆိုလိုက်တော့ ကျန်ဝတ်စုံနက်သုံးဦးတို့ ပြိုင်တူ ခေါင်းညိတ်ဆိုင်ကြလေသည်။

သည်တွင် အရပ်အရှည်ဆုံး ဝတ်စုံနက်တစ်ဦးက....

'ဒါဆို တောကျားကြီးကို ငါတို့ ဘယ်လိုတိုက်ခိုက်ကြမလဲ'

လှမ်းမေးလာတော့ အဖွဲ့ခေါင်းဆောင်ဟု ထင်ရသော ကာယဗလ တောင့်တင်းကြံ့ခိုင်သော ဝတ်စုံနက်က....

'သူ့ကို လက်နက်ပုန်းနဲ့ ဝိုင်းဝန်းပစ်ခွင်းကြရင် ဒီတောကျားကြီး ဘယ်ခံနိုင်မလဲ'

အကြံပေးပြောဆိုလာတော့ ကျန်ဝတ်စုံနက် သုံးဦးတို့ ထောက်ခံကြသည့်အလား ပြိုင်တူ ခေါင်းညိတ်လိုက်ရလေသည်။

သို့နောက် သူတို့လေးဦးသည် မီးပုံတဖျစ်ဖျစ်တောက်လောင်ဝင်းထိန်နေသော သစ်ပင်ကြီးအောက်သို့ သတိဝီရိယဖြင့် တရွေ့ရွေ့ လျှောက်လှမ်းသွားကြလေသည်။

သစ်ပင်ကြီးအနားရောက်သည်နှင့် ထိုဝတ်စုံနက်လေးဦးတို့မှာ ဆောင်ဓားများကို ဓားအိမ်အတွင်းသို့ အသီးသီး ပြန်သွင်းလိုက်ကြလေသည်။

ပြီးနောက် သူတို့ လက်နက်ပုန်းကိုယ်စီထုတ်ယူလိုက်ကြလေသည်။

ထို့နောက် ဝတ်စုံနက်သုံးဦးတို့သည် အဖွဲ့ခေါင်းဆောင်ဖြစ်သော ကာယဗလတောင့်တင်းကြံ့ခိုင်သူထံ အ[illegible]စုပြုံ ရောက်ရှိလာကြလေသည်။

ထိုစဉ်မှာပင်....

အဖွဲ့ခေါင်းဆောင်က လက်နက်ပုန်း ပြိုင်တူ ပစ်ခွင်းရန်အတွက် အသင့်အနေအထား ပြင်ဆင်ရန် မျက်ရိပ်ပြလိုက်လေသည်။

ထို့ကြောင့် ကျန်ဝတ်စုံနက်သုံးယောက်တို့သည် လက်နက်ပုန်းတို့ကိုပစ်ခွင်းရန် အသင့် အနေအထား ပြင်ဆင်လိုက်ကြလေသည်။

ထိုအခိုက် အဖွဲ့ခေါင်းဆောင်က သစ်ပင်ကြီးခွဆုံ၌ မလှုပ်မယှက်အိပ်မောကျနေသော တောကျားကြီး ချူးစိန့်ထံ ပစ်ခွင်းတိုက်ခိုက်ရန်အတွက် သူ့အဖွဲ့သားများအား ခေါင်းဆတ်ပြ၍ အချက်ပေးလိုက်လေသည်။

'ဝစ်....ပစ်....ဝစ်'

'ဖောက်....ဖောက်.... ဖောက်'



သူတို့ပြိုင်တူပစ်လိုက်ကြသော လက်နက်ပုန်းတို့သည် သစ်ပင်ခွဆုံရှိ အခင်းခြုံထားသော ကျားကြီးချူးစိန့်ကိုတဖောက်ဖောက်ထိမှန်ကုန်ကြ သော်လည်း နာကျင် ညည်းတွားသံပင်လုံးဝပေါ်လာခြင်းမရှိဘဲ တုန်လှုပ်ခြင်းမရှိ ဆိတ်ငြိမ်နေလေသည်။ ထိုအခြေအနေကိုလှမ်းမြင် တွေ့လိုက်ကြရသော ဝတ်စုံနက်လေးဦးတို့ အံ့အားသင့်ကုန်ကြရသည်။

တစ်ကယ်တော့....

သူတို့ ပစ်ခွင်းတိုက်ခိုက်နေကြသောခွဆုံမှ အခင်းအုပ်ထားသည့်အရာမှာ တောကျားကြီးချူးစိန့်ကိုယ်ပွား ငှက်ပျောထုံးတစ်တုံးဖြစ်နေသောကြောင့် တုန်လှုပ်မှုမရှိ ဖြစ်နေခြင်းပင်။

ထိုအခိုက်မှာပင်....

'ဝီး....ဝီး'

'ဇွပ်....ဇွပ်'

'အီး....အား'

'ဘုန်း....ဘုန်း'

'ဟင်'

'ဟာ'

မမျှော်လင့်ဘဲ နောက်ဘက်မှ ပေါက်ခေါ်ဝယ် နှစ်သက်တို့ အရှိန်အဟုန်ပျံ့ဝဲရောက်ရှိလာပြီး ဝတ်စုံနက်နှစ်ဦးတို့၏ ကျော ပြင်အသီးသီးသို့ ထိမှန်သွားကြရလေသည်။

ထို့ကြောင့် ယင်းဝတ်စုံနက်နှစ်ယောက်တို့ ခသမင်းခေါ် သုံးများနှင့်အတူ မြက်ခင်းပြင်ပေါ်သို့ပြိုလဲကျသွားရပြီး ပြိုင်တူ ဇီဝိန်ချုပ်ငြိမ်းခဲ့ရ၏။

သည်တွင် အဖွဲ့သားနှစ်ဦးတို့နောက်ကွယ်မှ အလစ်ချောင်း တိုက်ခိုက်ခံရမှုကြောင့် ကျဆုံးသွားကြသည့် ကျန်ဝတ်စုံနက် နှစ်ဦးတို့ အံ့သြတုန်လှုပ်စွာ ရေရွတ်မိလေ၏။

သည်နောက် သူတို့ဆောင်ဓားကိုယ်စီထုတ်ကြပြီး နောက် လှည့်၍ အလစ်ချောင်း တိုက်ခိုက်သောရန်သူကို ရှာဖွေကြည့်မိ ကြ၏။

ထိုအခိုက်....

'ကျွိ....ကျွိ'

'ဝေါ... ဝုန်း'



'ဟင်'

'ဟာ'

သူတို့နှစ်ဦး ရှေ့မလှမ်းမကမ်းရှိသစ်ပင်တစ်ပင်မှ သစ်ကိုင်း တစ်ကိုင်း သူ့အလိုလိုကျိုးကျလာလေတော့သည်၊

အခန်း (၁၂)

## လျှို့ဝှက်ရန်သူ

ထိုအခါ ဝတ်စုံနက်နှစ်ဦးတို့သည် သစ်ကိုင်း ကျိုးကျလာသော သစ်ပင်ကြီးပေါ်တွင် ရန်သူရှိသည်ဟုမှတ်၍ ဆောင်ခါးကိုယ်စီဖြင့် ဝင့်ကြွလျက် ထိုသစ်ပင်အနား သို့ခုန်ပျံရောက်သွားကြ၏။

အနားရောက်တော့ ထိုသစ်ပင်ကြီး၌ ရန်သူအရိပ်အခြေကိုလုံး ဝမမြင်တွေ့ရချေ။

ယင်းအခြေအနေကြောင့် သူတို့အံ့ဩ တုန်လှုပ် သွားကြလေသည်။

'ဝိုး'

'ဘုန်း'



နေ ကိ်ဘက်မီးဖိုထားသော သစ်ပင်ကြီးပေါ်မှ တစ်စုံတစ်ခု ပြုတ်ကျသံကို သူတို့ကြားလိုက်ရလေသည်၊

ဒါကြောင့်မို့ သူတို့မီးဖိုထားသော သစ်ပင်ကြီးအောက်သို့ ခုန်ပျံရောက်ရှိသွားပြန်လေသည်။

ထိုအခါ သူတို့စောစောက လက်နက်ပုန်း ဝိုင်းပစ်ခတ်ခဲ့ကြသော အခင်းခြုံထားသည့် ငှက်ပျောတုံးကြီးဖြစ်နေကြောင်း ခံပြင်းစွာသိရှိရ လေသည်။

ထိုအခါကျမှ....

သူတို့ တောကျားကြီး ချုံးစိန်၏ လှည့်ကွက်အောက်ဝယ် လှလှပပ အမိခံ ကရကြောင်း ခံပြင်းဒေါသထွက်စွာ သိရှိလိုက်လေသည်။

'တောက်....ငါတို့ဟာ တောကျားကြီး လှည့်ကွက်လုပ်တာပဲ၊ အခုဒီတောင်ကြီး ကိုယ်ယောင်ဖျောက်နေတယ်'

သူတို့အဖွဲ့ ခေါင်းဆောင် ကာယဗသံ တောင့်တင်းသူက မကျေမနပ် ရေရွတ်ပြော ဆိုလိုက်သည်။

ထိုအခိုက်မှာပင်....

နောက်ကျောဘက်မှ လှုပ်ရှားသံ တစ်ချက် သူတို့ ကြားလိုက်ရပြီး နောက်လှည့်၍ ဆောင်ခေါးကိုယ်စီဖြင့် ရင်ဆိုင်မည် အပြု....

'ဟိတ်....မင်းတို့လှုပ်ရှားမယ်မကြံနဲ့ မင်းတို့ကျောပြင်တွေမှာ ထောက်ထားတဲ့ ခါးနှစ်ချောင်းက လုံးဝ သည်းညည်းခံမှာ မဟုတ်ဘူး'

ကြိမ်းဝါးပြောဆိုမှုကြောင့် ဝတ်စုံနက်နှစ်ဦးစလုံး ကျောနောက်ဘို့၌ သေမင်းတမာန်တော် ခါးချွန်ကို ထိုးစိုက်ခံထားရသဖြင့် လုံးဝ လှုပ်ရှားခြင်းမပြုဘဲ ငြိမ်သက် နေကြရလေသည်။

တကယ်တော့ သူတို့နှစ်ယောက်စလုံး တောကျားကြီးချူးစိန်ထက် လှုပ်ရှားမှု နောက်ကျသွားရသဖြင့် ခါးထောက်ခံလိုက်ရခြင်း ဖြစ်၏။

သည်တွင် တောကျားကြီး ချူးစိန်က ခက်ထန် မာကျောသောလေသံဖြင့်....

'မင်းတို့ ငါမေးတာ မှန်မှန်ဖြေရင် ငါအသက်ချမ်းသာခွင့်ပေးမယ်၊ အခု ငါ့ကိုလုပ်ကြံဖို့ မြို့ဝန်မင်း ခိုင်းစေလိုက်တာမဟုတ်လား'



လှမ်းမေးလိုက်တော့ ဝတ်စုံနက်နှစ်ယောက်စလုံးချက်ချင်းတုံ့ပြန်မဖြေဘဲ မတုန်မလှုပ် ငြိမ်နေကြလေသည်၊ ယင်းအခြေအနေကြောင့် တောကျားကြီး ချူးစိန်မှာ မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း....

'ဪ....မင်းတို့က သခင်အတွက် အသက်စွန့်ပြီးနှုတ်လုံသွားမယ်ဆိုပါတော့ကွာ၊ ကဲကွာ'

ပြောပြောဆိုဆိုနှင့်ပင် သူတို့ကျောပြင်အသီးသီးပေါ်ဝယ်တေ့ထောက်ထားသော ဆောင်ခါးချွန်တို့ကို သူ တအားဖိစိုက်သွားလေရာ....

'အား....အား'

'ပြော....ပြောပါ့မယ်'

'မင်းတို့ဟာ အသားအနာခံရမှ ပါးစပ်ဟချင်ကြတာကိုးကဲ....ငါမေးတာပြော'

ငေါက်ငမ်းပြောဆိုလိုက်တော့ ဝတ်စုံနက်တစ်ဦးက သုန်ယင်ထစ်ငေါ့စွာ တုံ့ပြန်ပြောလာသည်မှာ၊

'ဟုတ်....ဟုတ်ပါတယ်'

တောကျားကြီးချူးစိန်က အပြုံးလဲ့လဲ့ဖြင့်။

'ဩော်...အခု မြို့ဝန်မင်းက ဘယ်မှာလဲ'

'သူ စံအိမ်တော်မှာရှိပါတယ်၊ သူချိန်းဆိုတာကို တောကျားကြီးပျက်ကွက်သို့ အခုလို မြို့ဝန်မင်းက ရှင်းလင်းသုတ်သင်ခိုင်းတာပါ'

'အေး... သူချိန်းဆိုတာကို ငါသွားတွေ့ရင်လဲ မြို့ဝန်မင်းက ငါ့ကို လုပ်ကြံသတ်ဖြတ်မှာ ကျိန်းသေတယ်၊ ဒီအတွက်ကို ကြိုရိပ်မိလို့ ငါ သွားမခံသာမတွေ့ဘဲ နေတာပဲ၊ ကဲ...မင်းတို့ စိတ်အတော်ပင်ပန်းသွားကြပြီ လာ...အရက်လေးတာလေး သောက်ပြီး ပြန်ကြပါ၊ ကျုပ်ပြောလိုက်တာကို မြို့ဝန်မင်းပြန်ပြောလိုက်ကြပါ'

'ဟုတ်...ဟုတ်ကဲ့'

သူတို့(၂)ဦး ပြိုင်တူခေါင်းညိတ်လိုက်ကြတော့၏၊ သည်နောက် တောကျားကြီးချူးစိန်သည် ဝတ်စုံနက်(၂)ဦးတို့ကို ဆောင်ဓားနှစ်ချောင်းတို့ဖြင့် ထောက်ချိန်ရင်း မီးပုံနံဘေးသို့ ခေါ်ဆောင်သွား၏။

ယင်းမီးပုံနံဘေးတွင် အရက်အိုးနှင့် အရက်ခွက်တစ်ခွက် အသင့်ရှိနေသည်၊



အရက်ခွက်မှာ ဝါးဆစ်ခွက်ဖြစ်၏။

တောကျားကြီးချူးစိန်သည် ဝတ်စုံနက်(၂)ဦးတို့ကို အရက်ငှဲ့သောက်ကြရန် လှမ်းအမိန့်ပေးလိုက်၏၊

'ကဲ...မင်းတို့ အပြန်ခရီးသန်းဆန်းသွားကြရအောင် အရက်အိုးထဲကအရက်တွေ ငှဲ့သောက်ကြ'

'ဟုတ်...ဟုတ်ကဲ့'

ထိုအခါ ဝတ်စုံနက်(၂)ဦးတို့သည် တောကျားကြီးချူးစိန်၏ အမိန့်အတိုင်း အရက်အိုးထဲမှအရက်များကို ဝါးဆစ်ခွက်ထဲ ငှဲ့လောင်းထည့်ကြ၍ တစ်ယောက်နှစ်ခွက်စီ သောက်လိုက်ကြလေ၏။

ပြီးနောက် တောကျားကြီးချူးစိန်က ဝတ်စုံနက်(၂)ဦးထံ အကြည့်ရောက်ရင်း၊

'ကိုင်း...မင်းတို့အဖွဲ့သားနှစ်ဦး အလောင်းကိုယူပြီး ဒီကနေထွက်သွားကြပေတော့'

သည်တော့ ဝတ်စုံနက်(၂)ဦးတို့သည် အဖွဲ့သားနှစ်ဦး၏ ရုပ်အလောင်းကို တစ်ယောက်စီ ပခုံးထက်တွင် ထမ်းပိုးကြ၍ တောကျားကြီးချူးစိန်အပါး ကျောခိုင်းထွက်ခွာသွားကြလေသည်။

သည်တွင် တောကျားကြီးချုံးစိန်အပြင် တခြေခြေ ကျော နိုင်းထွက်ခွာသွားကြသော ဝက်စိုနက်နှစ်ဦးတို့ကို ရပ်ကြည့် ရင်း....

'ဟင်း... ငါသာ အကြံမဦးခဲ့ရင် မင်းတို့လက်ချက်ကြောင့် အရသိ ငရဲပြည်ရောက်နေရပြီ ကောက်ကျစ်ယုတ်မာတဲ့ မြွေ တော်ဝန်ရဲ့ခြေလှမ်းကို ငါ ကြိုတွက်ဆမိပါတယ်ကွ ဟင်း... ဟင်း....ဟင်း'

ထိုသို့ သူရေရွတ်ပြောဆိုပြီးနောက် အိပ်စက်ရန်အတွက် အမှောင်ရိပ်ဆဲ၌ သစ်ပင်ကြီးတစ်ပင်ဆီသို့ ဦးတည်လျှောက် လှမ်းခဲ့လေ၏၊

ယင်းသို့ သူ လျှောက်လှမ်းလာရင်းက စောစောက အရက် တိုက်၍ ပြန်လွှတ်လိုက်သော ဝက်စိုနက်(၂)ဦးတို့အကြောင်း တွေးတောစဉ်းစားမိလိုက်၏။

'အင်း....မင်းတို့ကို ငါစေတနာရှိလို့ အရက်တိုက်လိုက်တာ မဟုတ်ဘူးဟေ့၊ မင်းတို့သောက်လိုက်တဲ့ အရက်ထဲမှာ ဝိညာဉ် ခြေမိစ္ဆာများ အဆိပ်ဆေးလုံး ကြိုခတ်ထားတယ်ကွ၊ မင်းတို့ ကိုယ် သခင်ကြီးရှေ့မှာ ခေါင်းချလိုက်အောင်လို့ ငါ ကြို တင်စီစဉ်လိုက်တာပါ ဟင်း....ဟင်း တစ်လှည့်တော့ မင်းတို့ သခင်ကြီး တုန်လှုပ်ချောက်ချားလိုက်ဦးပေါ့'



ယင်းသို့ သူရေရွတ်ပြောဆိုပြီးနောက် သစ်ပင်ကြီးပေါ် သို့ ပေါ့ပါးသွက်လက်စွာ တက်ရောက်သွားလေ၏၊ နောက် တစ်နေ့ ဝေလီဝေလင်းအချိန်တွင် သူ သည်တောအုပ်မှ စတင် ခရီးနှင်တော့မည်ဖြစ်သည်။

သို့မို့ကြောင့်....

သူ ခေတ္တအိပ်စက်အနားယူရန်အတွက် ရန်သူများ ရုတ် တရက် ရှာဖွေတွေ့နိုင်သည့်အမှောင်ထု သိပ်သည်းစွာလွှမ်း ခြုံထားသောနေရာရှိ သစ်ပင်ကြီးအပေါ်သို့ တက်ရောက်ခဲ့ ခြင်း ဖြစ်လေတော့သည်။

မြှားစင်ကြည့်လျက်ရှိသော တောင်အက်မြင်၌ နေ့ခင်းနေမှာ ကျစ်ကျစ်တောက်ပူပြင်းလျက်ရှိနေ၏။

ယခုအချိန်တွင်မူ ဆီလျှံပြည်နယ်စပ်သို့ ပေါက်ရောက်သော သေချိုင့်ခွက်ကြီး ချိုင့်ခွက်ငယ် ပြည့်လျှံနေသည့် လမ်းကြမ်းကြီးပေါ်ဝယ် ရထားလုံးတစ်စီး လှိုင်းမိသော လှေတစ်စင်းကဲ့သို့ ဘယ်ညာယိမ်းထိုးကာ ရွေ့လျားနေ၏။

စင်စစ်တော့ ယင်းရထားလုံးမှာ သာမန်ခရီးသွားရထားလုံးတစ်စင်းမဟုတ်ပါချေ။

ရာဇဝတ်သားများကို တင်ဆောင်သော အချုပ်ရထားလုံးတစ်စင်းဖြစ်၏။

သို့ဆိုလျှင်....

ထိုအချုပ်ရထားလုံးမှာ ဆီလျှံပြည်နယ်စပ်သို့ အဘယ်အကြောင်းကြောင့် ဦးတည်မောင်းနှင် နေရပါသနည်း။

အကြောင်းဟူမူ ဆီလျှံပြည်နယ်စပ်မှာ အကျဉ်းထောင်စခန်းကြီးတည်ရှိနေလေသည်။

ထို့ကြောင့် အချုပ်ရထားလုံးမှာ ထောင်ဒဏ်ချမှတ်ခံထားရသော ရာဇဝတ်သားကိုထို ဆီလျှံအကျဉ်းထောင်စခန်းသို့ ပို့ဆောင်ရန်အတွက် ဦးတည်နေခြင်းဖြစ်ပေ၏။

ဟုတ်ပါသည်။



ယင်းအချုပ်ရထားလုံးတွင် လည်ပင်းခွ ဂိတ်ဆိုင်ဘုံးပြားနှင့် ရာဇဝတ်သားတစ်ဦး လိုက်ပါလာ၏။

ထိုရာဇဝတ်သားက တခြားဟုတ်ရိုးလား။

မကြာသေးခင်က ဟူစီအင်မြို့တော်ဝန် တိုက်ခိုက်ခဲ့ဖြစ်ခဲ့ချ မှတ်ယူခံရသော ရာဇဝတ်သား မိုးကျောင်းစိမ်းဓား လုပိုင်ချင် ဖြစ်၏။

သူ့အား ဆီလျှံအကျဉ်းထောင်သို့ ပို့ဆောင်ရန်အတွက် ရဲမက်တပ်ကြပ်ကြီးဝမ်ထိန် ဦးဆောင်ခေါ်လာခြင်း ဖြစ်နေသည်။

အခု ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်မှာ ရထားလုံးကိုမောင်းနှင်နေသော တပ်ကြပ်ကြီး ဝေဖုန်းနံဘေးမှ ခမောက်ချွန်ကြီးအား ခပ်ငိုက်ငိုက်ဆောင်းလျက် ဆိတ်ငြိမ်စွာ လိုက်ပါလာ၏။

အမှန်တော့....

ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်သည် နဖူးကြောထောင်သော အောင်ကြိုးတ်လျက် တစ်စုံတစ်ခုကို အကောင်အထည်ဖော်ဖို့ ကျိတ်၍အကြံထုတ်စဉ်းစားနေခြင်းဖြစ်သည်။

ပြီး သူသည်လိုခရီးမထွက်ခင် အကြီးအကဲကြီး ၏မှာကြားလိုက်သောစကားများကို ပြန်လည်ကြားယောင်မိသည်။

'အင်း....အကြီးအကဲကြီး ငါ့ကိုမတွေ့ခင်က ငါနဲ့တူတဲ့ရှိတစ်နေရာမှာ ဇာတ်မြှုပ်ပြီး ကောင်းကောင်း နေထိုင်စားသောက်နိုင်မယ်၊ ဘာပဲဖြစ်ဖြစ် သူခိုင်းစေတဲ့အလုပ်ကို လုပ်ဆောင်ရမယ်၊ ဒီ..င်း သူခိုင်းတဲ့အလုပ်ကို ငြင်းဆန်လိုက်ရင်လဲ ငါ့နောက်ကြောင်းက အေးမှာမဟုတ်ဘူး ဟူး'

ယင်းသို့ ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်မှာ စိတ်အတွင်း၌တွေးတောရေရွတ်ပြောဆိုနေမိခြင်းဖြစ်၏၊ ထို့အတူပင်...

ရထားထိန်းလုပ်နေရသော တပ်ကြပ် ဝေဖုန်းမှာလည်း မြင်းနက်ကြီးထစ်ကောင်ကို မောင်းနှင်ရင်း သူ့အားစာတစ်စောင် လူကြုံပါးလိုက်သည့်အကြောင်း တွေးတောမိရင်းရာဇဝတ်သားမိကျောင်းစိမ်းခေါ်း ယုပိုင်ချင်ပေဖန်သုံးသပ်နေမိသည်။

'မိကျောင်းစိမ်းနှစ်ကောင် အာမခံသယ်ယူဖို့ဆော်ရေးခေါင်းဆောင်ကြီး ယွမ်တောက်ရေးပေးလိုက်ကဲ့ စာအရဆိုရင် အခုရာဇဝတ်သား မိကျောင်းစိမ်းခေါ်း လုပိုင်ချင်ဟာ လူကောင်းတစ်ယောက်ပဲ၊ အင်း....အစစအရာရာတော့ ငါသတိထားရမယ်'

သို့ဖြင့် ခရောင်းတောဆန်သော လမ်းမကြီးပေါ်ဝယ် ဘယ်ညာလူ၊လိမ့်လျက် တရွေ့ရွေ့လှုပ်ရှားနေသည့် အချပ်



ရထားလုံးမှာ အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်အုပ်ရှေ့ လမ်းမပေါ်သို့ရောက်ရှိလာ၏၊

ထိုစဉ် ဝမ်ထိန်သည် လမ်းမှနှင့်မလှမ်းမကမ်းရှိ သစ်ပင်အုပ်ဆီသို့ အကြည့်ရောက်ရင်း....

'ကိုဝေဖုန်း ကျုပ်တို့ဟိုသစ်ပင်အုပ်ထဲသွားပြီး ခဏနားရင်း နံနက်စာ စားကြရအောင်'

ပြောဆိုလာသဖြင့် ဝေဖုန်းမှာ အသံမဲ့ခေါင်းညိတ်လိုက်လေသည်။

ပြောရမည်ဆိုလျှင်....

ဝေဖုန်းသည် ဝမ်ထိန်ကိုပြောဆို ဆက်ဆံချင်သည်မဟုတ်

ဒါ့သည်ကလည်း သူ့ရင်ထဲ၌ လျှို့ဝှက် ခံစားနေရသည့်အကြောင်းရှိခံနေလေသည်။

ဤသည်ဆိုတော့....

ထိုအခိုက် ဝေဖုန်းသည် ရထားလုံးကိုလမ်းမမှ ဖဲ့ကြဉ်၍ ငြိမ်းညို့ညို့ သစ်ပင်အုပ်ဆီသို့ဦးတည်မောင်းနှင်လိုက်၏၊

သိပ်မကြာလိုက်ပါချေ။

ရဲမက်တပ်ကြပ်ခဝဖုန်း မောင်းနှင်လာသော ရထားလုံးမှာ သစ်ပင်အုပ်အစပ်သို့ ရောက်ရှိလာလေ၏။

ထိုအခါ ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်သည်ရထားလုံးပေါ်မှ အောက်သို့ လှုားခနဲခုန်ဆင်းလိုက်၏။

အောက်ရောက်တော့ ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်မှာ ရဲမက်တပ်ကြပ်ခဝဖုန်းထံ အပြည့်ရောက်ရင်း....

'ခဝဖုန်း မြင်းကိုခဏ ရထားကဖြုတ်ပြီး မြက်ခင်းပြင် လွှတ်လိုက်ပါ ကျုပ်အကျဉ်းသားကို အပြင်ထုတ်လိုက်ဦးမယ်'

အမိန့်ပေးလာသဖြင့် ခဝဖုန်းမှာ ခေါင်းတစ်ချက် ညိတ်လိုက်ကာ....

'ဟုတ်'

တိုတိုပြတ်တောင်းစွာဖြင့် တုံ့ပြန်ဖြေလိုက်၏။ သည်နောက် ဝမ်ထိန်သည် ရထားလုံးပေါ်မှ လည်ပင်းစွပ် ထိတ်တုံးပြား ခပ်ထားသော မိကျောင်းစိမ်းခေါင်းလုပိုင်ချင်ကို ခေါ်ထုတ်လိုက်သည်။

ထိုအချိန်တွင်မူ....

ခဝဖုန်းသည် မြင်းနက်ကြီးကို ရထားလုံးမှဖြုတ်၍ မြက်ခင်းထူထပ်ရာဆီသို့ နှင်လွှတ်လိုက်၏။



ထိုစဉ်ဝမ်ထိန်သည် အကျဉ်းသားမိကျောင်းစိမ်းခေါင်း လုပိုင်ချင်ကို သစ်ရွက်ခြောက်ပြည့်ထူထပ်စွာ ဖြန့်ကြဲနေသော ရှေးကျသစ်ပင်ကြီးအောက်ဆီသို့ ခေါ်ဆောင်သွား၏။

'မင်း အဲဒီမှာထိုင် ရေ့မင်း အတွက်မနက်စာရှိတယ်'

ထိုသို့ ဝမ်ထိန်သည်ပြောဆိုပြီး စက္ကူအထုပ်တစ်ထုပ်ကို သစ်ပင်ခြေရင်းတွင် ထိုင်ချနေသည့် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်အား လှမ်းပေးလိုက်၏။

ထိုအခါ၏ ရှေးဟောင်းလျှောက် မြင်းထန်စွာ ခေါင်းနှင်းလာရသည်မို့ အကျဉ်းသားမိကျောင်းစိမ်းခေါင်း လုပိုင်ချင်မှာ ဝမ်းအလွန်အမင်းဆာလောင်နေပြီဖြစ်သည်။

ဒါကြောင့်မို့ အကျဉ်းသားလုပိုင်ချင်မှာ ဘာမှ ဆွေးနွေးနိုင်တော့ဘဲ ဝမ်ထိန်လှမ်းပေးလာသော အစာထုပ်ကိုကျောကယာလှမ်းယူလိုက်၏။

ပြီးနောက် သူ သစ်ပင်ခြေရင်းတွင် ဖင်ထိုင်ချလိုက်လေသည်၊ သူ အစားထုပ်ကိုဖွင့်၍ အတွင်းမှ ပေါက်စီနှင့်အသားခြောက်ကင်တို့ကို ထုတ်ယူ၍ အငမ်းမရစားသောက်လိုက်လေသည်။

ထိုအချိန်၌ မြင်းလှန်ပြီးသော ရဲမက်တပ်ကြပ် ဝေဖုန်းမှာ မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ ကျောမှီထိုင်ရင်း အထုပ်ဖောက်၍ နံနက်စာကို စားနေ၏။

ထိုသို့စားသောက်နေရင်းက ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်၏ လှုပ်ရှားမှုကို သူ မသိမသာ တစေ့တစောင်း လှမ်းအကဲခတ် ကြည့်ရှုနေမိ၏။

ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်သည် မလှမ်းမကမ်းနေရာ၌ ရဲမက်တပ်ကြပ်ကြီးဝေဖုန်း ရှိနေသဖြင့် အကျဉ်းသားဖြစ်သူ မိကျောင်းစိမ်းခေါ်း လှုပိုင်ချင်အပေါ်းမှဖဲ့ ကြည့်၍ အခြားသစ်ပင် တစ်ပင်အောက်သို့သွားရောက်ကာ နံနက်စာကို စားသောက် လိုက်၏။

သည်တွင် နံနက်စာ စားသောက်ပြီးသွားသော တပ်ကြပ် ကြီး ဝမ်ထိန်မှာ အလေးအပေါ့ သွားချင်လာသဖြင့် ခေါင်း ဆောင် ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်ကို အသိပေး နှုတ်ဆက် ကာ သစ်ပင်အုပ်အတွင်းသို့ ခပ်သုတ်သုတ်ဝင်ရောက်သွားလေ သည်။

ထိုအခိုက်....



အခွင့်ကောင်းကို ကျိတ်၍ စောင့်ဆိုင်းနေသည့် ရဲမက်တပ် ကြပ်ကြီး ဝမ်ထိန်မှာ ဝမ်းပိုက်ပြည့်ကာ သစ်ပင်ကြီးအပင်စည် ကို ကျောမှီ၍ အိပ်ပျော်နေသည့် အကျဉ်းသား မိကျောင်း စိမ်းခေါ်းလှုပိုင်ချင်ထံ ခြေဖော့၍ တရွေ့ရွေ့ချဉ်းကပ်သွားသော် သည်။

ထိုအချိန်တွင်မူ....

အကျဉ်းသား မိကျောင်းစိမ်းမား လုပုိင်ချင်မှာ အိပ်ရေးပျက်သည်ကတစ်ကြောင်း....

ခရီးကြမ်းကို ရှည်လျားစွာ ခလောက်ဆန်ကာ နှင်လာရသည်ကတစ်ကြောင်း....

ထိုသို့ အကြောင်းကြောင်းများကြောင့် သူ ခရီးပင်ပန်းနွမ်းလျကာ ဗိုက်ပြည့်လည်နှင့် သစ်ပင်ကိုကျောမှီထိုင်ရင်းမေးရနဲ့ အိပ်ပျော်သွားရခြင်းဖြစ်၏။

ထို့ကြောင့် သူ့ထံပါးဆီသို့ ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်ခြေဖော့၍လျှောက်လှမ်းလာသည်ကို လုံးဝရိပ်စားမိခြင်းမရှိပါချေ။

ထိုအခိုက်မှာပင်....

မလှမ်းမကမ်းနေရာရှိ ချုံပုတ်အကွယ်မှ လူရိပ်တစ်ရိပ်ဘွားခနဲပေါ်လာသည်။

ထိုသည်တွင် ယင်းလူရိပ်မှာ ဝမ်ထိန်၏လှုပ်ရှားမှုကို အထိတ်တလန့်မြင်လိုက်ရသည်။

'ဟင်....ဝမ်ထိန်မိကျောင်းစိမ်းမားအနား ချဉ်းကပ်ရောက်သွားပြီ၊ မဖြစ်ဘူး'



ထိုသို့ စိုးရိမ်ကြောင့်ကြစွာဖြင့် ရေရွတ်ပြောဆိုလိုက်သူမှာ တခြားလူ မဟုတ်ပါချေ၊ ရဲမက်တပ်ကြပ်ကြီးဝေဖုန်းပင်ဖြစ်သည်။

သူသည် မရိုးသားသော အကြံအစည်ဖြင့် အကျဉ်းသား မိကျောင်းစိမ်းမား လုပိုင်ချင်အနား ချဉ်းကပ်ရောက်ရှိသွားသည်ကို သူ ကြိုတင်တွေးထင်ထားသကဲ့သို့ လှမ်းမြင်တွေ့လိုက်ရ၏။

အမှန်တော့ သူသည် ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်၏ အကြံကို ကြိုတင်ရိပ်စားမိ၍ အလေးအပင်ကို ခပ်မြန်မြန်သွားပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။

ဟော....အခု သူစိုးရိမ်ကြောင့်ကြသကဲ့သို့ ဝမ်ထိန်၏လှုပ်ရှားမှုကို လှမ်းမြင်တွေ့ရချေပြီ။

ထိုအခိုက်မှာပင် ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်သည် အသင့်ယူဆောင်လာသည့်ဆောင်ဓားဖြင့် သစ်ပင် ပင်စည်ကြီးကိုမှီ၍ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသည့် အကျဉ်းသား မိကျောင်းစိမ်းမား လုပိုင်ချင်၏ဦးခေါင်းထံ ဝေ့ယမ်း ခုတ်ပိုင်းလိုက်သည်။

'ဝိုး....'

'အမယ်လေး မြွေကြီး'

'ဟင်'

'ဒုတ်'

'ခွမ်း'

ရုတ်တရက် ရဲမက်တပ်ကြပ်ဝေဖုန်း၏ အထိတ်တလန့်အော်ဟစ်လိုက်သံကြောင့် အိပ်မောကျနေရသော အကျဉ်းသားမိကျောင်းစိမ်းခေါးလုပိုင်ချင်မှာလန့်၍နိုးထသွားရပြီး မျက်လုံးအစုံ ဖွင့်ကြည့်မိလိုက်၏။

ထို့စဉ် သူ့ထံသို့ ရဲမက်တင်ကြင်ကြီး ဝမ်ထိန်တစ်ယောက် ဆောင်ဓားဖြင့် ဝေ့ယမ်းလှုပ်ကြံလာသည်ကို မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရ၏။

ထိုအခါ မိကျောင်းစိမ်းခေါးလုပိုင်ချင်မှာ ဝင်းလက်ကျရောက်လာသော ရဲမက်တင်ကြပ်ကြီးဝမ်ထိန်၏ တိုက်ခိုက်လာသည့် ဓားချက်ကို သူ့လည်ပင်းစွပ် ထိပ်တုံးပျဉ်ပြားဖြင့်ဝေ့ယမ်းခံကာကွယ်လိုက်၏။

သည်တွင်....

ဓားချက်ထိမှန်သွားရသော အကျဉ်းသားမိကျောင်းစိမ်းခေါးလုပိုင်ချင်၏ လည်စွပ်တုံးပျဉ်ပြားမှာ တက်တက်ခွဲကာ အချပ်အနေနှင့်မှ လွတ်မြောက်သွားရ၏။



ထိုစဉ် မှန်းချက်နှင့်နှမ်းထွက်မကိုက်သွားရသော ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်မှာ ခံပြင်းဒေါသ ထောင်းခနဲထွက်သွားရလေ၏။

ဒါကြောင့် ပေါက်သည့်နဖူးမထူးခတော့သည်မို့ ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်မှာ ဆောင်ဓားဖြင့် မိကျောင်းစိမ်းခေါးလုပိုင်ချင်းထံ အပေါ်စည်းမှ ခုတ်ပိုင်းတိုက်ခိုက်လိုက်လေ၏။

'ဝှစ်'

'ဟူး'

'ဒုတ်'

သည်တွင် လုပိုင်ချင်မှာ ဘယ်ဘက်သို့ ကိုယ်တိမ်းရှောင်လိုက်သဖြင့် ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်၏ဓားချက်မှာ ပစ်မှတ်မှလွဲချော်၍ သစ်ပင်ပင်စည်ပေါ်သို့ ထိမှန်စိုက်ဝင်သွားလေသည်။

ထိုစဉ် ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်မှာ ပင်စည်ပေါ်သို့နှစ်ဝင်သွားသော ဆောင်ဓားကို အားစိုက်၍ ကပျာကယာပြန်နုတ်ယူလိုက်၏။

ထိုအခိုက် လုပိုင်ချင်းမှာ တစ်ဖက်တွင် အာရုံစူးစိုက်နေသော ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်၏ နောက်ကျောပြင်ဆီသို့ ညာခြေခုံဖြင့် မဝှံ့ယမ်းတိုက်ခိုက်လိုက်၏။

'ဟိုင်း'

'ဝိုး'

'ဘုန်း'

'အုန်း'

'ဒုတ်'

'အား'

ယင်းသို့ ညာခြေခုံ မိမိရရထိမှန်သွားရသော ရဲမက်တပ်ကြပ်ကြီး ငမ်းထိန်မှာ နောက်ကျောင်စူးရစွာ အော်ဟစ်ရင်း ရှေ့ရှိသစ်ပင်ကြီး၏ပင်စည်သို့ သူ့နဖူးဖြင့် ပြေးဝင်တိုက်မိ၏။

ပြီး သူ့ ညည်းတွားသံဒုတိယမှ ဝဲရွက်ရင်း သစ်ရွက်ခြောက်များပေါ်သို့ ပြိုလဲကျသွားရ၏။

ဒါကြောင့် ရဲမက်တပ်ကြပ်ကြီးဝမ်းထိန်ခမျာ သစ်ပင်ကြီး၏ ပင်စည်ပေါ်တွင် နက်နက်ရှိုင်းရှိုင်းစိုက်ဝင်နေသော ဆောင်ဓားကိုင် နှုတ်မယူနိုင်တော့ဘဲ လဲကျသွားရချေပြီ။

ထိုစဉ် အချုပ်နှောင်လွတ်ကင်းသွားရပြီဖြစ်သော လှိုင်ချင်မှာ ပင်စည်ပေါ်တွင် စိုက်ဝင်နေသည့်ဓားကို ဖျက်ခနဲဆွဲနှုတ်ယူလိုက်သည်။



ပြီး... ထိုဓားဖြင့် နဖူးပြင်သွေးရဲရဲ လွှမ်းခြုံနေရသော ရဲမက်တပ်ကြပ်ကြီးဝမ်းထိန်၏ ကျောပြင်ဆီသို့ ထိုးထောက်ချိန်လိုက်ပြီး လှပိုင်ချင်က ခံပြင်းဒေါသသံဖြင့်....

'ဟိတ်....ခင်ဗျား ဘာကြောင့် ကျုပ်ကို အကစ်ချောင်းလုပ်ကြံရတာလဲ'

ပေါက်ငမ်းမေးလိုက်ဘော့ ရှုံးနိမ့်နေရသောအဆင့်ရောက်နေရသည့် ရဲမက်တပ်ကြပ်ကြီးဝမ်းထိန်မှာ ရဲမက်တပ်ကြပ်ဝဖုန်းရောက်အလာကိုအချိန်ဆွဲစောင့်ဆိုင်းနေရသဖြင့် တုံ့ပြန်မဖြေခြင်းမရှိဘဲ ငြိမ်နှုတ်ပိတ်နေလိုက်၏။

အမေးကိုမဖြေဘဲ ပေပေကပ်ကပ်ရှိနေသော ရဲမက်တပ်ကြပ်ကြီး ဝမ်းထိန်အပေါ် လှပိုင်ချင်စိတ်မရှည်နိုင်တော့ဘဲ သူ့အယ်လက်ဝါးစောင်းဖြင့် ဝမ်းထိန်၏ကုတ်ပိုးကိုဖွ ယမ်းခုတ်ပိုင်းလိုက်၏။

'ကိုင်းကွာ ခေါင်းမာချင်ဦး'

'ဝိုး'

'ဖောင်း'

'အူး'

'တဲ....ကျုပ် မေးတာ ဖြေမလားမဖြေဘူးလားပြောစမ်း'

မိကျောင်းစိမ်းဓားလှဒိုင်ချင်၏ လက်ပါးစောင်းဓားချက်ကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရသော ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်မှာ ဆက်လက်ခေါင်းမမော့ရဲတော့ချေ။

ဒါကြောင့် ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်မှာ ထစ်ထစ်ငေါ့ ငေါ့ဖြစ်လေသဖြင့်....

'ကျုပ်....ကျုပ် ဖြေ....ဖြေပါ့မယ်၊ ကျုပ်ကို လူကြီး လူကြီးတစ်ယောက်က ငွေကြေး ထိုက်ထိုက်တန်တန်ပေးပြီး ခင်....ခင်ဗျားကို လုပ်ကြံသက်ဖြတ်ခိုင်းတာပါ'

'ရှပ်....ရှပ်....ရှပ်'

ထိုစဉ်မှာပင် သစ်ရွက်ခြောက်များကို နင်းကျော်ဖြတ်သန်း ရွေ့လျားလာသော ခြေသံများအား သူတို့နှစ်ဦးစလုံး အတိုင်းသား ကြားလိုက်ရလေ၏။

ထို့ကြောင့် သူတို့အကြည့် ခြေသံ ပျံ့လွင့်လာရာဆီသို့ စုပြုံကျရောက်သွားကြလေသည်။

'ဝေဖုန်း'

သူတို့ထံ ဦးတည်လျှောက်လှမ်းနေသော ရဲမက်တပ်ကြပ် ဝေဖုန်းကို လှမ်းမြင်တွေ့လိုက်ကြ၏။ သည်တွင် ရဲမက်တပ် ကြပ်ကြီးဝမ်ထိန်မှာ စစ်ကူရောက်လာသဖြင့် အားကိုးတကြီး လေသံဖြင့် ဝေဖုန်းကို လှမ်းခေါ်လိုက်သည်။



အနားရောက်လာတော့ ရဲမက်တပ်ကြပ်ကြီး ဝေဖုန်းက အဓိပ္ပာယ်ပါပါ ပြုံးရယ်လိုက်ရင်း....

'ဟင်း....ဟင်း ကိုဝမ်ထိန်၊ သူသိချင်တာကို ခင်ဗျား ဖြေလိုက်ပါ'

ထိုစကားကိုကြားလိုက်ရသော ရဲမက်တပ်ကြပ်ကြီးဝမ်ထိန် မှာ တပ်ကြပ်ဝေဖုန်းထံ နားမလည်ဟန်ဖြင့် မြူးကျယ်စွာ စိုက်ကြည့်ရင်း....

'မင်း....မင်း အကျဉ်းသားဘက်က လိုက်သွားပြီလား'

တအံ့တဩဖြစ်လေသဖြင့် လှမ်းမေးလာသောအခါ တပ်ကြပ် ဝေဖုန်းမှာ မဲ့ပြုံးပြုံး၍ ခေါင်းအသာညိတ်လိုက်ရင်း....

'ကျုပ် မှန်တဲ့ဘက်ကရပ်တည်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဒါ ကြောင့်လဲ စောစောက ခင်ဗျား အာသစ်ချောင်း လုပ်ကြံမှုကို ဟန့်တားချင်လို့ မြွမတွေ့ဘဲ တမင်အော်ဟစ်လိုက်တာပါ'

'ဟင်'

မမျှော်လင့်သော တပ်ကြပ်ဝေဖုန်းထံမှစကားကို ရဲမက် တပ်ကြပ်ကြီးဝမ်ထိန် ကြားသိလိုက်ရပြီး အလွန်အမင်းအံ့အား သင့်သွားရလေတော့သည်။

* * *

## အခန်း (၁၃)

## ကယ်တင်ရှင်ဒေဖုန်း

'ကိုင်း...ရဲမက်ကြီး ခင်ဗျားမှာ အားကိုးမရှိတော့ဘူး၊ ကျုပ်မေးတာ အမှန်အတိုင်းဖြေရင် ရဲမက်ကြီး သက်သာရာ ရလိမ့်မယ်'

ထိုသို့ မိကျောင်းစိမ်းဓားလုပိုင်ချင်က ခြိမ်းခြောက်ပြောဆိုလိုက်သောအခါ အားကိုးရာမဲ့ဖြစ်သွားရှာသည့် ရဲမက်တပ်ကြီးဝမ်ထိန်မှာ စိတ်လျော့သွားရပြီး သူ့အား ငွေပေးခိုင်းစေလာသော လူကြီးကို ထုတ်ဖော်ပြောဆိုလိုက်လေသည်၊

'ကျုပ်....ကျုပ်ကို ခိုင်း....ခိုင်းစေလာတဲ့လူကြီးဟာ တခြားလူမဟုတ်ပါဘူး၊ မြို့တော်ဝန် ရဲထိုက်ချီ'



ထောင်မှတ်သောအဖြေစကားကို ကြားလိုက်ရသော လုပိုင်ချင်မှာ အံ့သြတုန်လှုပ်စွာ ခံစားလိုက်ရပြီး ဟူစီအင်းမြို့တရားရုံးဆောင်တွင် ရွှေချောင်သစ်ခွသခင်မရှိနိုင်သလင်း၏ ထွက်ဆိုချက်တစ်ခုတည်းကိုသာ တစ်ဖက်သတ် အတည်ယူ အမိန့်ချမှတ်လိုက်သည်၊

မြို့တော်ဝန်ထိုက်ချီ၏ ရုပ်သွင်အား ပြေးမြင်ယောင်မိလိုက်လေသည်။

'အင်း....မြို့တော်ဝန်ရဲ့ နာမည်အပြည့်အစုံက ရဲထိုက်ချီကိုး၊ ဘာအကြောင်းကြောင့် သူနဲ့ငါ ရန်ငြိုးရန်စမရှိဘဲ ငါ့ကို ရက်ရက်စက်စက် ဒုက္ခပေးခဲ့ရတာလဲ'

ယင်းသို့ မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ ချက်ချင်းကြီး ကြုံဖတ်လျက် တစ်ချက် တွေးတောစဉ်းစားမိလိုက်လေ၏၊

ပြီးမှ သူ့ သက်ပြင်း မသိမသာချလိုက်ပြီးနောက် ခေါင်းငိုက်စိုက်ချထားသော ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်ထံ အကြည့်စူးစိုက်ရောက်ရင်း....

'အင်း....ရဲမက်ကြီး မြို့တော်ဝန်နဲ့ကျုပ်မှာ ရေ့ရန်ငြိုးလဲ မရှိဘဲ ဘာကြောင့် ကျုပ်ကို ကွန့်ထဲ ဆွဲသွင်းရုံမကဘူး ခင်ဗျားကိုက 'ရက်ရက်စက်စက် လုပ်ကြံခိုင်းတယ်၊ အဲဒါ ခင်ဗျားသိသလား'

ယင်းအမေးကြောင့် ရဲမက်တပ်ကြပ်ကြီးဝမ်ထိန် ဦးနှောက်ထဲ အကြံကောင်းတစ်ခု ဖျတ်ခနဲ ဝင်ရောက်လာရပြီး....

'ကျုပ်သိတာပေါ့'

'ဟာ....သိရင် ရဲမက်ကြီး ကျုပ်ကို ပြောပြစမ်းပါ'

လိုလိုချင်ချင် ဖြစ်ဟန်ရှိနေသည်ကို ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန် လှမ်းအကဲခတ်မိရပြီး....

'ကျုပ် ရင်ဖွင့်ပြောပြမယ်၊ ဒါပေမယ့် ကျုပ်နဲ့ အပေး အယူတစ်ခု လုပ်ရလိမ့်မယ်'

အပေးအယူလုပ်ဖို့စကား ပြောဆိုလာသဖြင့် မိခကျောင်း စိမ်းခေါးလုပိုင်ချင်မှာ ရဲမက်တပ်ကြပ်ကြီးဝမ်ထိန်ထံမျက်မှောင်ကြုတ် ကြည့်ကာ....

'ဘယ်လို အပေးအယူလုပ်ရမှာလဲ ရဲမက်ကြီး'

'ခင်ဗျားသိချင်တာကို ကျုပ်ဖွင့်ပြောပြရင်ခင်ဗျားကကျုပ်ကိုလုံးဝရန်မမူပဲ လွှတ်ပေးရမယ်၊ ပြီးတော့ ကျုပ်တို့နှစ်ဦးအပေါ် အပြစ်မရောက်အောင် ခင်ဗျားဆီလျှို့အကျဉ်းထောင်ကို အေးအေးဆေးဆေး လိုက်ခဲ့မယ် ဘယ့်နှယ်လဲ'

ထိုသို့ တောင်းဆိုချက် နှစ်ခုတို့ကို ကြားသိလိုက်ရသော မိခကျောင်းစိမ်းခေါးလုပိုင်ချင်မှာ နဖူးကြောထွန့်ကာလေးလေးနက်နက် တွေးတော စဉ်းစားလိုက်လေသည်။



ပြီးမှ သူ သဘောတူလက်ခံသွာဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'ကောင်းပြီလေ၊ ရဲမက်ကြီးတောင်းဆိုချက်အတိုင်း ကျုပ် သဘောတူပါတယ်'

လက်ခံသဘောတူညီချက်ကိုကြားလိုက်ရသော ရဲမက်ကြီး ဝမ်ထိန်မှာ ကျေနပ်ဝမ်းသာသွားရပြီး....

'ဟုတ်ပြီ၊ ခင်ဗျား ကတိတည်ရမယ်နော်'

ကတိတည်ရန် ပြောဆိုလာသဖြင့်မိကျောင်းစိမ်းခေါးလုပိုင် ချင်မှာ ပြုံးသွဲ့သွဲ့ ပြုံးလိုက်ရင်း....

'ဟင်း....ဟင်း.... မိခကျောင်းစိမ်းမှာ ပြောပြီးတဲ့စကား အတိုင်း ကတိတည်ပါတယ်၊ ကျုပ် ယောကျ်ားစစ်စစ် တစ် ယောက်ပဲ'

'ကောင်းပြီ ဘာ့ကြောင့် မြို့တော်ဝန်ရဲဆိုက်ချီဟာ ခင် ဗျားကို အငြိုးကြီးကြီးနဲ့ ကလဲ့စားချေနေရသလဲ ဆိုတော့ ခင်ဗျား ရန်ကျူးမြို့မှာရှိတဲ့ ရှစ်မျက်နှာကျား ရဲကျိုပွားကို ထောင်နန်းစံအောင် မြို့အုပ်မင်း ဟုကျိန်ကို အကျုပ်ကိုင် ခိုင်း စေခဲ့လို့ပဲ၊ ဒီအကြောင်းကို မြို့အုပ်မင်းက သူ့အပြစ် မကျ အောင် မြို့တော်ဝန်ရဲဆိုက်ချီထံ စာပို့ခိုလွှတ်ပြီး အကြောင်း ကြားလိုက်တယ်၊ ကဲ....ခင်ဗျားဘာသိချင်သေးလဲ'

'ဩော်....လက်စသတ်တော့ ရှစ်မျက်နှာကျားရဲ့ကျိုပွားဟာ မြို့တော်ဝန် ရဲ့ထိုက်ချိုရှဲသားဖြစ်နေတာကိုး၊ ဒါကြောင့် ရှစ်မျက်နှာကျားရဲ့ကျိုပွားဟာ ထိမ်းကွပ်လို့ မရအောင် ရန်ကျူးမြို့မှာ တရားမရှိ ဓားမရှိ ကြီးစိုး ဗိုလ်ကျနေတာကို၊ ဒါနဲ့ ရွှေရောင်သစ်ခွသခင်မလီရိန်လင်း ကိစ္စကရော'

'ပြောပြပါ့မယ်၊ ရွှေရောင်သစ်ခွသခင်မ လီရိန်လင်းဟာ ဟူစီအင်မြို့မှာ ဇိမ်နန်းဖွင့်ပြီး စီးပွားရှာနေတဲ့သူပါ၊ ပြီးတော့ မြို့သူဌေးကြီးဆင်ကျူကျန်ဟာ ဟူစီအင်မြို့မှာ မကောင်းမှုဒုစရိုက်မျိုးစုံနဲ့စီးပွားရှာနေတဲ့သူပါ၊ ဒါကိုမြို့တော်ဝန်က ထောက်ကွက်ပြုပြီး ခင်ဗျားကို မာယာထောင်ချောက် ဆင်သွားတာပဲလေ'

'အင်း....ကျုပ်လဲ မြို့တော်ဝန်ကို ရွှေရောင်သစ်ခွသခင်မရဲ့ ထွက်ဆိုချက်စကားကိုသာ အရယူပြီး တစ်ဖက်သတ် အမိန့်ချသွားတာပဲ၊ ဒါကို ကျုပ်စိတ်ထဲမှာ သံသယဝင်မိပါတယ်၊ အခုတော့ ရဲမက်ကြီး ထုတ်ဖော်ပြောလာတော့ နိုင်နိုင်လုံလုံ သိလာရတာပေါ့၊ ကဲ....ကျုပ်ပေးထားတဲ့ကတိအတိုင်းရဲမက်ကြီး ဖမ်းချုပ်ပါတော့'

ထိုသို့မိကျောင်းစိမ်းဓားလုပိုင်ချင်ပြောဆိုပြီးနောက် ရဲမက် ဝမ်ထိန်ကို ထိုးထောက်ထားသော ဓားပြန်ရုပ်သိမ်းလိုက်လေသည်။



ပြီးသော် သူ့ဓားရှည်ကို မြေပြင်ပေါ်သို့ဖုတ်ခနဲပစ်ချလိုက်ပြီးနောက် သူ့လက်နှစ်ဖက်တို့ကို ဖမ်းချုပ်ရန်အတွက် ဝမ်ထိန်ထံထိုးပေးလိုက်လေသည်။

သည်တွင် ဝမ်ထိန်မှာ တပ်ကြပ်ဝေ့ဖုန်းထံ မျက်နှာတင်း တင်းဖြင့် စိုက်ကြည့်ရင်း....

'ဟိတ် ဝေ့ဖုန်း၊ သူ့ကိုလက်နောက်ပြန်ကြိုးတုပ်ချည်လိုက်စမ်း၊ ပြီးရင် ရထားလုံးပေါ် တင်လိုက်'

ငေါက်ငမ်းအမိန့်ပေးလာသဖြင့် တပ်ကြပ်ဝေ့ဖုန်းမှာ ဦးတစ်ချက်ဆတ်ခနဲ ညွှတ်လိုက်ပြီး....

'ဟုတ်ကဲ့ ဆရာဝမ်'

တုံ့ပြန်ပြောဆိုပြီးနောက် တပ်ကြပ် ဝေ့ဖုန်းမှာ သူ့ခါးစည်းကြိုးတွင် အသင့်ရှိနေသော ကြိုးခွေကိုထုတ်ယူလိုက်လေသည်။

ထိုအခိုက်မှာပင်....

တပ်ကြပ်ဝေ့ဖုန်းမှာ မိကျောင်းစိမ်းဓားလုပိုင်ချင်၏ ဆန့်တန်းလာသော လက်နှစ်ဖက်တို့ကို ကြိုးတုပ် ချည်နှောင်ဟန်ပြုနေရင်းက....

'ဝိုး'

'ဘုန်း'

'အုန့်'

'ဘုတ်'

'ဟာ'

မှတ်မထင် တပ်ကြပ်ခဝေဖုန်းမှာ နောက်သို့ ချာခနဲလှည့်လိုက်ရင်း သူ့ညာခြေခုံဖြင့် တပ်ကြပ်ကြီး ဝမ်ထိန်၏ ရင်ဝကို ဝေ့ဝိုက် တိုက်ခိုက်လိုက်လေသည်။

ထိုအခါ မမျှော်လင့်ဘဲ တပ်ကြပ်ဝေဖုန်း၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရသဖြင့် ဝမ်ထိန်မှာ လုံးဝခုခံကာကွယ်နိုင်ခြင်း မရှိပါချေ။

သို့မို့ကြောင့်....

ညာခြေခုံကန်ချက်မိမိရရထိမှန်သွားရသော တပ်ကြပ်ကြီး ဝမ်ထိန်မှာ နောက်ကျော်ကြီးစွာ အော်ဟစ်ရင်း သစ်ပင်ကြီး ခြေရင်းဆီသို့ လွင့်စဉ်ကျရောက်သွားလေသည်။

ထိုအခြေအနေကို ကြုံတွေ့လိုက်ရသော မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ ပါးစပ်အဟောင်းသား ဖြစ်၍ အံ့သြမင်တက်မိသွားရလေသည်။



ထိုစဉ် ဝေဖုန်းမှာ သစ်ပင်ခြေရင်းသို့ လွင့်စဉ် ကျရောက်သွားသော တပ်ကြပ်ကြီး ဝမ်ထိန်ထံ ရွေ့လျားရောက်ရှိသွားပြီးနောက်....

'ယား'

'ဝိုး'

'ခွပ်'

'အု'

'ဘုန်း'

လဲကျနေရာမှ အလူးအလဲထလာသော ဝမ်ထိန်၏မျက်ဆီသို့ ဝေဖုန်းမှာ ညာခြေဖြင့် ဝှေ့ယမ်း တိုက်ခိုက်လိုက်သည်။

ထိုအခါ ကန်ချက်ထိမှန်သွားရသော ဝမ်ထိန်မှာ စူးရှစွာ အော်ဟစ်ရင်း မြေပြင်ပေါ်သို့ နောက်လန် ကျသွားလေသည်။

သည်တွင် မိကျောင်းစိမ်းဓားလုပိုင်ချင်သည် အချင်းချင်း ပြန်လည် တိုက်ခိုက်နေသော ဝေဖုန်းထံ နားမလည်နိုင်စွာ စိုက်ကြည့်ရင်း....

'ဆရာ....ဆရာ ဝေဖုန်း ဘာလို့ အချင်းချင်း တိုက်ခိုက်နေရတာလဲ၊ ကျွန်တော် ခင်ဗျားတို့နှစ်ယောက် ဒုက္ခမရောက်အောင် ကတိအတိုင်း အဖမ်းခံနေပြီပဲ'

ပြောတော့ ရဲမက်တပ်ကြပ် ဝေဖုန်းမှာ မှဲ့ပြုံး ပြုံးလိုက်ကာ....

'ဒီလူဟာ ဘုရင့်တပ်မတော်ထဲမှာရော၊ ဟိုဗျာ....လူ့မလောကထဲမှာပါ သုံးဝမရှိသင့်တဲ့ လူအစ်ယောက်ပဲ'

ခံပြင်းမုန်းတီးသံဖြင့် တုံ့ပြန်ပြောဆိုလာသဖြင့်မိကျောင်းစိမ်းခေါ် လုပိုင်ချင်မှာ မျက်မှောင်ကြုတ်သွားရပြီး....

'ဆရာဝေဖုန်း မြို့တော်ဝန်ကိုယ်တိုင်က ငွေနဲ့ပစ်ပေါက်ခိုင်းလာတော့ လက်အောက်ငယ်သားတွေ အကျင့်ပျက်ပြီး အပြစ်မဆိုသာပါဘူး'

ထိုစကားကြောင့် ဝေဖုန်းမှာ နှုတ်ခမ်းကစ်ချက် တွန့်မဲ့လိုက်ရင်း....

'ဟွန်း....ဒီလူဟာ လာဘ်စားအကျင့်ပျက်ရုံ မကပါဘူး အခု ကျုပ်သူတို့တိုက်ခိုက်တာလဲ ကျုပ်အိမ်ထောင်ရေးနဲ့ ပတ်သက်နေတယ် ခင်ဗျားကိစ္စနဲ့မဆိုင်ပါဘူး'

မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် မိကျောင်းစိမ်းခေါ် လုပိုင်ချင်မှာ မျက်လုံးအလုံးတို့ ဝင့်ကျယ်သွားရပြီး....



'ဗျာ ဆရာဝေဖုန်းအိမ်ထောင်ရေးနဲ့ ပတ်သက်နေတယ် ဟုတ်သား'

အံ့သြတကြီးလေသံဖြင့် လှမ်းမေးလိုက်မှုကြောင့် ခံပြင်းနာကြည်းရိပ်စိုင်းထင်နေရသော ဝေဖုန်းမှာ ခေါင်းဆတ်ခနဲလိုက်ပြီး....

'ဟုတ်တယ် မိကျောင်းစိမ်းခေါ်'

ထိုသို့ သူတို့နှစ်ဦး စကားအချီအချ ပြောနေစဉ်မှာပင် ခြေရင်းတွင်ပြိုလဲကျနေသော ဝမ်ထိန် အားယူ၍ ထရပ်လာလေသည်၊

ပြီး ရဲတပ်ကြပ်ကြီး ဝမ့်ထိန်မှာ အံတု၍ တိုက်ခိုက်လာသော တပ်ကြပ်ဝေဖုန်းထံ အမျက်ဒေါသထွက်သံဖြင့် အော်ငေါက်ပြောဆိုလာသည်မှာ....

'ဝေဖုန်း ကိုယ့်အထက်အရာရှိကို စော်ကားနေတာ ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ ရဲမက်ကျင့်ဝတ်အရ မင်းသိပါတယ်'

ရဲမက်စည်းကမ်းကျင့်ဝတ်နှင့် အကြပ်ကိုင် ခြိမ်းခြောက်ပြောဆိုလာသဖြင့် ဝေဖုန်းမှာ ဝမ်ထိန်ထံမျက်နှာမူလိုက်ပြီး....

'ကျုပ်ရဲမက်စည်းကမ်းကျင့်ဝတ်တွေကိုသိတာပါ နားလည်တယ် လိုက်နာတယ်၊ ခင်ဗျားကြီးသာ ဆရာတစ်ယောက်လုပ်နေပြီး ကိုယ့်တပည့်အပေါ် စည်းစောင့်သလား'

ထိုးနှက်ပြောဆိုလိုက်သော စကားကြောင့် ဝမ်ထိန်မျက်နှာသိသိသာသာ ပျက်ယွင်းသွားရလေတော့သည်။

* * *



ပြီးမှ ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်မှာ ရယ်သွမ်းသွေးလိုက်ရင်း....

'ဟင်း ဟင်း နေစမ်းပါဦး ဝေဖုန်း ငါ ဘယ်တပည့်အပေါ် စည်းမစောင့်ခဲ့လို့လဲ ပြောစမ်းပါဦးဝေဖုန်း'

မသိကျိုးကျင်ပြုပြောဆိုလိုက်သော ဝမ်ထိန်အမေးစကားကြားလိုက်ရသည်နှင့် ဝေဖုန်းမှာ ဟားတိုက် ရယ်မောလိုက်ရင်း....

'ဟား....ဟား....ဟား ခင်ဗျားကြီးဟာခင်ဗျား ခြေပုန်းခုတ်လှုပ်ရှားနေတာကို၊ ကျုပ်မသိဘူးထင်သလား'

နားကြည်း ကြေကွဲသံဖြင့် အော်ဟစ် မေးလိုက်မှု ခြင့် ဝမ်ထိန်မှာ ထိတ်ခနဲ အမူအရာပျက်မှု တုန်လှုပ်သွားရလေသည်။

ထိုအချိန်တွင်မူ ..

မိကျောင်းစိမ်းဓားလုပိုင်ချုပ်မှမှာ ရဲမက်ကြီးနှစ်ဦးတို့အချီအချပြောဆိုနေသည်ကို နဖူးရှုံ့တွန့်ရင်း စိတ်ဝင်တစားနားစိုက်ထောင်နေမိနေသည်။

ထိုစဉ်....

ဝမ်ထိန်သည် အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း....

'ဟင်း....ဟင်း....ဟင်း ဝေဖုန်း သူများမလိုမုန်းထားလို့ တွန်းတိုက်ပြောဆိုနေကြတဲ့ စကားတွေကိုနားထောင် မယုံကြည်ပါနဲ့ကွာ'

'ဟေ့လူ ကျုပ်ဟာ သူများစကားကို နားယောင် ယုံကြည်တတ်တဲ့ လူတန်းစားမဟုတ်ဘူး၊ ကျုပ် သဿယဝင်လို့နောက်ယောင်ခံလိုက်ပြီး ချောင်းမြောင်းပြီးမှ ကျုပ် မျက်စိတပ်အပ်မြင်တွေ့ခဲ့ရတာ၊ အဲဒီနေ့က ကျုပ်ရင်တွေ ပူခဲ့ရောင် ဆူပွက်ခဲ့ရတယ်ဆိုတာ ခင်ဗျားမသိဘူး'

ယင်းစကားကြောင့် ဝမ်ထိန်မှာ ပြုံးပြုံးပျာပျာဟန်နှင့်–

'ဝေဖုန်း ဘယ်သူ့ကို မျက်စိတပ်အပ်မြင်ပြီး ပြောနေတာလဲ'

အခုတိုင် ပြဇာတ်မင်းသားလို ဟန်မူရာကောင်းနေလွန်းသော ရဲမက်တပ်ကြပ်ကြီး ဝမ့်ထိန်ထံ ဝေဖုန်းမှာ ညာလက်ညှိုးငေါက်ငေါက်ထိုးညွှန်ရင်း....

'ခင်ဗျားကိုပြောနေတာဗျာ၊ ခင်ဗျားဟာ ဇသိမစောင့်တဲ့ ကျုပ်ဇနီးကွမ့်ရှိကို ငွေနဲ့ဖျားယောင်းပြီး ဖောက်ပြန်ခဲ့တာကြာပြီ။ကန်တောင်မှာ ကျုပ်မျက်စိနဲ့တပ်အပ် မြင်ခဲ့ရပြီ တဲ....မသိချင်ယောင်အမူအယာကောင်းကောင်းနဲ့ ဆက်သရုပ်ဆောင်နေဦးမှာလား'



တဲ့ထိုးရင်ဖွင့်ပြောဆိုလိုက်သောအခါ တကယ်လည်း ဝေဖုန်းဇနီးကွမ်ရှိနှင့် နောက်ကွယ်ရာ၌ တိတ်တိတ်ပုန်း မျောက်ဇာတ်ခင်းနေကြသဖြင့် ဝမ်ထိန်မှာ ငြင်းပယ်ရခက်သွားရှာလေသည်။

သို့သော် သူအာလျှော့မပေးသေးဘဲ ခေါင်းသွင်သွင် ခါယမ်းရင်းက....

'ငါ...ငါနဲ့ကွမ်ရှိ ဖောက်ပြန်နေကြတယ်ဆိုတာ၊ မင်းထင်သလိုမဟုတ်ပါဘူး'

ငြင်းဆန်လာသောစကား ကြားလိုက်ရသည်နှင့် ဝေဖုန်းမှာ ဒေါက်စုန်းနဲ့ပေါက်ကွဲသွားရှာပြီး....

'တော် လူယုတ်မာကြီး ခင်ဗျားပါးစပ်ပိတ်ထား၊ ကျုပ်လဲ အခုလိုခင်ဗျားကို ကလဲ့စားချေဆုံးမမှုသို့ အချိန်ကောင်းစောင့်နေတာကြာပြီ ဟင်း....ဟင်း....ဟင်း အခုဆိုရင် ကျုပ်လုပ်ရပ်တစ်ခုကြောင့် ခင်ဗျားလိုအကျင့်ပျက်သွားမယ့် ဆရာတစ်ယောက်ကို ရှင်းလင်းလိုက်ရသလို ဘာမှအပြစ်မရှိတဲ့ မိကျောင်းစိမ်းခေါ: လုပိုင်ချင်ကိုလဲ ကယ်တင်ရာ ရောက်ပါတယ်၊ အဲဒီတော့ ကျုပ်အိမ်ထောင်ရေးကို ငွေနဲ့ပေါက်ဖျက်ဆီးတဲ့ လူယုတ်မာကြီး ခင်ဗျားအတွက်ရော'

'ဗွီး....'

'ဒုတ်....'

'အား....'

ကြိမ်းဝါးပြောဆိုရင်းက ဝေဖုန်းမှာ ဒေါသောင်းဖြင့် သွေးပျက်လုမခန်း တုန်လှုပ်ချောက်ချားနေရသော ဝမ်ထိန့်ထံ ခုန်ပျံတိုက်ခိုက်လိုက်၏။

ထိုအခါ ဝေဖုန်း၏ဓားချက်ကြောင့် ဝမ်ထိန်၏ဘယ်ဘက လက်တစ်ဖက် လက်မောင်းရင်းမှ ပြတ်တောက်ကာ မလှမ်းမကမ်းရှိ သစ်ရွက်ခြောက်များပေါ်သို့ သွေးသံရဲရဲလွင့်စင် ပြုတ်ကျသွား၏။

သည်တွင် ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်မှာ အဝီစိမှကြားရလောက်အောင် အသံနက်ကြီးအော်ဟစ်ရင်း သစ်ရွက်ခြောက်ပေါ်သို့ ပြိုလဲကျသွား၏။

သူ့အပေါ်ပိုင်း ရဲမက်ဝတ်စုံမှာသည်း ရွှေးရွှေးနီသော သွေးများစိုရွှဲသွား၏။

ထိုအကျည်းတန်သည့် မြင်ကွင်းကို လှမ်းမြင်တွေ့လိုက်ရသော မိကျောင်းစိမ်းဓား လုပိုင်ချင်ပင် ကြက်သေသေသွားရ၏။



'အီး... အား....အား'

'ဟား....ဟား....ဟား ဝမ်ထိန် သူများအပေါ်ငွေမျက်နှာ တစ်ခုတည်းနဲ့ကြည့်ပြီး မကောင်းကြံစည်ချင်တဲ့ကောင်၊ ပြီးတော့ သူများဇနီးသားမယားအပေါ် စည်းမစောင့်တဲ့ သွေးဆောင်ဖြားယောင်း ကြောင်တောင်နိုက်ချင်တဲ့ လူယုတ်မာတွေရဲ့ နောက်ဆုံးလမ်းဟာ အကျည်းတန်ရတယ်ဆိုတာ မင်းမသေခင် သိသွားရအောင် ပညာပေးဆုံးမလိုက်တာပဲ'

ထိုသို့ ဝေဖုန်းက ခံပြင်းနာကြည်းသံဖြင့် သစ်ရွက်ခြောက်ပေါ်၌ ညည်းတွား ယူးလွန့်နေရသော ဝမ်ထိန်ကို အော်ဟစ်ပြောကြားလိုက်၏။

သည်နောက် ဝေဖုန်းသည် ဝမ်ထိန်ထံ တရွေ့ရွေ့ချဉ်းကပ်သွား၏။

ထိုအချိန်တွင်မူ....

ဝေဒနာသိုးကြီးကို သွေးသံဘရွဲရွဲဖြင့် လူးလိမ့်ခံစားနေရသော ဝမ်ထိန်မှာ မှည်သည့်အခြေအနေမှ အကဲမခတ်နိုင်တော့ချေ။

အနားရောက်သည်နှင့် ရဲမက်တပ်ကြပ်ကြီး ဝေဖုန်းမှာ ဓားကိုမြှောက်ပင့်၍ သစ်ရွက်ခြောက်ပေါ်၌ ညည်းညည်းတွားတွား လူးလိမ့်နေရသည့် ဝမ်ထိန်ကို ဝှေ့ယမ်းခုတ်လိုက်ရင်း....

'ကိုင်း....လူယုတ်မာကြီးရေ ရေပြည်ကို ကြွပေတော့ဗျို့'

'ဝှီး'

'ဒုတ်'

'ဝီ....ဘုတ်....ဘုတ်'

'ဟာ'

ယင်းသို့ရဲမက်တပ်ကြပ်ကြီးဝေဖုန်း ငွေယမ်းခုတ်ပိုင်းလိုက်သော ဓားချက်ကြောင့် ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်၏ ဦးခေါင်းကြီးမှာ ပြတ်တောက်သွားရပြီး ခပ်လှမ်း မ်းသို့ လွင့်စဉ်ကျရောက်သွား၏။

ထိုအခါ သစ်ပင်ကြီးအောက်ရှိ သစ်ရွက်ခြောက်များပေါ်၌ စွေးစွေးနီသော သွေးစများ မြင်မကောင်း ရှုမကောင်းအောင် ပြန့်ကျဲသွား၏။

သည်တွင် ရဲမက်တပ်ကြပ်ကြီး ဝေဖုန်းမှာ ခေါင်းနှင့်ကိုယ်ခန္ဓာ အိုးစားကွဲသွားရသော ခေါင်းပြတ်ကြီး ဖြစ်နေသည့် ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်၏ရုပ်အလောင်းကို မှင်တက်မိစွာ ရပ်ကြည့်နေသည်။

ထိုစဉ်....

လုပိုင်ချင်မှာ အံ့ဩတုန်လှုပ်စွာဖြင့် ဝေဖုန်းထံ ချဉ်းကပ်ရောက်ရှိလာရပြီး....



'ဆရာဝေဖုန်း ရှေ့ဆက်ပြီး ဘယ်လိုဆက်လုပ်ကြမလဲ'

လှမ်းမေးလိုက်သော ကျောက်ရုပ်သဖွယ် ရပ်နေမိရသည့် ဝေဖုန်းမှာ သတိဝင်လာရပြီး မိကျောင်းစိမ်းခေါးလုပိုင်ချင်ထံ မျက်နှာမူလာ၏။

'ကျုပ် အလုပ်တစ်ခုကိုမလုပ်ခင် ကြိုတင်ဇယားဆွဲထားပြီးပါပြီ'

'ဘယ်လိုဇယားဆွဲထားသလဲ'

'မိကျောင်းစိမ်းခေါးကြီး အခုဒီနေရာကဝေးရာပြေးသွားဖို့က ပထမပဲ'

ထိုအဖြေစကားကို ကြားလိုက်ရသည့် မိကျောင်းစိမ်းခေါး လုပိုင်ချင်မှာ တအံ့တဩဖြစ်ဟန်ဖြင့် ဝေဖုန်းထံ စူးစိုက်ကြည့်ရင်း....

'ဘာလို့ ကျုပ်ထွက်ပြေးဖို့က ပထမဖြစ်ရတာတုန်း'

'ဟင်း....ဟင်း....ခင်ဗျား ဒီလိုမှထွက်မပြေးရင် မကြာခင် နောက်ယောင်ခံ လိုက်လာ ချောင်းမြောင်းနေတဲ့ မြို့တော်ဝန်ရဲ့ အဖွဲ့သားတွေ ဒီကိုရောက်လာပြီး ခင်ဗျားကို သုတ်သင်ရှင်းလင်းကြမှာပေါ့'

ထိုအခါကျမှ မိကျောင်းစိမ်းခေါး လုပိုင်ချင်မှာ ဒီနေရာက အမြန်ဆုံးထွက်ပြေးနိုင်ရသည့်အဖြစ်ကို သဘောပေါက်နားလည်လာမိ၏။

ဒါကြောင့် သူ ခေါင်းအသာညိတ်ကာ....

'ဒြော်....ဒါကြောင့် ခင်ဗျား ဒီနေ့ရောက် ကျုပ်ကို အမြန်ဆုံး တွက်ပေးခိုင်းတာကိုး'

'ဟုတ်ပါတယ်'

'ကဲလေ....ကျုပ် ကိုယ်လွတ်ရုန်း တွက်ပြေးသွားတော့ ဆရာဝေဖုန်းမှာ အကျဉ်းသားလွတ် ခေါင်းဆောင်လုပ်တဲ့ ဆရာသမားလဲ ကျဆုံးသွားပြီး အပြစ်ဒဏ်တွေ စုပြုံကျလာရတော့မှာပေါ့'

ယင်းသို့ မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ စိုးရိမ်ကြောင့် ကြသံဖြင့် သတိပေး ပြောဆိုလိုက်လေသည်။

သည်တော့ ခဝဖုန်းက အပြုံးယဲ့ယဲ့ ပြုံးလိုက်ရင်း....

'ဒီအတွက်လဲ မိကျောင်းစိမ်းခေါင်း မပူပါနဲ့၊ ကျုပ် ဇယား အသင့်ဆွဲပြီးသားပါ'

'ဟင်....ဘယ်....ဘယ်လိုမျိုး ဆရာဝေဖုန်း ဇယားဆွဲထားပါလိမ့်'

'ဒါကဲ ကျုပ် ဘယ်ဘက်လက်တစ်ဖက်ကို ဗိုင်းဖြတ်လိုက်ရင် အဆင်ပြေသွားမှာပါ'

'ဗျာ'



လုံးဝဥဿုံ မထင်မှတ်သောစကားကို လုပိုင်ချင် ကြားလိုက်ရမှုကြောင့် သူ့နှုတ်မှ 'ဗျာ' ဟူသော အာမေဍိတ်သံ ထွက်မျှ အံ့ဩတုန်လှုပ်သွားရလေသည်။

ထိုအခြေအနေကို လှမ်းအကဲခတ်မိလိုက်ရသော ဝေဖုန်းက အားရအယားပြုံးလိုက်ရင်း....

'ဘာလဲ မိကျောင်းစိမ်းခေါင်းကြီး၊ ကျုပ်ပြောတာ မယုံလို့ အံ့အားသင့်သွားသလား'

'အင်း....အံ့အားသင့်သွားရတာတော့ အမှန်ပါပဲ၊ ခင်ဗျား ဒီလောက် ဒုက္ခဖြစ်အောင် မလုပ်သင့်ပါဘူး၊ ဒီတပ်ကြပ်ကြီးကို ကျုပ်သတ်တယ်လို့ပြောပြီး ကျုပ်ကို အကျဉ်းထောင်ခန်းသာ အပ်လိုက်ပါ'

ထောက် ထား ငဲ့ညှာပြောဆိုလာသော လုပိုင်ချင်၏ စေတနာစကားကို ကြားလိုက်ရသည့် ဝေဖုန်းမှာ ခေါင်းအသာ ညိတ်လိုက်ရင်း....

'အင်း....ကိုမိကျောင်းစိမ်းခေါင်းကြီးရဲ့ စိတ်ဓာတ်ကိုတော့ ကျုပ် အပြတ်ချီးကျူးမိပါတယ်၊ ကျုပ် ဘာကြောင့် လက်တစ်ဖက်ကို အဆုံးရှုံးခံရသလဲဆိုတော့ ရည်ရွယ်ချက်နှစ်ချက်ရှိပါတယ်'

'ဘယ်လို ရည်ရွယ်ချက်နှစ်ချက်လဲ'

'ကျုပ် ပြောပြပါမယ်၊ ပထမတစ်ချက် ရည်ရွယ်တာက ကျုပ်ကိုယ်ကျုပ် အပြစ်ဒဏ်ခတ်လိုက်ခြင်းပါပဲ'

'ဟင်....ဘာလို့ ခင်ဗျားကိုခင်ဗျား အပြစ်ဒဏ်ခတ်လိုက်ရတာလဲ ခင်ဗျား မှန်တာလုပ်ဆောင်တယ်လို့ ကျုပ် ယူဆမိတာပဲ'

'ဟုတ်ပါတယ်၊ ကျုပ်လဲ မှန်တင်ထင်လို့ ကိုယ့်အထက်ဆရာကို ရက်ရက်စက်စက် သတ်ပစ်လိုက်တာပဲ၊ ဘာကြောင့် ကျုပ်ကိုကျုပ် အပြစ်ဒဏ်ခတ်ရသလဲဆိုတော့ ကျုပ်ဟာ ကိုယ့်အထက်အရာရှိကို လုပ်ကြံဖစ်လိုက်လို့ပဲ၊ သူမကောင်းတာမှန်ပေမယ့် ကျုပ်မှာ ရဲမက်စည်းကမ်းကျင့်ဝတ်အရ အပြစ်ရှိတယ်၊ ဒါကြောင့် ဒီအပြစ်ရဲ့ တန်ရာတန်ကြေးဟာ ကျုပ်ဘယ်လက်တစ်ဖက် ဖြတ်ပစ်လိုက်တာနဲ့ ညီမျှတယ်လို့ ကျုပ်ဆုံးဖြတ်မိလို့ပဲ'

'ဟင်း....'

စကားကို အာရုံတစိုက် နားထောင်နေမိသော လုပိုင်ချင်ထံမှ သက်ပြင်းမောကြီးတစ်ချက်ချသံ ထွက်ပေါ်လာရလေတော့သည်။

စကားကြောပြတ်တောက်သွားသဖြင့် ဝန်းကျင့်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သွားရလေတော့သည်။

* * *

အခန်း (၁၄)

---

စကြာဝိညာဉ်နက်ဂိုဏ်း၏ အန္တရာယ်

အတန်ကြာမျှ စကားပြတ်တောက်နေသဖြင့် သိချင်စိတ်စောနေရသောမိကျောင်းစိမ်းဓားလုပိုင်ချင်တ လမ်းမဘက်သို့ ငေးရီကြည့်နေသည့် ရဲတပ်ကြပ်ဝေဖုန်ထံ့အကြည့်ရောက်ရင်း၊

'ဒုတိယရည်ရွယ်ချက်ကရော ဆရာဝေဖုန်း'

လှမ်းမေးလိုက်တော့ ရဲမက်တပ်ကြပ်ခဝဖုန်း၏မျက်နှာ မိကျောင်းစိမ်းဓားလုပိုင်ချင်ထံ လှည့်ပြောင်းလာရပြီး၊

'ဒုတိယရည်ရွယ်ချက်ကတော့ ခင်ဗျားကို အကျဉ်းသားဘဝမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးဖို့ပဲ'

'ဟင်....ဆရာ....ဆရာဝေဖုန်း၊ လက်တစ်ဖက်ဖြတ်လိုက်တာနဲ့ အခု အဖြစ်ချထားတဲ့ အကျဉ်းသားဘဝကနေ ဘယ်လိုလုပ် လွတ်မြောက်နိုင်မှာလဲ'

ယင်းသို့ လုပိုင်ချင်မှာနားမလည်နိုင်စွာဖြင့် ရဲမက်တပ်ကြပ် ဝေဖုန်းက လှမ်းမေးလိုက်သည်။

သည်တော့ ရဲမက်တပ်ကြပ်ဝေဖုန်းက မဆိုင်းမတွပင် တုံ့ပြန်ဖြေလိုက်သည်မှာ။

'ကျုပ် ရှင်းပြမယ်၊ မိကျောင်းစိမ်းဓားကြီး ကျုပ်လက် တစ်ဖက် ဖြတ်လိုက်မှ အားလုံးက အကျဉ်းသားတိုက်ခိုက်ထွက် ပြေးသွားတယ်လို့ စိတ်ချယုံကြည်သွားမယ်၊ ဒီတော့မှ ခင် ဗျားလွတ်မြောက်ဖို့အတွက် လွတ်လွတ်လပ်လပ် ကြိုးပမ်းနိုင် မှာပေါ့'

'ဆရာဝေဖုန်း၊ ကျုပ် လွတ်မြောက်အောင် ဘယ်လိုကြိုး ပမ်းမှာလဲ'

'ကျုပ်ဒဏ်ရာသက်သာသွားတာနဲ့ ကျုပ်ဆီကို စာနဲ့ အကူ အညီတောင်းကားတဲ့ ခင်ဗျားရဲ့မိကျောင်းစိမ်းနစ်ကောင်အာ မခံဌာနခေါင်းဆောင်ကြီး ယွမ်တောက်နဲ့ပူးပေါင်းပြီး ဘုရင် မင်းမြတ် ထံခင်ဗျားရဲ့အဖြစ်အပျက်အမှန်ကို ဝင်ရောက်လျှောက် တင်လိုက်မယ်၊ ဒါဆို ဘုရင်မင်းမြတ်အဖြစ်မှန်ကို သိရှိသွားပြီး ခင်ဗျားကို အပြစ်မလွှတ်ငြိမ်းချမ်းသာခွင့်ရမှာပဲ၊ ဒါဆို ကျုပ် ရဲ့လက်တစ်ဖက်ဖြတ်ရကျိုး နပ်သွားပါပြီ'



ထိုသို့ ရဲဟပ်ကြပ်ဝေဖုန်း၏အကြံအစည်ကို မိကျောင်းစိမ်း ဓားလူပိုင်ချင်ကြားလိုက်ရပြီး၊

'အင်း....ဆရာဝေဖုန်းရဲ့ စိတ်ဓာတ်ဟာ ချီးကျူးခလောက်စရာပါပဲ၊ သူဟာ ငါ့လိုပဲ အမှန်တရားကိုလိုလားတဲ့ လူတော် လူကောင်း တစ်ယောက်ပါလား'

သူ့စိတ်ထဲ ထိုသို့ ရဲမက်တပ်ကြပ်ဝေဖုန်းကိုချီးကျူးထော ပနာပြုလိုက်မိ၏။

ပြီးမှ သူ့တစ်စုံတစ်ယောက်ကို သတိရမိလိုက်ရင်း၊

'ဒါနဲ့ ဆရာဝေဖုန်း၊ ကျုပ်ရဲ့အာမခံဌာနခေါင်းဆောင် ကြီး ယွမ်ယောက်ဟာ စာနဲ့ဆရာဝေဖုန်းဆီ ဘယ်လိုအကူ အညီ လှမ်းတောင်းတာလဲ'

မေးလာတော့ ရဲမက်တပ်ကြပ်ကြီးဝေဖုန်းက....

'အာမခံဌာနခေါင်း၊ ခေါင်းဆောင်ကြီးယွမ်ယောက်ဟာ အကျဉ်း ထောင်က ဗိုလ်ကြီးထုံပိုင်ကျင်ဆီ စာတစ်စောင် ကျုပ်ဆီက တစ်ဆင့် ပေးခိုင်းလာတာပါ'

'ဩော်....ဘာစာလဲ'

'ဘာစာလဲဆိုတော့ သူ့အဖွဲ့သားဖြစ်တဲ့ ခင်ဗျားဟာ အပြစ်မရှိဘဲ အကျဉ်းချခံရတဲ့ လူကောင်းတစ်ယောက်ဖြစ် ကြောင်း ထောင်ထဲမှာ သက်သက်သာသာနေရာမှာ ကျေးဇူး

ပြန်ပို့ဆောင်ပေးဖို့ အသနားခံတောင်းပန်ရေးပေးလိုက်တဲ့စာပါပဲ'

'ဩော်...ခေါင်းဆောင်ကြီးတောင် ကျုပ် ဒုက္ခလှလှတွေ့နေရတာကို လှမ်းသိသွားပြီကိုး'

ထိုစဉ် ရဲမက်တပ်ကြပ်ဝေဖုန်းသည် မိကျောင်းစိမ်းခေါး လုပိုင်ချင်ထံ စူးစိုက်ကြည့်ရင်း။

'ကိုင်း...မိကျောင်းစိမ်းကြီး ဒီကနေလွှတ်အောင်ကြိုးပမ်းတော့၊ ဘာကယ်လို့ မပြေးဘဲအမိခံရင်လဲ မြို့တော်ဝန်ရဲ့ကောက်ကျစ်ယုတ်မာ ကြံစည်လုပ်ကြံမှုကြောင့် ခင်ဗျားဘဝကြီး အညွန့်ချိုးဆုံးရှုံးသွားရမှာပဲ၊ ဒီတော့ ခင်ဗျားနဲ့ကျုပ် ဒီအရာရှိဆိုးကြီးကို ဒီလောကကြီးထဲက မောင်းထုတ်နိုင်ဖို့ ကြိုးစားရမှာပဲ'

ယင်းသို့ ရဲမက်တပ်ကြပ်ဝေဖုန်း၏ သုံးသပ်တိုက်တွန်းပြောဆိုလာသောစကားကို လုပိုင်ချင်ကြားလိုက်ရပြီး လက်ခံစွာဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်၏။

'ဆရာဝေဖုန်းပြောတာ ဟုတ်ပါတယ်'

ထိုစဉ် ရဲမက်တပ်ကြပ်ဝေဖုန်းမှာ မိကျောင်းစိမ်းခေါးလုပိုင်ချင်ထံ အမိန့်သံဆန်ဆန် လှမ်းစကားဆိုလာသည်မှာ....

'မိကျောင်းစိမ်းခေါးကြီး ကျုပ် ဘယ်ဘက်လက်မောင်းတစ်ဖက်ကို သွေးကြောပိတ်ပေးပါ'



ထိုစကား ကြားလိုက်ရသည်နှင့် မိကျောင်းစိမ်းခေါးလုပိုင်ချင်မှာ ဝေဖုန်းထံ စိတ်မသက်သာစွာ စိုက်ကြည့်ရင်း ခေါင်းလေးတွဲ့စွာညိတ်လိုက်ရာ....

'ကောင်း...ကောင်းပါပြီဗျာ'

ထိုအခါ ရဲမက်တပ်ကြပ်ကြီးဝေဖုန်းမှာ ရထားအမိုးပေါ်တွင်ထားရှိသည့် တစ်စုံတစ်ခုသောပစ္စည်းကို ဖျတ်ခနဲ သတိရမိလိုက်ပြီး....

'ဟာ...ကျုပ် အခုမှ သတိရမိတယ် မိကျောင်းစိမ်းခေါးကြီးရေ၊ ခင်ဗျားရဲ့ဓားတောင်ခေါး ရထားအမိုးပေါ်မှာရှိတယ်၊ ကျုပ် ဘယ်လက်ကို သွေးကြောအရင်ပိတ်ပေးခဲ့ပြီး အဲဒီဓားကိုယူပြီး ပြေးပေတော့'

သတိပေးပြောဆိုလိုက်တော့ လုပိုင်ချင်မှာ ခေါင်းဆတ်ခနဲညိတ်လိုက်ကာ....

'ကောင်းပါပြီ ဆရာဝေဖုန်း၊ ကဲ...ဆရာဘယ်လက် ဆန့်တန်းထားလိုက်ပါ'

'ဟုတ်'

ဟု ဆိုကာ ဝေဖုန်းအား ခေါင်းညိတ်လိုက်ပြီး သူ့ဘယ်လက်တစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလိုက်လေသည်၊

ထိုအခါ မိကျောင်းစိမ်းဓား လုပိုင်ချက်မှာ စိတ်မကောင်းသည့်မျက်နှာနှင့် ဝေဖုန်းအနား ချဉ်းကပ်ရောက်ရှိလာလေသည်။

အနားရောက်တော့ သူ ရင်ဆိုင်နှင့်စွာ ခံစားနေရင်းက သူ့ညာလက်ညှိုးဖြင့် ဘယ်ဘက် လက်မောင်းရင်းတစ်ဝိုက်ကို ထောက်ရင်း သွေးကြောပိတ်ပေးလိုက်လေသည်။

'ဖောက်....ဖောက်....ဖောက်'

သွေးကြောထိုးပိတ်လိုက်သည်နှင့် ရဲခက်တပ်ကြပ်ခဝေဖုန်း၏လက်တစ်ဖက် လေဖြတ်သွားကဲ့သို့ လှုပ်ရှားမရ ဖြစ်သွားရလေသည်။

ထိုအခိုက် ဝေဖုန်းသည် စိတ်ကြေကွဲနေရပြီး ငူတူတူဖြစ်နေရသော လုပိုင်ချက်ကို အကြည့်စူးစိုက်ရောက်ရင်း....

'မိကျောင်းစိမ်းဓားကြီး ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့'

'ခြေ...ဆရာဝေဖုန်း၊ ဒုက္ခဘဘဝ ရောက်သွားတော့ ဆရာရှိနေတဲ့အိမ် မိသားစုဘဝရေးအတွက် တွေးမိလို့ပါ'

ထိုစကား ကြားလိုက်ရသော ဝေဖုန်းမှာ သက်မဂင်သည့် အပြုံးတစ်ချက်ပြုံးလိုက်ရင်း....

'ဟင်း....ဟင်း ကျုပ် မိကျောင်းစိမ်းဓားကြီး ထင်သလို အိမ်မိသားစု အသိုက်အမြုံနဲ့လူ မဟုတ်တော့ဘူး၊ ဟို လူယုတ်မာကြီးဘမ်ထိန် ဝင်ရောက်ဖျက်ဆီးလို့ အက်ကွဲပြိုလဲရခဲ့ပါပြီ၊ ကျုပ် အခု အထီးကျန်တစ်ကောင်ကြွက်ပါ'



'ဗျာ၊ ဒါ....ဒါဆို ဆရာဝေဖုန်းမှာ သားသမီး မထွန်းကားဘူးပေါ့'

'ဟုတ်တယ်'

'ဒါဆို ဆရာ့ဇနီးတော့ ကျန်ဦးမှာပေါ့'

'ဟင်း—ဟင်း သစ္စာဖောက် နောက်မီးလင်းတဲ့ကောင်မလဲ မရှိတော့ပါဘူး'

'ဗျာ၊ သူ ထွက်ပြေးသွားလို့လား'

'ကျုပ် ဒီကို ခရီးထွက်မလာခင်ကတည်းက ကျုပ်ဇနီးကွမ်ရီကို လောကကြီးထဲက အပြီးနှင်ထုတ်ခဲ့ပါပြီ၊ အခုဆိုရင် မြောက်ဇာတ်ခင်းနေကြတဲ့ လူနှစ်ယောက်တော့ ငရဲပြည်မှာ ဆုံတွေ့နေကြမှာ'

'ဟင်....ဆရာဝေဖုန်းဇနီးပေါ့ တစ်ခါတည်း ရှင်းလင်းပစ်ခဲ့တာကိုး၊ ဒါဆို အဲဒီကိစ္စနဲ့ ဆရာဝေဖုန်း ပြဿနာမတက်လာနိုင်ဘူးလား'

သည့်တွင် ဝေဖုန်းမှာ အပြုံးရိပ်ဖြင့် ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း....

'ကျုပ် လက်စမပေါ်အောင် လုပ်ကြံသူတော်ဖြစ်ခဲ့တာပဲ၊ ကဲ....ကဲ ကျုပ်တို့ စကားပြောနေတာနဲ့ အချိန်တွေကုန်သွားပြီ၊ ခင်ဗျား သွားပေတော့....'

စိုးရိမ်ပူပန်ဟန်ဖြင့် အတင်း နှင်လွှတ်နေသောကြောင့် လုပိုင်ချင်မှာ ခေါင်းအသာညိတ် လိုက်ပြီး....

'ကောင်းပါပြီ၊ ကျုပ်တို့ တစ်နေ့နေ့ တစ်ချိန်ချိန် ပြန်ဆုံတွေ့ကြရဦးမှာပဲ'

'ကျုပ်လဲ အဲဒီလိုပဲမျှော်လင့်ပါတယ်'

သည်နောက် မိကျောင်းစိမ်းခေါ်းလုပိုင်ချင်သည် ဝေဖုန်းကို ကျောခိုင်း၍ ရထားလုံးအမိုးပေါ်သို့ တက်ရောက်လိုက်လေသည်၊

ပြီး သူသည် ရထားအမိုးပေါ်မှ မိကျောင်းစိမ်းခေါ်းကိုထူ၍ အောက်သို့ခုန်ဆင်းလိုက်၏၊

ထိုအခိုက်မှာပင်....

'ဝှစ်'

'ဒုတ်'

'အား'



'ဟင်....ဆရာ....ဆရာဝေဖုန်း သူ့ဘယ်လက်ကိုသူ့စကားအတိုင်း ဖြတ်တောက်ပစ်လိုက်ပြီထင်ပါတယ်'

ယင်းသို့ အံ့သြထိတ်လန့်ရေရွတ်ပြောဆိုပြီးနောက် လုပိုင်ချင်မှာ ရဲမက်တပ်ကြပ်ကြီးဝေဖုန်းထံ အကြည့်ရွှေ့ပြောင်းရောက်ရှိသွား၏၊

ထိုအခါ....

ဝေဖုန်း၏ ဘယ်ဘက် လက်တစ်ဖက်မှာ လက်ကောက်ဝတ်နေရာမှ သွေးစက်စက်ယိုကျကာ ပြတ်တောက်နေသည်ကို မိကျောင်းစိမ်းခေါ်း လုပိုင်ချင် စိတ်မကောင်းခြင်းဖြစ်စွာ မြင်တွေ့ရပြီး....

'အင်း....ဆရာဝေဖုန်းလို ရဲမက်ကောင်းတစ်ယောက် ဒုက္ခိတဘဝ ရောက်သွားလို့ ကျုပ်နှမြောလွန်းပါတယ်၊ ကျုပ် ဆရာဝေဖုန်းနဲ့အတူ သန္နိဋ္ဌာန် ချထားတဲ့အတိုင်း အကျင့်ပျက်မြို့တော်ဝန်မင်းကို သိုင်းလောကထဲကနှင်ထုတ်နိုင်အောင်ကြိုးစားပါ့မယ်'

ထိုသို့ မိကျောင်းစိမ်းခေါ်း လုပိုင်ချင် လေးနက်တည်ကြည်စွာပြောဆိုပြီးနောက် ရထားလုံးပေါ်မှ လွှားခနဲ ခုန်ပျံဆင်းလိုက်သည်၊

ပြီးနောက် သူ ကိုယ်ဖော်ညာကိုအသုံးပြု၍ လမ်းမကြီးအတိုင်း ခရီးမနှင်ဘဲ လမ်းမဒဘား သစ်ပင်ချုံနွယ်ကြားကို ဖြတ်သန်းရှေ့လျှားလာခဲ့သည်။

* * *



ကောင်းကင်ပြင်၌ တိမ်သလ္လာများတင်းရှင်းလျက် ပြာစင်ကြည်နေ၏။

ဒါကြောင့် လွတ်လွတ်ကင်းကင်း မွန်းတည့်နေမှာ အရှိန်အဟုန်ပြင်းပြစွာဖြင့် ပူပြင်းနေသည်၊

ထိုအချိန်တွင် မြင်းစီးသမားတစ်ယောက်သည် အရိပ်အုပ်ဆိုင်းဆိုင်း ရှိနေရသော တောလမ်းအတိုင်း စိုင်းနှင်လာသည်။

အခြေအနေ ကြည့်ရှုရသည်မှာ ထိုမြင်းစီးသမားမှာ ခရီးရှည်ကြီးကို ပင်ပန်းတကြီးစိုင်းနှင်လာပုံရ၏၊ သူ့တစ်ကိုယ်လုံးမှ ချွေးများ ရေချိုးထားသကဲ့သို့ ရွှဲနစ်နေ၏။

အခု သူသည် တောအုပ်အတွင်း ဖြတ်လမ်းထဲရောက်မှ တောရိပ်ကြောင့် အပူဒဏ်သက်သာရာရရှိသွားပြီး ချွေးသိပ်ပုံရ၏။

ထိုမြင်းစီးသမားမှာ ကာယဗလတောင့်တင်းကြံ့ခိုင်သည့် လူသန်ကြီးတစ်ဦးဖြစ်၏။

သူ့ရုပ်ရည်မှာလည်း ကျားတစ်ကောင်မျက်နှာကဲ့သို့ ကြမ်းတမ်းခက်ထန်၏။

စင်စစ်တော့...

ထိုမြင်းစီးသမား လူသန်ကြီးကား တစ်ခြားလူ ဟုတ်ရိုးလား....

တောကျားကြီး ချူးစိန်ပင်ဖြစ်၏။

'အင်း....ငါ့ဗိုက်လဲတကြုတ်ကြုတ်မြည်ဟီးပြီး ဆာလောင်လာပြီ၊ လမ်းနံဘေး သစ်ပင်တစ်ပင်အောက် ခရီးတစ်ထောက်ဝင်နားပြီး နံနက်စာစားလိုက်ဦးမှပဲ'

ယင်းသို့ သူ တွေးတောဆုံးဖြတ်လိုက်ပြီးနောက် သူ့မြင်းကြီးကို လမ်းမှဖဲ့ကြဉ်၍ လမ်းဘေးသစ်ပင်ရိပ်သဲသို့ ဦးလှည့်စိုင်းနှင်လိုက်၏။

သစ်ပင်ကြီးတစ်ပင်ရောက်တော့ သူ့မြင်းကြီးကို ဇက်ကြိုးသပ်ရပ်လိုက်၏၊

ပြီး သူ အောက်သို့ခုန်ဆင်းလိုက်ကာ မြင်းကုန်းနှီးမှာ ချိတ်ထားသော ခရီးဆောင် ကျောပိုးအိတ်ကို ဖြုတ်ယူလိုက်သည်။

နောက် သူ မြင်းကြီး၏ ခေါင်းတင်းနေသော တင်ပါးတစ်ချက်ကို သူ့လက်ဝါးဖြင့် တစ်ချက် ဖျော့ယမ်းရိုက်ပုတ်လိုက်ပြီး....

'ဟိတ်....ဖေ့သားကြီး....ဟိုရှေ့မှာ မြက်ခင်းရှိတယ်၊ သွားစားပြီး အနားယူပေတော့'



နှင်လွှတ်လိုက်တော့ လူစကားနားလည်သည့်ဖလား မြင်းကြီးမှာ ခေါင်းယမ်းလိုက်ပြီး မြက်ခင်းပြင်ရှိရာဆီသို့ ဦးတည်ရွေ့လျားသွား၏။

ထိုအခါ....

တောကျားကြီး ချူးစိန်သည် သစ်ပင်အောက်၌ သားရေတစ်ချပ်ကိုခင်းလိုက်ပြီးနောက် အရက်အိုးနှင့်စားသောက်စရာအချို့တို့ကို အစီအရီခင်းကျင်းလိုက်၏။

ပြီးသော် သူ အရက်အိုးအဖုံးကိုဖွင့်၍ အရက်အိုးအားပင့်မြှောက်ကာ အရက်တစ်ကျိုက် မော့သောက်လိုက်လေတော့သည်။

ပြီးမှ သူ အမြည်းထုပ်ထဲမှ အသားကင်တစ်ခုကောက်ယူ၍ တမြုံ့မြုံ့ဝါးစားလိုက်လေသည်။

ခဏနေ့းတစ်အိုးကျက်ခန့် ကြာသောအခါ တောကျားကြီး ချူးစိန်၏စားသောက်ခြင်းအမှု ပြီးစီးသွားရလေသည်။

သူ ဗိုက်ပြည့်လာတော့ ခရီးပင်ပန်းနွမ်းလျှမှုကြောင့် သန်းဝေကာ ငိုက်မျဉ်းလာ၏။

ထိုအခါ သူ၏ မျက်ခွံနှစ်လွှာမှာလည်း ကျောက်တောင်ကျောက်ဆောင်[illegible]ပမာ လေးလံလာရလေသည်။

နောက်ဆုံး သူ၏ အိပ်ချင်စိတ်ကို လုံးဝ မထိန်းသိမ်းနိုင်တော့ဘဲ သစ်ပင်ပင်စည်ကြီးအား ကျောမှီ၍အိပ်ပစ်လိုက်လေသည်။

မည်မျှ တောကျားကြီးချူးစိန်အိပ်ချင်နေသည်မသိ၊ မကြာခင်မှာပင်....

အရှေ့ နှုတ်မှ ဟောက်သံ တခေါခေါ သံစဉ်လိုင်း တစ်ခုကို အနိမ့်အမြင့်ညီစွာဖြင့် အစဉ်အဆက်မပြတ် ထွက်ပေါ်လာရလေသည်။

'ခေါ...ခေါ...ခေါ'

'ဟူး...ဟူး...ဟူး'

ထိုသို့ တောကျားကြီး ချူးစိန်တစ်ယောက် တခေါခေါ အိပ်မောကျနေစဉ်မှာပင် အနက်ရောင် အရိပ်လေးရိပ်တို့ သေပွေ့တိုက်သကဲ့သို့ ရွေ့လျား ရောက်ရှိလာကြလေသည်။

ဤသည်ကို နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေရသော တောကျားကြီးချူးစိန်တစ်ယောက် လုံးဝရိပ်စားမိခြင်းမရှိပါချေ။

တောကျားကြီး ချူးစိန်ဆီသို့ ဦးတည် ရွေ့လျားလာကြသောလူရိပ် လေးရိပ်တို့သည် သိပ်မကြာလိုက်ပါချေ။



တောကျားကြီး ချူးစိန်နှင့်မလှမ်းမကမ်းရှိ သစ်ပင်လေးပင်ပေါ်သို့ ဂဏ်ဝံမည်းကြီးသဖွယ် သွက်လက်လျင်မြန် စွာယ်ကပ်တက်ရောက်သွားလေသည်။

ထိုဝတ်စုံနက် လေးယောက်တို့၏ ကျောအသီးသီးပေါ်၌ လေးနှင့်မြား ကိုယ်စီလွယ်ပိုးထားကြလေ၏။

ဒါကြောင့် ယင်းဝတ်စုံနက်လေးယောက်တို့မှာ မြားပစ်သမားများဖြစ်ကြသည်မှာ ပေါ်လွင်လျက်ရှိနေ၏။

သစ်ပင်အမြင့်သို့ရောက်ရှိသွားသည်နှင့် ဝတ်စုံနက်လေးဦးမှူးသည် သစ်ပင်ပင်စည်ကို ကျောမှီ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော တောကျားကြီးချူးစိန်ထံ လေးကြိုး အသီးသီးဝယ် မြားကိုယ်စီတပ်၍ ချိန်ရွယ်လိုက်ကြသည်။

ထိုစဉ် ခေါင်းဆောင်ဖြစ်ဟန် တူသော တုတ်တုတ်ခိုင်ခိုင် ဝတ်စုံနက်က တောကျားကြီး ချူးစိန်ကို ပစ်ခွင်းရန် အတွက် ခေါင်းညိတ်အချက်ပေးလိုက်ရာ....

'ဝီး...ဝီး....ဝီး'

'ဟင်'

'ဝှစ်....ဝှစ်....ဗွီး'

'ဒန်....ထန်....ဒုတ်'

'အား'

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော တောကျားကြီး ချူးစိန်မှာ ရုတ်တရက်သေမင်းခေါ်သံများ သူ့နားမှ ကြားလိုက်ရပြီး အန္တရာယ်များအရှိန်အဟုန်ပြင်းစွာဦးတည်လာနေသည်ကို ရိပ်စားမိပြီး သူ့ဆောင်ဓားအား ဖျတ်ခနဲ ထုတ်၍ ကျားပျံတိမ်နှင်စကြာဓားကွက်ကိုအသုံးပြုကာ ခုခံကာကွယ်လိုက်လေသည်။

ဒါကြောင့် သူ့ဓားချက်မှာ ပစ်ခွင်း တိုက်ခိုက်လာသော မြားချက်လေးချက်တို့မှ သုံးချက်ကိုသာ ဖယ်ရှား လွတ်နိုင်ခဲ့သော်လည်း ကျန်မြားချက်တစ်ချက်က သူ့ဘယ်သက်မောင်းအိုးသို့ ထိမှန်သွားရလေ၏။

သို့ဖြစ်၍ တောကျားကြီး ချူးစိန်၏နှုတ်မှ ညည်းတွားသံတစ်ချက် ကျယ်လောင်စွာထွက်ပေါ်လာ၏။

ဟိုစဉ်မှာပဲ....

'ဝီး....ဝီး....ဝီး'

'ဂွန်း'

'ဟင်'



'ဟာ'

'အို'

'ဟော'

ဒုတိယအမှို သစ်ပင်ပေါ်မှ ဝတ်စုံနက် လေးယောက်တို့ ထံမှ မြားများဖြင့် ပစ်ခွင်းတိုက်ခိုက်လိုက်လေသည်၊

ထိုအခါ တောကျားကြီးချူးစိန်နေရာမှ ဝုန်းခနဲပေါက်ကွဲသံကြီး ရုတ်ခြည်းပေါ်ထွက်လာရပြီး အဖြူရောင်၊အငွေ့များ မှုန်မှိုင်းများသာဖွယ် လွှမ်းခြုံသွားခလေ၏၊

ဒါကြောင့် အဖြူရောင်များ လွှမ်းခြုံသွားရသဖြင့် တောကျားကြီးချူးစိန်မှာ လုံးဝ ပျောက်ကွယ်သွားရလေသည်၊

ယင်းအခြေအနေကို လှမ်းမြင်တွေ့လိုက်ကြရသော မြားသမားဝတ်စုံနက် လေးဦးသည် အာမေဍိတ်သံ ကိုယ်စီရွတ်ကြပြီး အံ့အားသင့်သွားကြရလေသည်၊

ထိုအခိုက် လေပြည်တစ်ချက် သုတ်ခနဲ တိုက်ခတ်လာမှုကြောင့် မြူနှင်းသဖွယ် အုပ်ဆိုင်းနေသော အဖြူရောင်အငွေ့များ လွင့်စဉ် ကြည်လင်သွားရလေသည်၊

ထိုအခါ သစ်ပင်ကြီးအောက်၌ တောကျားကြီးချူးစိန်၏ အရိပ်အယောင်ကို သစ်ပင်ပေါ်မှ မြားသမားဝတ်စုံနက်တို့ လုံးဝ မမြင်တွေ့ရတော့ပေ။

'ဟော့....တောကျားကြီး ဘယ်ပျောက်သွားသလဲမသိဘူး'

ထိုသို့ တုတ်တုတ်ခိုင်ခိုင် ဝတ်စုံနက်ခေါင်းဆောင်မှာ ရေရွတ်ပြောဆိုလိုက်လေသည်။

သည်နောက် သူတို့လေးဦးတို့ သစ်ပင်ပေါ်မှ အောက်သို့ ခုန်ပျံဆင်းလိုက်ကြလေသည်။

အောက်ရောက်တော့ သူတို့ ယမ်းခိုးငွေ့ကို အကာအကွယ်ယူ၍ ပျောက်ကွယ်သွားသော ချူးစိန်ကို ဟိုဟိုသည်သည် ရှာဖွေမိကြလေသည်။

'မြောင်း'

'ဝေါ'

'ဝုန်း'

'ဟာ....ဟို သစ်ပင်ပေါ်ကသစ်ကိုင်း ကျိုးကျလာကယ်၊ အဲဒီနေရာ ပစ်ခွင်းကြစမ်း'

ရုတ်တရက် သစ်ပင်တစ်ပင်ပေါ်မှ သစ်ကိုင်းတစ်ကိုင်း မြောင်းခနဲ ပြုတ်တောက်၍ မြေပြင်ပေါ်သို့ ဝုန်းခနဲ ကျရောက်သွားလေသည်။

ထိုအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော ဝတ်စုံနက်ခေါင်းဆောင်က လက်ညှိုးထိုးညွှန်ပြရင်း မြားဖြင့်ပစ်ခွင်းရန် လှမ်းအမိန့်ပေးလိုက်သည်။



ထိုအခါ မြားသမား ဝတ်စုံနက်သုံးဦးတို့သည် သစ်ကိုင်း ပြုတ်တောက်သွားသောနေရာဆီသို့ မြားများဖြင့် ပြိုင်တူပစ်ခွင်းလိုက်ကြလေသည်။

'ဝီး....ဝီး....ဝီး....ဝီး'

'ဖောက်....ဖောက်....ဒုတ်'

'ဝှီး....ဝှီး'

'ရှပ်....ရှပ်'

'အီး....အား'

'ဘုန်း....ဘုန်း'

ထိုအခိုက်. မြားသမားဝတ်စုံနက်လေးဦးပေါ်သို့ငွေရောင်အလင်းတန်းကြီး ကွန်ချာသဖွယ် လွှမ်းခြုံသွားရ၏။

သည်တွင် အင်အားကြီးမားစွာ လွှမ်းခြုံသာရသော ငွေရောင်ဓားရိပ်တွင် ကွန်ချာအတွင်းမှ အဖွဲ့ခေါင်းဆောင်ဝတ်စုံနှင့် ဝတ်စုံနက်တို့နှစ်ဦးသာထိုးဖောက်ထွက်နိုင်ကြသော်လည်း ကျန်ဝတ်စုံနက်နှစ်ဦးတို့မှာ ဓားချက်အသီးသီး ထိခိုက်သွားရပြီး စူးစူးကျင်ကျင် ပြိုင်တူအော်ဟစ်ကြရင်း မြေပြင်ပေါ်သို့ ဘုန်းဘုန်း ပြိုလဲကျကုန်ကြ၏။

'ဘုတ်'

ငိုစဉ် လူရိပ်တစ်ရိပ် အသက်ရှင်ကျန်နေကြသော ဝတ်စုံနက်နှစ်ဦးတို့ရှေ့ ပျံသန်းကျရောက်လာ၏။

စင်စစ်တော့....

ထိုလူရိပ်က တောကျားကြီးချုံးစိန်ပင်ဖြစ်၏၊ သည်တွင် တောကျားကြီးချုံးစိန်သည် မျက်နှာဖုံးတပ်ဝတ်စုံနက်နှစ်ဦးတို့ကို မျက်မှောင်ကြုတ်ကြည့်ရင်း၊

'မင်းတို့ ဘယ်အဖွဲ့ကလဲ ငါ့ကို ဘာကြောင့်ရန်ရှာတာလဲ'

မခြကြမချမ်းလေသံဖြင့် လှမ်းမေးလိုက်တော့ ခေါင်းဆောင်ဝတ်စုံနက်က မဆိုင်းမတွပင် တုံ့ပြန်ဖြေလာသည်မှာ၊

'ကျုပ်တို့ စကြာဝိညာဉ်နက်ဂိုဏ်းကပဲ'

အဖြေစကားကြားလိုက်ရသည်နှင့် တောကျားကြီးချုံးစိန်မှာ တအံ့တသြဖြစ်ဟန်နှင့်၊

'နေစမ်းပါဦး၊ ကျုပ်နဲ့ စကြာဝိညာဉ်ဂိုဏ်းနဲ့ ဘာမှ ဆက်စပ်မှုမရှိပါဘူး'



လှမ်းပြောလိုက်တော့ စကြာဝိညာဉ်နက် အဖွဲ့ခွဲခေါင်းဆောင်ဟယ် 'လူ'က ချက်ချင်းတုံ့ပြန်ဖြေသာမှာ၊

'သိပ်ဆက်စပ်မှုရှိလို့ တောကျားကြီးကို ရှင်းလင်းတာပေါ့၊ ခင်ဗျား ရဲမက်တပ်ကြပ်ကြီးနှစ်ဦးကို လမ်းဘစ်ဝက်မှာ လုပ်ကြံတိုက်ခိုက်ပြီး ရာဇဝတ်အကျဉ်းသားလုပိုင်ချင်ကိုကယ်ထုတ်သွားတယ်မဟုတ်လား၊ ဒါကြောင့် ကျုပ်တို့ အဘက်က လူကြီးရဲ့အမိန့်အရ ခင်ဗျားကိုလာရှင်းသင်းတာပဲ'

'မင်းတို့ ဘာလာပြောနေတာလဲ၊ ငါမိကျောင်းစီးစားကြီးကိုတယ်ထုတ်ဖို့ နေခုနသာဟာ သူဘယ်မှာရှိမှန်းတောင်မသိဘူး'

'ခင်ဗျားလိမ်ညာမနေနဲ့၊ မိကျောင်းစီးစားလုပိုင်ချင်ကို ဆီလျှံအကျဉ်းထောင်ကို သွားရောက်ပို့မယ်ဆိုတာ ခင်ဗျားသိနေတာပဲ၊ ပြီးတော့ မြို့တော်ဝန်ရဲ့ လက်ရုံးတပည့်တွေကိုပဲ ခင်ဗျားကြီး သုတ်သင်ပြီး တစ်ယောက်ကို အဆိပ်ကိုက်လွှတ်လိုက်တယ်၊ ကဲ....ခင်ဗျား အဲဒါတော့ ဘာငြင်းချင်သေးလဲ'

တိကျမှန်ကန်သော ဖြစ်ရပ်ကိုထောက်၍ ပြောဆိုလာမှုကြောင့် တောကျားကြီးချုံးစိန်မှာ လုံးဝငြင်းပယ်နိုင်ခြင်းမရှိဘဲ ခေါင်းအသာညိတ်လိုက်ရင်း၊

'ဟုတ်တယ်၊ ကျုပ် ဘာမှမငြင်းချင်ပါဘူး၊ ဒါပေမယ့် ရာဇဝတ်သားမိကျောင်းစီးစား လုပိုင်ချင်ကို ကျုပ်မကယ်

ထုတ်ဘူး၊ဒါဆိုခင်ဗျားတို့ စကြာဝိညာဉ်နက်အဖွဲ့ကို ကျပ်ချွင်းလင်းဖို့ မြို့တော်ဝန်က ခိုင်းစေလိုက်တာမဟုတ်လား'

မေးလိုက်တော့ စကြာဝိညာဉ်နက်အဖွဲ့ ငယ်ခေါင်းဆောင်က အသာခေါင်းညိတ်လိုက်ရင်း။

'ဟုတ်တယ်'

သည်တွင် ကောကျားကြီးချူးစိန်၏ဘက်လက်မောင်းဆုံတွင် စိုက်ဝင်နေသော မြားဒဏ်ရာမှ မြားဆိပ်တက်လာပြီး ခေါင်းမူးနောက်လာရ၏။

ထိုအရိပ်အခြည်ကို လှမ်းရိပ်စားမိလိုက်ရသော စကြာဝိညာဉ်နက်အဖွဲ့ ငယ်ခေါင်းဆောင်က ကောကျားကြီးချူးစိန်ထံ ညာခြေစုံဖြင့် ခုန်ပျံတိုက်ခိုက်သွားလေ၏။

'ဝှိုး'

'ဖောင်း'

'ဘူး'

'ဂုတ်'



မူးဝေနေသော ကောကျားကြီးချူးစိန်မှာ ရုတ်တရက် တိုက်ခိုက်လာသည့် စကြာဝိညာဉ်နက်အဖွဲ့ ငယ်ခေါင်းဆောင်၏ ခြေကန်ချက်ကို လုံးဝ ရှောင်တိမ်းနိုင်ခြင်းမရှိပါချေ။

ဒါကြောင့် ကောကျားကြီး ချူးစိန်သည် ညည်းတွားသံတစ်ချက်ပြုရင်း ချုံဖုတ်ငယ်တစ်ခုဆီသို့ လွင့်စဉ်ကျရောက်သွားလေတော့သည်။

* * *

## အခန်း (၁၅)

ထိုအခါ စကြာဝိညာဉ်နက်အဖွဲ့သား နှစ်ဦးတို့သသည် ချုံဖုတ်ငယ်အစပ်ဆီသို့ လွင့်စဉ်ကျရောက်သွားသော တောကျားချုံးစိန့်ထံ မြားများဖြင့် ပစ်ခွင်းတိုက်ခိုက်လာသည်။

'ဝီး ...ဝီး'

'ဝှစ်....ဝှစ်....ဝှစ်'

'ချွင်....ဒုတ်....ဇွပ်....ဇွပ်'

'အား....အူး....အဝှန်း'

မျက်စိလျှင် နားပါးလျှပ်လွန်းသော တောကျားကြီး ချုံးစိန်သည် လေထုကို အရှိန်အဟုန်ပြင်းပြစွာ ထိုးဖောက်ကာ



လှုပ်ရှားမှုအား ကြားလိုက်ရသည်နှင့် သူ၏ လက်နက်ပုန်းများဖြင့် ပစ်ခွင်းခုခံလိုက်လေ၏။

ထိုအခါ သူ၏လက်နက်ပုန်းများမှာ စကြာဝိညာဉ်နက်အဖွဲ့နှစ်ဦး မြားနှစ်ချက်မှ တစ်ချက်ကိုသာ ခုခံဖယ်ရှားနိုင်သော်လည်း ကျန်မြားတစ်စင်းက တောကျားကြီးချုံးစိန့်၏ ညာ ကဲမောင်းဆုံသို့ ထိမှန်စိုက်ဝင်သွားရ၏။

ထို့ အတူပင် စကြာဝိညာဉ်နက်အဖွဲ့သား နှစ်ဦးတို့သည် တောသားကြီး ချုံးစိန်ပစ်ခွင်းလိုက်သောလက်နက်ပုန်း ကိုယ်စီထိ န်သွားရပြီး မြေပြင်ပေါ်သို့ သွေးခေါင်းသံများနှင့်အတူ ပြိုလဲကျကုန်ကြသည်။

သည်နောက် စကြာဝိညာဉ်နက် နှစ်ဦးတို့ အလောင်းကိုယ် စီတစ်ချက်ပင်ကြပြီး ဇီဝိန်ချုပ်ငြိမ်းသွား၏။

ထိုအချိန်တွင်....

ဒုတိယမြောက် ညာဘက်လက်မောင်းအိုးသွင် မြားချက် တစ်ချက်ထိမှန်သွားရသော တောကျားကြီး ချုံးစိန်မှာ စူးရှနာကျင်စွာ ညည်းညူရင်း သစ်ရွက်ခြောက်များပေါ်ဝယ် လူးလွန့်နေရသည်။

ဒု ခု သူ့ လက်နှစ်ဖက်လုံးမှာ မြားချက်တို့ ထိမှန်ထားရ ၍ ဖြင့် ကောင်းစွာလှုပ်ရှားနိုင်ခြင်းမရှိတော့ပေ၊

ပြီး သူ သည်နေရာသို့ စကြာဝိဥာဉ်နက်အဖွဲ့တို့ နောက်ထပ်ရောက်ရှိလာသည်ကို စိုးရိမ်ကြောင်းကြရမိပြီး မြေပြင်ပေါ်မှ အားယူထလိုက်သည်။

ထို့နောက် သူမြင်းကိုရှာဖွေကြည့်လိုက်၏၊ ထိုစဉ်မှာပင် သခင်အလိုကိုသိသော မြင်းညိုကြီးမှာ မြားဒဏ်ရာများနှင့် ဒယီးဒယိုင်ရှိနေရသည့် တောကျားကြီးချူးစိန်ဆီသို့ရောက်ရှိလာသည်။

ထိုအခါ တောကျားကြီး ချူးစိန်မှာ မြင်းညိုကြီးပေါ်သို့ကိုယ်ဖော့၍ ခုန်တက်လိုက်၏။

ပြီးနောက် သူနာကျင်စူးရှမှု ဝေဒနာဆိုးကို ကြိတ်မှိတ်ခံစားရင်း မြင်းညိုကြီး၏ ကျောထက်ပေါ်ဝယ် ဝမ်းလျားထိုးမှောက်၍ ထိုနေရာမှစိုင်းနှင်ထွက်လာ၏။

မြင်းညိုကြီးခြေဦးတည့်ရာ သယ်ဆောင်ရာနောက် မြားဆိပ်တရိပ်ရိပ်တက်နေရသော တောကျားကြီးချူးစိန်မှာ သတိရတစ်ချက် မရတစ်ချက်လိုက်ပါလာရလေ၏။

ရေနွေးတစ်အိုးချက်ခန့် ကြာသောအခါ မြင်းညိုကြီးမှာ တောလမ်းမှဖဲကြဉ်၍ သစ်ပင်များကြားက လက်ဆက်ပြေးလွှားလာသည်။



ထိုအခိုက်မှာ....

'ဖြောင်း'

'ဟီး....ယီး'

'ဝုန်....ဘုတ်း'

အမှတ်မထင် မြင်းညိုကြီးမှာ သစ်ရွက်ခြောက်များ ဖုံးအုပ်နေသော ချိုင့်ခွက်ငယ်တစ်ခုထဲသို့ ခြေနှစ်ချောင်းစလုံး ကျွံဝင်သွားရပြီး ရှေ့သို့ ကျွမ်းပစ်လဲကျသွားရလေသည်။

ထိုအခါ မြင်းညိုကြီး၏ ကျောပေါ်တွင် သတိလစ်ကာ လိုက်ပါလာရသော တောကျားကြီးချူးစိန်မှာ တစ်နေရာသို့ လွင့်စဉ်ကျရောက်သွားလေ၏။

သည်တွင် တောကျားကြီး ချူးစိန်သည် နာကျင်မှုဝေဒနာကို ကြိတ်မှိတ်ခံစားရင်း လဲကျနေရာမှ အားယူကာ ကုန်းထလေသည်။

ပြီး သူ ဒယီးဒယိုင်ဖြင့် သစ်ပင်တွေကြား ကွေ့ပတ်ရှောင်ရင်း ရွှေ့လျားလာခဲ့၏။

သို့နှင့် သူ့အမြင်အာရုံတို့ ဝေဝါးစူးရှနာကျင်လာသော ဝေဒနာတို့ကို ကြိတ်မှိတ်ခံစားရင်း တရွေ့ရွေ့လျှောက်လာရင်းက ကုန်းဆင်းမြေလျှောအရောက်တွင် သတိလစ်ကာ ခွေခနဲ လဲကျသွားလေသည်။

ထိုနောက် သူကြည်လင်ပြာလွင်နေသော ကောင်းကင်ပြင်ကြီးကို ဝိုးတဝါး လှမ်းမြင်ရင်းက သူ့အသိအာရုံတို့ အမှောင်ထုရုတ်ခြည်းဖုံးလွှမ်းရလေ၏။

သူ လုံးဝ...လုံးဝ သတိလစ်သွားရချေပြီ။

သူ သတိလစ်လဲကျနေရာ ကုန်းဆင်း ဆင်ခြေလျှောအဆုံး၌ တသွင်သွင်စီးဆင်းရစ်နေသော စမ်းချောင်းတခုသား တစ်ခု ရှိနေလေသည်။

ထိုအချိန်မှာပင် အမျိုးသမီးတစ်ယောက် စမ်းချောင်းကလေး၌ ရေချိုးနေသည်။ ရေချိုးပြီး သူမချုံဖုတ်ငယ်ကစ်မံ အနားတွင် ထားရှိသည့် ထင်းခြောက်စည်း တစ်စည်းဆီသို့ ဦးတည်လျှောက်လှမ်းလာလေသည်။

အနားရောက်သော် သူမ ထိုထင်းခြောက်စည်းကို မယူ၍ ခေါင်းပေါ် တင်လိုက်သည်။

ပြီးနောက် သူမထင်းခြောက်စည်းကို ရွက်လျက် ချုံဖုတ်ငယ်အားကွင်းရှောင်၍ ကုန်းမို့မို့ပေါ်သို့တက်ရောက်လာခဲ့လေသည်။



ထိုအခါသူမ ကုန်းမို့မို့ပေါ်၌ သတိလစ်မေ့လဲနေသော သွေးအလူးလူးနှင့် တောကျားကြီးချုံးစိန်ကို လှမ်းမြင်တွေ့ရပြီး အံ့သြတုန်လှုပ်သွားရ၏။

'ဟယ်....လူ...သူကြီးတစ်ယောက် သွေးတွေရွှဲနစ်ပြီးနေသနေပါလား၊ ဒုက္ခပါပဲ ဟိုဘက်မှာသင်းခွေနေတဲ့ ဖေဖေမှ့ကို အမြန်ပြေးခေါ်မှပဲ'

အထိတ်တလန့်ပြောဆိုပြီးနောက် ထင်းခွေ မိန်းမပျိုလေးမှာ ခေါင်းပေါ်တွင်ရွက်ထားသော ထင်းခြောက်စည်းကို မြေပြင်ပေါ်သို့ ပစ်ချလိုက်၏။

ပြီးနောက် သူမမိခင်ကြီးရှိရာစမ်းချောင်းအထက်ဘက်သို့ သမင်ပျိုမလေးအလား လှစ်ခနဲပြေးလွှားသွားလေသည်။

'အမေ....အမေ ဟော....ဟောဟဲ'

အလောတကြီးပြေးလာရမှုကြောင့် သူမမှာအမောဆို့ပြီး စကားကိုမပြောနိုင် ဖြစ်နေရ၏။

ထိုအခြေအနေကို မြင်တွေ့လိုက်ရသောမိခင်ဖြစ်သူကသမီးဖြစ်သူထံ အထိတ်တလန့်ဖြင့် လှမ်းမေးလိုက်သည်မှာ....

'ဟဲ့....ဆန်လင်း အမောတကြီးပြေးလာရအောင် ဘာဖြစ်လာလို့လဲ'

ဆန်လင်းဟု လှမ်းအမေးခံလိုက်ရသော မိန်းမပျိုလေးက တံတွေးတစ်ချက် မျိုချလိုက်ပြီးမှ....

'မေ....မေ ဟို... ဟို ကုန်းဆင်းပေါ်မှာ သွေး....သွေးတွေ ရွှဲနစ်ပြီး လူ.... လူကြီးတစ်ယောက် သေနေတယ်၊ သူ့လက် မောင်းနှစ်ဖက်စလုံးမှာလဲ မြားတွေစိုက်နေတယ်၊ အဲ....အဲဒါ တွေ့လို့ မေမေ့ကို လာပြောတာ၊ အဲ့....အဲဒါဘယ်သိုလုပ်မလဲ'

ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြောဆိုနေသော သမီးဆန်လင်း ကို ဒေါ်ကျိုဟန်လင်းစိုက်ကြည့်ရင်း သက်ပြင်း မသိမသာချ လိုက်ကာ....

'အင်း....အဲဒီလူ သေနေတာကော ဟုတ်ရဲ့လား'

'ဒါတော့ သမီးမသိဘူး'

'လာ....လာ သွားကြည့်ရအောင်'

'ဟုတ်ကဲ့ မေမေ'

သို့ဖြင့် ဒေါ်ကျိုဟန်လင်းနှင့်ဆန်လင်းတို့သည် သစ်ပင်ချုံ နွယ်များကို ကွေ့ပတ်ရှောင်တိမ်းရင်း တောင်ကုန်း ဆင်ခြေ လျှောဆီသို့ ဦးတည်လျှောက်လှမ်းလာလေသည်။

ပြောရမည်ဆိုလျှင်....



ဒေါ်ကျိုဟန်လင်းနှင့် ဆန်လင်းတို့သည် မိကျောင်းစိမ်း စားသူပိုင်ချုပ် ကယ်တင်ပေးမှုကြောင့် ရှစ်မျက်နှာကျား ရဲကျို ပွားလက်ထဲမှလွတ်မြောက်လာရပြီး သည်တောအုပ်နှင့်မလှမ်း မကမ်းရှိ မထင်မရှား ရွာငယ်လေးတွင် လာရောက်ဇာတ်မြှုပ် နေထိုင်ခြင်း ဖြစ်လေသည်။

အခုလဲ ဒေါ်ကျိုဟန်လင်းတို့ သားအမိမှာ အိမ်သုံးရန် အတွက် သည်တောအုပ်အတွင်းသို့ ထင်းခြောက်လာခွေခြင်း ဖြစ်လေသည်။

သို့နှင့် သူတို့သားအမိ ဆင်ခြေခုံထိပ်တွင် မြားနှစ်ချောင်း ဘယ်ညာ စိုက်ဝင်လျက် သွေးသံ့ တရွှဲရွှဲဖြင့် လဲကျနေသော တောကျားကြီးချူးစိန် အနားရောက်ရှိလာလေသည်။

သည်တွင် အတွေ့အကြုံ ရင့်ကျက်သူပီပီ ဒေါ်ကျိုဟန်လင်း မှာသတိလစ်နေသောတောကျားကြီးချူးစိန်အနားဒူးထောက် ထိုင်ချလိုက်လေသည်။

ပြီးနောက် သူမသည် တောကျားကြီးချူးစိန်၏ ညာလက် ကောက်ဝတ်ကို သူမ၏ညာလက်ဖြင့်ဆုပ်လိုက်ရင်း သွေးတိုးမှု ရှိ မရှိ စမ်းသပ်ကြည့်လိုက်သည်။

'ဟင်.... သ....သမီး သွေးတိုးနေသေးတယ်၊ ဒီလူမသေ သေးဘူး'

အသက်ရှင်နေမှန်း စမ်းသပ် သိရှိလိုက်ရ၍ ဒေါ်ကျီဟန်လင်းမှာ အံ့သြတကြီး ပြောလိုက်လေသည်။

သည့်တွင်ဆန်လင်းမှာ ဆေးမှင်ကြောင်းများဖြင့် ရုပ်ဖျက်ထားသော တောကျားကြီးချူးစိန်ထံ အကဲခတ် ကြည့်ရှုနေရင်း က....

'မေမေ ဒါဆို ဒီလူကြီးကို သမီးတို့အိမ်ခေါ်ပြီးဆေးကုသ ပေးရင်ကောင်းမယ်၊ မေမေလဲဆေးကုတတ်တာပဲ'

လူအသက်တစ်ချောင်းကို ကယ်တင်လိုသော ဖြူစင်သည့် စိတ်နှင့်ပြောဆိုလာသော သမီးဖြစ်သူ ဆန်လင်း၏ ဆိုစကားကိုကြားလိုက်ရသဖြင့် ဒေါ်ကျီဟန်လင်းမှာ ကျေနပ်စွာ ပြုံးလိုက်ရင်း....

'ဟင်း....ဟင်း....သမီးရဲ့လူသားချင်းစာနာတဲ့စိတ်ကိုမေမေ ချီးကျူးပါတယ်၊ ဒါပေမယ့် ဒီလူဟာ လူဆိုးလား လူကောင်းလားမသိရဘူး၊ တကယ်လို့အများကိုဒုက္ခပေးနေတဲ့ ရာဇဝင်လူဆိုးကြီးဆိုရင် ကျားသေကို အသက်ပြန်သွင်းပေးသလို ဖြစ်နေမယ်'

ပြောတော့ ဆန်လင်းမှာ မိခင်စကား နားထောင်သည့်ဟန်နှင့် ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....



'ဟုတ်ကဲ့ ဒါဆို သူ့ကို ဒီအတိုင်းပဲ လျစ်လျူရှုထားခဲ့ရမလား၊ ပြီးတော့ ဒီလူကြီးမျက်နှာက ဆေးမှင်ကြောင်တွေဆွဲပြီး ရုပ်ဖျက်ဖုံးကွယ်ထားတော့ အကြောင်း တစ်ခုခုတော့ရှိရမယ်'

ထိုစကားကြားလိုက်ရသည်နှင့်ဒေါ်ကျီဟန်လင်းမှာ တောကျားကြီးချူးစိန်၏မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုလိုက်ပြီး....

'ဟင်....ဒီ....ဒီမျက်နှာဟာ ကိုချူးစိန် မျက်နှာပေါက်ပါလား'.

တအံ့တသြ ရေရွတ်ပြောဆိုပြီးနောက် ဒေါ်ကျီဟန်လင်း၏ အကြည့် သမီးဟန်လင်းထံ ရွေ့ပြောင်းရောက်ရှိသွားရပြီး....

'သမီး ခေါင်းမူးကို စမ်းချောင်းသွားပြီး ရေစွတ်ယူလာခဲ့စမ်း'

'ရှင်...မေမေ ဘာလုပ်မလို့လဲ'

နားမလည်ဟန်ဖြင့် ဆန်လင်းမှာ မိခင်ကြီး ဒေါ်ကျီဟန်လင်းထံ တို့ပြန်မေးလိုက်သည်၊

သည်တွင် ဒေါ်ကျီဟန်လင်းမှာ သက်ပြင်း မသိမသာချလိုက်ပြီးနောက်....

'ခြြဲ... ဒီလူကြီးရဲ့ မျက်နှာပေါ်က ဆေးမင်ကြောင်တွေ ဖျက်ပြီး လူခ်ါးလူကောင်းဆိုတာ အကဲခတ်ကြည့်ရအောင် လို့ပါ'

ပြောလိုက်တော့ သူမမှာ ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီး—

'ဟုတ်ကဲ့ မေမေ'

သည့်နောက် သူမ ကုန်းဆင်ခြေလျှောအတိုင်း စမ်းချောင်းသို့ ခပ်သုတ်သုတ် ထွက်ခွာသွားလေသည်။

သိပ်မကြာပါချေ။

ဆန်လင်းမှာ ရေခွက်ထားသော ခေါင်းမှုးအဝတ်စကို ယူဆောင်၍ ဒေါ်ကျံဟန်လင်းထံ အလျင်အမြန် ရောက်ရှိ လာလေသည်။

ထိုစဉ် ဒေါ်ကျံဟန်လင်းမှ သမီးလေးဆန်လင်းထံမှ ရေစိုခေါင်းမှုးအဝတ်ကို လှမ်းယူပြီးနောက် သတိလစ်ကောင်း နေသော တောကျားကြီးချုံးစိန်၏ မျက်နှာပေါ်မှာ ရုပ်ဖျက် ထားသည့် ဆေးမင်ကြောင်များကို ရေစိုဝတ်နှင့် ပွတ်သပ် ဖျက်ပစ်လိုက်လေ၏။

ထိုအခါ မျက်နှာပေါ်မှ ဆေးမင်ကြောင်ရုပ်များ ပျက် သုဉ်းသွားရပြီး တောကျားကြီးချုံးစိန်၏ ပကတိရုပ်သွင်အား ဘွားခနဲ ပေါ်ပေါက်လာရလေသည်။



'ဟင်....ကို....ကိုချုံးစိန်ပါလား'

တောကျားကြီးချုံးစိန်၏ ပကတိရုပ်သွင်ကို တွေ့မြင်လိုက် ရသော ဒေါ်ကျံဟန်လင်း အံ့ဩတုန်လှုပ်စွာ ပြောဆိုမိလိုက် လေတော့သည်။

'ရေ ရေ'

ရေကို ငတ်ငတ်မွတ်မွတ် တောင်းဆိုလှာသောအသံကို အခန်းအပြင်ဘက်တွင် ရှိနေသည့် ဆန်လင်း ကြားသိသွားရပြီး....

'ဟင်....မေမေ....ဟိုလူကြီးသတိရလာပြီ ၊ရေတောင့်တနေတယ်'

လှမ်းပြောလာသော သမီးဖြစ်သူ၏ ဆိုစကားကို ကြားလိုက်ရပြီး ဒေါ်ကျိဟန်လင်း၏ရင်ထဲ စိတ်မကောင်းခြင်းဖြစ်စွာ ခံစားလိုက်ရကာ....

'သွား....သွားတိုက်လိုက်ပါ သမီးရယ်၊ ပြီးရင် ငါ့ရဲ့ ဆန်ပြုတ်လေး ပြုတ်လိုက်ပါ'

'ဟုတ်ကဲ့ မေမေ'

ဟုဆိုကာ ဆန်လင်းက ခေါင်းတစ်ချက်ညိတ်ပြီးနောက် အခန်းထဲသို့ ရေခွက်နှင့် ဇွန်းကိုယူ၍ ဝင်ရောက်သွားလေသည်။

အခန်းထဲရှိ ဝါးကြမ်းခင်းပြင်ပေါ်တွင် လှဲလျောင်းနေသော တောကျွားကြီး လီချူးစိန်ထံ သူမ ချဉ်းကပ်ရောက်ရှိသွား၏။



ထိုအချိန်တွင် ချူးစိန်မှာ မျက်လုံးအစုံ ဖွင့်ဟလျက် ရေကို တမ်းတမ်းတတရှော်တောင့်တနေ၏။

ထိုစဉ် ဆန်လင်းက အသံချိုချိုလွင်လွင်ဖြင့်....

'ဦးလေး ကျွန်မ ရေခွန့်တိုက်မယ်'

မပြောတော့ အံ့ဩရိပ်များဆိုင်းသင်နေသော ချူးစိန်၏ အကြည့်က ဆန်လင်းထံရောက်ရှိ ပါပြီး....

'အေး....အေး....ဦးလေး ရေ....'

'ဟုတ်ကဲ့....ကျွန်မ ရေတိုက်မလို့ရောက်လာတာပါ'

ထည်နောက် ဆန်လင်းသည် ရေခွက်ထဲမှရေကို ဇွန်းနှင့်ခတ်၍ ချူးစိန်ကို ခွန့်တိုက်လိုက်၏။

တောကျား ချူးစိန်၏ဝမ်းတွင်းသို့ ရေအချို့ဝင်ရောက်သွားပြီးနောက် ပူခလှာင်နေသော သူ့ရင်မှာ အေးမြသွားရသည်။

'ကျေး....ကျေးဇူးပါပဲ၊ဦး....ဦးလေးကို သမီးတို့ကယ်တင်ထားတာလား'

မေးလာတော့ သူမမှာ ခေါင်းအသာညိတ်လိုက်ရင်း…

‘ဟုတ်ပါတယ်၊ သမီးတို့ ထင်းခွေသွားရင်း မြားဒဏ်ရာနဲ့ သတိလစ်နေတဲ့ ဦးလေးကိုတွေ့ပြီး တယ်တင်လာခဲ့ကြတာပါ၊ ဦးလေးရဲ့ဒဏ်ရာကိုတော့ သမီးအမေပဲ ကုသပေးတာပါ’

‘ကြော်….’

သည်တွင် တောကျားကြီးချူးစိန်မှာ ဆန်လင်း၏ မျက်နှာလေးကို ငေးစိုက်ကြည့်မိရင်း သူ့ရင်ထဲဝယ် တစ်မျိုးတစ်မည် ပေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

ထိုစဉ် ဆန်လင်းက ကိုယ်ချင်းစာနာသောလေသံဖြင့်….

‘ဦးလေး သတိလစ်မေ့မျောနေတာ သုံးရက်လောက်ရှိပြီ ဆိုတော့ ဗိုက်ဆာနေမှာပဲ၊ ကျွန်မဆန်ပြုတ် အမြန်ဆုံး သွားပြုတ်ပေးပါမယ်’

‘အေး အေး’

သည့်နောက် ဆန်လင်းမှာ ဆန်ပြုတ်ပြုတ်ရန် အတွက် အခန်းထဲမှထွက်လာခဲ့လေသည်။

သို့ဖြင့် ရက်သတ္တ တစ်ပတ်ကြာသောအခါ တောကျားကြီးချူးစိန်၏အခြေအနေမှာ အတော်လေး ကောင်းမွန်လာရ လေသည်။



သူ၏မြားဒဏ်ရာမှာလည်း အတော်လေး ကျက်စပြုလာ လေသည်။

သို့ရာတွင် သူသည် တဲလေး၌နေထိုင်ခဲ့သည်မှာ ရက်အတန် ကြာပြီဖြစ်လေသည်။

ဆန်လင်း၏မိခင်ကြီးကို မြူသည်မည်းသည် မသိရသေး၍ လုံးဝ သူ့ဆီသို့ ခေါ်ကျိဟန်လင်းရောက်ရှိလာခြင်း မရှိချေ၊

သူလည်း သူစိမ်းတရံဖြစ်နေသဖြင့် သူ့ကိုဘာကြောင့်ဆွမျိုး ရင်းချာပမာ ပြုစုနေသော ဆန်လင်းအား မေးမြန်းစပ်စုခြင်း မရှိခဲ့ချေ။

တစ်နေ့ နေ့လယ်ခင်းမှာ ချူးစိန်မှာ တဲအပြင်သို့ ထွက်ရန် အတွက် တဖြည်းဖြည်း လျှောက်လှမ်းလာခဲ့၏။

တဲအပြင်ရောက်တော့ ခနခင်းနေမှာခြစ်ခြစ်တောက်ပူပြင်း လျက်ရှိနေသည်ကို သူတွေ့မြင်လာရလေသည်။

‘အင်း….ငါ့ရဲ့ ကျေးဇူးရှင်သားအမိဟာ ရွာစွန်ဘက်မှာပဲ ကောင်းပါတယ် လွတ်လွတ်လပ်လပ် အေးအေး ချမ်းချမ်းရှိ တာပေါ့’

ထိုသို့ ချူးစိန်မှာ ဒေါသဘီဝန်းကျင်ကို လှမ်းအကဲခတ်ရင်း ရေရွတ်ပြောဆိုလိုက်မိလေသည်၊ ထိုစဉ်မှာပင်….

လမ်းဘက်ဆီမှ ဖွဲ့ကြင့်၍ လူသွားလမ်းကျဉ်းအတိုင်းအမျိုးသမီးကြီးတစ်ဦး ဈေးခြင်းတောင်း တစ်လုံးဆွဲ၍ တဲဆီသို့ဦးတည်လျှောက်လာသည်ကို သူလှမ်းမြင်တွေ့ရပြီး....

'ဟိုက လှမ်းလာနေတာ ငါ့ကိုကယ်တ လိုက်တဲ့ကျေးဇူးရှင်မိန်းမကြီးထင်တယ်၊ ငါ တဲနောက်ဘက်မှ အသာချောင်းမြောင်းပြီး အကဲခတ်လိုက်ဦးမှ'

ရေရွတ်ပြောဆိုပြီးနောက် ချူးစိန်မှာ တဲအနောက်ဘက်သို့ တဖြည်းဖြည်း လျှောက်လှမ်းသွားလေသည်။

ကွမ်းနှစ်ညက်ခန့်ကြာသောအခါ ဈေးခြင်းတောင်းဆွဲလာသော ဒေါ်ကျီဟန်လင်းမှာ တဲရှေ့သို့ရောက်ရှိလာလေသည်။

ထိုအချိန်တွင်....

ချူးစိန်မှာ ထရံပေါက်များကြားမှ တဲရှေ့ ရောက်ရှိလာသော ဒေါ်ကျီဟန်လင်းထံ လှမ်းအကဲခတ်ကြည့်ရှုလိုက်ရာ....

'ဟင်....မမ ကျီဟန်လင်းပါလား၊ ဒါ....ဒါဆို ငါ့ကိုကယ်တင်ခဲ့တဲ့သူဟာ ကျီဟန်လင်းဖြစ်နေတာကိုး၊ ငါသွားရင်ဆိုင်တွေ့လိုက်မှပဲ၊ ငါ့ကို နေ့တိုင်းလို ပြုစုနေတဲ့ ကလေးမဟာအင်း....သူ့ကို ငါ ပွင့်ပွင့်လင်းလင်းမေးလိုက်ရင် အဖြေပေါ်လာမှာပဲ'။



ထိုသို့ ချူးစိန်မှာ စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်ပြီးနောက် နောက်ဖေးဝင်ပေါက်ဆီသို့ လျှောက်လှမ်းသွားလေသည်။

အကြောင်းဟူမူ....

ဒေါ်ကျီဟန်လင်းတစ်ယောက် တဲအိမ်အတွင်းသို့ ကျော်ဖြတ်သန်းပြီး နောက်ဖေးမီးဖိုချောင်သို့ ဦးတည်လာသည်ကို သူလှမ်းမြင်တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုအခိုက်....

နောက်ဖေးမီးဖိုချောင်သို့ရောက်ရှိလာသော ဒေါ်ကျီဟန်လင်းမှာ မှောင်နေသဖြင့် နောက်ဖေးတံခါးကန့်လန့်ကိုဖြုတ်၍ ဖွင့်လိုက်ရာ....

'အမယ်လေး'

'ညီမ အစ်ကိုပါ'

ရုတ်တရက် တံခါးဖွင့်ဖွင့်ချင်း တံခါးပေါက်တွင် ပတ်တီးအဖွေးသားနှင့် မားမားကြီးရပ်နေသော ချူးစိန်ကိုမှတ်မထင်ဘဲ လှမ်းမြင်တွေ့လိုက်ရမှုကြောင့် အထိတ်တလန့်ဖြစ်ကာအော်ဟစ်မိလိုက်လေသည်။

ထိုစဉ် တောကျားကြီးချူးစိန်က တရင်းတနှီး လေသံဖြင့် အထက်ပါအတိုင်းပြောဆိုလိုက်မှဒေါ်ကျီဟန်လလင်းကြောက်ရိပ်လွင့်ပြယ်သွားရလေသည်။

ပြီး သူမမျက်နှာပေါ်ဝယ် ခံပြင်း နာကြည်းရိပ်များ စိုးတက်လာပြီး....

'ခြော်...ရှင်က ဘာသဘောနဲ့ အခုလို ကျွန်မ အထိတ်တလန့်ဖြစ်အောင် လုပ်ရတာလဲ'

အပြစ်တင်စကားပြောဆိုလာသဖြင့် တောကျားကြီး ချူးစိန်မှာ တောင်းတောင်းပန်ပန် လေသံဖြင့်....

'ညီ...ညီမကို တမင်ထိတ်လန့်ဇစေအောင်လုပ်တာ မဟုတ်ပါဘူးကွာ၊ အစ်ကို့အသက်ကို ကယ်တင်ခဲ့သူဟာ ညီမဖြစ်နေမှန်းသိလိုက်ရပြီး အားရဝမ်းသာ တွေ့ချင်လို့ အခုလိုဖြစ်သွားရတာပါ'

သည့်တွင် ဒေါ်ကျီဟန်လင်းက ဝမ်းသာရိပ် လွှမ်းခြုံနေသော ချူးစိန်ထံ အမုန်းမျက်စောင်း ထိုးလွှတ်ရင်း ...

'ဟင်း....သားမယားအပေါ် ရက်ရက်စက်စက် ပစ်သွားတဲ့ရှင်မှန်းသိလို့ ရှင့်ကို သွေးသံတရဲရဲနဲ့ သတိလစ် မေ့မြောနေတုန်းက အတိတ်ကနာကြည်းချက်နဲ့ သေသေရှင်ရှင်ပစ်သွားခဲ့မလို့ ဒါပေမယ့် သမီးဆန်လင်း မျက်နှာထောက်ပြီး ရှင့်ကို ဒီအိမ်ကို ကျုပ်တို့သားအမိ မနိုင်မနင်း သယ်ခဲ့ရတာ'



ထိုစကားကြားလိုက်ရသည်နှင့် ချူးစိန်မှာ လှုပ်လှုပ် ရှားရှားလေသံဖြင့်....

'ညီမ ဆန်လင်းဆိုတာ ဒီအစ်ကို့ကို ပြုစုနေတဲ့ ကလေးမလား'

'ဟုတ်တယ်'

'သူ....သူဟာ အစ်ကို့ရဲ့ သ....သမီးပေါ့ ဟုတ်သလား'

'ဟုတ်တယ် သမီးလေး လသား ရှိယ်မှာ ရှင် ကျွန်မတို့ မိသားစုကိုပစ်ပြီး သိုင်းလောကထဲမှာ ဆိုးသွမ်းကောင်းကျန်းနေတာလေ၊ အဲဒီအချိန်တုန်းက ကျွန်မတို့သားအမိသုံးဦးမှာ ဘယ်လောက် ဒုက္ခ အကြီးအကျယ် ရောက်ခဲ့ရတာ ရှင်သိသလား'

'အစ်ကို အဲဒီအတွက် အခုတိုင် နောင်တရမဆုံးပါပဲ၊ အဲ အစ်ကိုနောင်တရလို့ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေမယ်ဆုံးဖြတ်ပြီး ညီမဆီ ရောက်လာပါသေးတယ်၊ အဲဒီအချိန်မှာ ညီမ လူတစ်ယောက်နဲ့ အိမ်ထောင်ကျသွားမှန်းသိလို့ ဘာမှ အနှောင့်အယှက်မပေးပဲ စိတ်ထိခိုက်ပြီး နောက်ကြောင်း ပြန်လှည့်ခဲ့ရတာပါ၊'

ဤသို့ တောကျားကြီး ချူးစိန်နှင့် ဒေါ်ကျီဟန်လင်းတို့ မီးဖိုချောင်တွင် အတိတ်ကြောင်း ကို အချီအချပြောဆိုနေကြစဉ်မှာပင် လူရိပ်တစ်ရိပ် အိမ်ခြေရင်းဘက် ထရံဆီသို့ ချဉ်းကပ်ရောက်ရှိလာ၏။

ပြီး ယင်းလူရိပ်မှာ မီးဖိုချောင်ဘင်းဝယ် ကြေကြေကွဲကွဲ ခံပြင်းပြောဆိုနေကြသည့် စကားများကို အသာချောင်းနား ထောင်နေ၏။

စင်စစ်တော့....

ထိုလူရိပ်မှာ တခြားလူဟုတ်ရိုးလား။

ဒေါ်ကျီဟန်လင်း၏ သမီးငယ် ဆန်လင်းပင် ဖြစ်လေတော့သည်။

အခန်း (၁၆)

## မမျှော်လင့်သော ဆုံဆည်းမှု

'ကိုချူးစိန် ကျွန်မကိုကွမ်ယွင်ချန် ကောင်းလို့ ဘဝမပျက်ခဲ့ရတာပေါ့၊ အဲဒါတော့ ရှင်သိသလား'

ယင်းသို့ ဒေါ်ကျီဟန်လင်းက ခံပြင်းကြေကွဲသံဖြင့်ပြောတော့ တစ်ချိန်က အိမ်ထောင်တာဝန် လစ်ဟင်းခဲ့ရသော တောကျားကြီး ချူးစိန်မှာ အပြစ်ရှိသူပီပီ ခေါင်းအသာညိတ်လိုက်ရင်း....

'ဟုတ်ပါတယ်....ကိုကွမ်ယွင်ချန်ဟာ လူကောင်းတစ်ဦးဖြစ်ကြောင်းသိလို့ ငါ သဘောတူခွင့်ပြုခဲ့တာပေါ့'

'ရှင်မကောင်းလို့ သမီးကြီးဟာ အိမ်စရိတ်ရအောင်ဆိုပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဈေးလိုက်ရောင်းရင်းက အစအန ရှာမရအောင် ပျောက်ဆုံးသွားတာလေ ရှင်သိသလား'

'အ....အစ်ကို အဲဒီအကြောင်း ဘာမှမသိခဲ့ရပါဘူး၊ ဒါပေမယ့် မကြာသေးခင်က သမီးကြီး ဗုက္ခနဲ့ ရင်ဆိုင်နေရလို့ အစ်ကို လှည့်ကွက်လုပ်ပြီး ရန်သူလက်ကလွတ်မြောက်အောင် ကယ်ထုတ်ပေးခဲ့ရတယ်'

ထိုစကားကိုကြားရသော ဒေါက်တာဟန်လင်းမှာ မျက်လုံးအစုံ ဝင့်ကျယ်သွားရပြီး...

'ဟင်...ရှင်....ရှင် သမီးကြီးနဲ့ ဘယ်မှာဆုံခဲ့ရတာလဲ'

သိလိုဇောနှင့် ခပ်သွက်သွက်လောမေးမြန်းလာသဖြင့် ချူးစိန်က သက်ပြင်းမသိမသာချလိုက်ပြီး....

'မင်းသမီးကြီးရဲ့ကျောပြင်မှာ မှဲ့နက်ကြီးတစ်လုံး ထင်ထင်ရှားရှားပါတာ သိမှာပေါ့ ညီမ'

'ဟုတ်...ဟုတ်တယ်'

'အေး....အဲဒီမှဲ့ကြောင့်ပဲ အစ်ကိုဟာ အစ်ကို့သမီးကြီးမှန်း သိခဲ့ရတာ၊ သူက ဟူစီအင်မြို့မှာ ရွှေရောင်သစ်ခွ သခင်မ ရိန်လင်းဆိုပြီး မိန်းမချောကြီးဖြစ်နေလေရဲ့'

'ဟုတ်လား....အခုသမီးကြီး ရိန်လင်း အဲဒီဟူစီအင်မြို့မှာ ရှိနေမှာပေါ့'



အားရဝမ်းသာဟန်ဖြင့် လှမ်းမေးလာတော့ ချူးစိန်က ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး....

'သမီးကြီး ဟူစီအင်မြို့ကနေ အန္တရာယ်ရှိနေလို့ ခရီးတည့်ရာကို ပြေးနေရပြီ....အဲဒီအကြောင်းကို ညီမတို့အိမ်ရှေ့မှာ ထိုင်ပြီး ပြောပြမှဖြစ်မယ်၊ လာ အိမ်ရှေ့သွားကြရအောင်'

'အင်း....အင်း'

သည်နောက် တောကျားကြီးချူးစိန်နှင့် ဒေါက်တာဟန်လင်းတို့ နောက်ဖေး မီးဖိုချောင်မှတစ်ဆင့် အိမ်ရှေ့သို့လျှောက်လှမ်းလာကြ၏။

အိမ်ရှေ့ခန်းရောက်တော့ သူတို့နှစ်ဦး လက်ဖက်ရည်ဝိုင်းကို အလယ်ထား၍ မျက်နှာချင်းဆိုင်ထိုင်လိုက်ကြ၏။

ထိုစဉ် အာခြောက်ကပ်နေသည့် တောကျားကြီးချူးစိန်က လက်ဖက်ရည်ခရားမှ လက်ဖက်ရည်တစ်ခွက် ငှဲ့သောက်လိုက်၏၊ ပြီးမှ သူ့လက်ထဲမှလက်ဖက်ရည်ခွက်ကို လင်ဗန်းပေါ်သို့ အသာအယာချလိုက်၏။

နောက် သူ့အကြည့် တစ်ချိန်က ဇနီးလောင်းဖြစ်ခဲ့သူ ဒေါက်တာဟန်လင်းထံရောက်ရင်း....

'အဖြစ်က ဒီလိုညီမ၊ အစချီပြီးပြောရရင် ရန်ကျူးမြို့က အစတည်ရမှာပဲ'

ရန်ကျူးမြို့ဟုကြားသိလိုက်ရသည်နှင့် ရန်ကျူးမြို့မှ ခြေရာဖျောက်ထွက်ပြေးခဲ့ရသည့် ဒေါ်ကျီဟန်လင်း၏ရင် အလိုလိုတုန်လှုပ်စွာခံစားလိုက်ရ၏။

ချူးစိန်က ဆက်၍ပြောဆိုလာသည်မှာ....

'ရန်ကျူးမြို့မှာ ကဖေအရှိန်အဝါနောက်ခံနဲ့ ကြီးစိုးမင်းမူနေတဲ့သူ့ကို မိကျောင်းစိမ်းနှစ်ထောင် အာမခံဌာနကအဖွဲ့ခေါင်းဆောင် မိကျောင်းစိမ်းခေါ်းလုပိုင်ချင်ဟာ မြို့အုပ်မင်းကိုအကျပ်ကိုင်ပြီး အပြစ်တစ်ခုနဲ့ပတ်သက်ပြီး ထောင်ခုနစ်နှစ်ကျအောင်လုပ်ခဲ့တယ်၊ ဒါကို သူ့ဖခင် မြို့တော်ဝန်ရဲထိုက်ချိကမိကျောင်းစိမ်းခေါ်းလုပိုင်ချင်ကို အငြိုးထားပြီး သမီးကြီး ရွှေရောင်သစ်ခွသခင်မရိန်လင်းနဲ့ ဟူစီအင်မြို့သူဌေးကြီး ဆင်ကျူးကျန်တို့နဲ့အကောက်ကြံပြီး မိကျောင်းစိမ်းခေါ်းကိုအပြစ်ရှာပြီး ထောင်ခုနစ်နှစ်ကျသွားလိုက်တယ်'

'ဟယ်....ဒုက္ခ....ဒုက္ခပါပဲ၊အဲဒီလုပိုင်ချင်က သူတော်ကောင်းတစ်ယောက်ပါရှင်'

'ဟုတ်ပါတယ် ဖေဖေ'

'ဟင်....သ....သမီးငယ်'



သူတို့စကားကို ခိုးနားထောင်နေတော ဆန်လင်းမှာ လုပိုင်ချင်၏သတင်းဆိုးကြီးကိုကြားသိရပြီးကြေကွဲဝမ်းနည်းကာ စကားဝိုင်းထဲသို့ ဝင်ရောက်ပြောဆိုလာခြင်းဖြစ်လေသည်မှာ မမျှော်လင့်ဘဲ၊

ပြီး....သူမမှာ မမျှော်လင့်ဘဲ ဖခင်ရင်းကိုကြုံတွေ့လာရမိပြီးဖခင်ငတ်နေရသည်မို့ လှိုက်လှဲသံဖြင့် ဖေဖေဟု ခေါ်ပြောလိုက်ခြင်းဖြစ်လေသည်။

သည့်တွင် ဖခင်ဘောကျားကြီး ချူးစိန်မှာလည်း သမီးငယ်ဆန်လင်း၏ အဖေဟု လှိုက်လှဲစွာ လှမ်းခေါ်လာသံကိုကြားရပြီး ကြေကွဲဝမ်းနည်းစွာ ခံစားမိ ပိုက်ရလေ၏။

သည်နောက် ဒေါ်ကျီဟန်လင်းနှင့်ဆန်လင်းတို့သည် ရှစ်မျက်နှာကျားရဲကျီပွား၏ အန္တရာယ်လက်ထဲမှ ကယ်တင်ပေးခဲ့သော လုပိုင်ချင်၏အကြောင်းကို ထုတ်ဖော်ပြောပြလိုက်၏၊

'အင်း....မမရိန်လင်းဟာ အစ်ကိုလုပိုင်ချင်ရဲ့အကြောင်းမသိလို့ မြို့တော်ဝန်တို့ကြိုးကိုင်ခိုင်းတာ လုပ်ဆောင်တာဖြစ်မှာပါဖေဖေ'

သမီးငယ်ဆန်လင်း၏ ဝေဖန်သုံးသပ်မှုမှန်ကန်ကြောင်း ဘောကျားကြီး ချူးစိန်မှာ ခေါင်းညိတ်ထောက်ခံလိုက်ရှင်း၊

'ငါ့လမီးဝယ်ပြောတာ ဟုတ်ပါတယ်၊ အဲ....အခုတော့ သမီးကြီး ရိန်လင်းလဲ မြို့တော်ဝန်တို့ အကြံပက်စက်ယုတ်မာမှု ကို သိသွားရပါပြီသမီး'

ဒေါ်ကျီဟန်လင်းက စိုးရိမ်ပူပန်ဟန်ဖြင့်၊

'ကျေးဇူးရှင် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်တော့ အကျဉ်း ထောင်ကြီးထဲမှာ ခုနစ်နှစ်လုံးလုံးဒုက္ခလှလှကြီးရောက်တော့ မှာပဲ'

သည်တော့ တောကျားကြီးချူးစိန်သည်စကြာဝိညာဉ်နက် အဖွဲ့သားများပြောဆိုသွားသော စကားများကို ပြန်ကြား ယောင်လိုက်ပြီးနောက် ဒေါ်ကျီဟန်လင်းထံ ထုတ်ဖော်ပြော ဆိုလိုက်သည်မှာ၊

'ညီမ....အစ်ကို စကြာဝိညာဉ်နက်အဖွဲ့တွေ ပြောဆိုခဲ့တဲ့ စကားအရဆိုရင် လုပိုင်ချင်ကိုအကျဉ်းထောင်ပို့ဆောင်ရာလမ်း ခုလပ်မှာ တစ်စုံတစ်ယောက်က ရဲမက်နှစ်ဦးကိုတိုက် ခိုက်ပြီး ကယ်ထုတ်သွားတယ်တဲ့'

'ဟင်'

'ဟယ်'



ထိုသို့ တောကျားကြီးချူးစိန်၏ဆိုစကားကို ကြားမိကြပြီး ဒေါ်ကျီဟန်လင်းနှင့်ဆန်းသင်းတို့ တအံ့တဩဖြစ်စွာ အာမေ ဋိတ်သံကိုယ်စီ ရွတ်မိလိုက်ကြ၏၊

ပြီးမှ ဆန်းလင်းမှာ စိတ်ပူပင်သဖြင့်၊

'အမေ....ဒါဆို အစ်ကိုလုပိုင်ချင်ဟာ ထောင်ပြေးဖြစ်ပြီ၊ မြို့တော်ဝန်က မြို့ရွာအနှံ့ ဆုငွေထုတ်ကြော်ငြာပြီး ဝိုင်းဖမ်း ခိုင်းတော့မှာပေါ့နော်'

တောကျားကြီးချူးစိန်မှာ ခေါင်းလေးတွဲ့စွာညိတ်လိုက် ရင်း....

'မသေချာတာပေါ့'

ဒေါ်ကျီဟန်လင်းက....

'ကိုချူးစိန် ကျေးဇူးရှင် မိကျောင်းစိမ်းခေါင်းကို အဲဒီအပြစ် မှလွတ်အောင် ဘယ်လိုလုပ်ဆောင်နိုင်မလဲ'

ဆန်းလင်းက သဘောတူ ထောက်ခံပြောဆိုကာ လာသည် မှာ....

'ဟုတ်တယ် ဖေဖေ၊ ကိုမိကျောင်းစိမ်းလုပ်ပိုင်ချင်ကာ အဖြစ်မရှိတဲ့ မြို့တော်ဝန်ရဲ့စနက်ကြောင့် ထောင်ခုနစ်နှစ်လုံးလုံး ချခံလိုက်ရတာ'

ထိုအခါ တောကျားကြီးချူးစိန်မှာ နဖူးကြုတ်၍ တွေးတောစဉ်းစားလိုက်ပြီးမှ....

'အင်း....သူ့ ကိုကယ်တင်နိုင်တဲ့နည်းတစ်နည်းကတော့ လုပ်ပိုင်ချင်ရဲ့ အာမခံဌာနခေါင်းဆောင်ကြီးဆီ ငါတို့သွားပြီး အဖြစ်မှန်ကို တင်ပြပြောဆိုကြမယ်၊ ပြီးရင်သူနဲ့အတူ ဘုရင့်နေပြည်တော်သွားပြီး ဘုရင်မင်းမြတ်ထံ အဖြစ်မှန်ကိုအသနားခံတင်ပြလိုက်ရင် ဘုရင်မင်းမြတ်ကြီး မြို့တော်ဝန်ရဲ့လုပ်ရပ်ကိုသိပြီး လုပ်ပိုင်ချင်ရဲ့အပြစ်ဒဏ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမှာပဲ'

'အား....ဖေဖေ အကြံမဆိုးဘူး ကောင်းမယ်၊ ခြေဉ်....အဖေ၊ သမီး အခုမှ သတိရတယ်၊ သမီးတို့ရွာကို ရဲမက်တပ်ကြပ်တစ်ယောက် တာဝန်ထမ်းဆောင်ရင်း ဘယ်ဘက်လက်တစ်ဖက်ပြတ်လို့ တပ်မတော်ကအနားပေးလိုက်တယ် အဲဒါ ရောက်နေတယ်၊ သူ့ကိုခေါ်ပြီး လုပ်ပိုင်ချင်ကိစ္စ ဆွေးနွေးတိုင်ပင်ကြည့်ရင် မကောင်းဘူးလား'



အကြံပေး ပြောဆိုလာသော တောကျားကြီးချူးစိန်မှာ မျက်မှောင်တစ်ချက်ကြုတ်၍ တွေးတောစဉ်းစားလိုက်ပြီးမှ....

'အေး....ကောင်းတယ်သမီး၊ အဲဒီအငြိမ်းစား ရဲမက်တပ်ကြပ်ကြီးကို ဖေဖေတို့ဆီကို ခေါ်လာခဲ့ပါ'

'ဟုတ်ကဲ့....ဖေဖေ'

* *

နံနက်ခင်းနေရောင်အောက်ဝယ် ကျင်ဆာမြစ်သည် ရွှေရောင်တောက်ပကာ တငြိမ့်ငြိမ့်စီးဆင်းနေ၏၊ အချိန်ကား နံရီမောင်း ရှစ်ချက်တီးအချိန်ရှိနေချေပြီ။

ထိုကျင်ဆာမြစ်၏ တစ်ဘက်ကမ်း၌ အိမ်ခြေ နှစ်ရာကျော်ခန့်ရှိ ဖူးပေါက်ရွာတစ်ရွာတည်ရှိနေ၏။

ဒါကြောင့် ထိုဖူးပေါက်ရွာသို့ သွားရောက်ရန်အတွက် ကျင်ဆာမြစ်ကိုဖြတ်သန်းရမည်ဖြစ်လေသည်၊ သို့မို့ကြောင့်....

ကျင်ဆာမြစ်ကို လူးလားခေါက်တုံ့ ဖြတ်သန်းရာအတွက် ကူးတို့လှေဆိပ်တစ်ခုထားရှိလေသည်။

အခုထိုကူးတို့လှေဆိပ်၌ လူသူကင်းမဲ့နေသော လှေတစ်စင်းထိုးဆိုက်ကပ်ထားလေသည်၊

ထိုအချိန်တွင်မှ....

လူရိပ်တစ်ရိပ် ကိုယ်ဖော့ပညာအသုံးပြု၍ ယင်းကူးတို့လှေဆိပ်ဆီသို့ ဟူးခနဲရွေ့လျားရောက်ရှိလာသည်။

စင်စစ်တော့ ထိုလူရိပ်က တစ်ခြားသူ မဟုတ်ပါချေ၊ မိကျောင်းစိမ်းဓား လုပိုင်ချင်ပင်ဖြစ်သည်။

မိကျောင်းစိမ်းဓား လုပိုင်ချင်သည် ဝါးတံတားထိပ်ရှိ ဝါးလုံးတိုင်တစ်တိုင်၌ ချည်နှောင်ထားသောလှေ၏ ကြိုးကို ဖြုတ်လိုက်ရသဖြင့်....



'ဟာ....လှော်ခတ်သမားလဲ မရှိပါလား၊ အင်း....ငါလှေဖြတ်လှော်ခတ်သွားရင်လဲ လှေပိုင်ရှင်နဲ့ခွင့်ပြုချက်မရဘဲ ယူသွားရင် တော်ကြာသူခိုးဟင်ပြီး စွပ်စွဲနေရင်ဒုက္ခ အသံပြုခေါ်ကြည့်လိုက်ရင်ကောင်းမယ် ဒါမှမထူးခြားဘူး ဆိုရင်တော့ လှေဖြတ်ယူသွားရမှာပဲ'

ထိုသို့မိကျောင်းစိမ်းဓား လုပိုင်ချင်မှာ တွေးတောဆုံးဖြတ်မိလိုက်သည်။

ပြီး သူနှုတ်ခမ်းဝ၌ လက်ဝါးကပ်၍ နှစ်ခါ အော်ကာ လိုက်ပြီး....

'လှေရှင်တို့လှေရှင်တို့ ကျုပ်ခရီးသွား မြစ်တစ်ဘက်ကမ်း ကူးချင်လို့ဗျို့'

အသံကုန် ဟစ်အော်ခေါ်လိုက်မိ၏၊ ထိုအခါလုပိုင်ချင်၏ အော်ခေါ်လိုက်သောအသံကျယ်ကျယ်လောင်လောင်မှာ ကျင်ဆာမြစ်တစ်ခုလုံး ပဲ့တင်သံထပ်မျှ လွှမ်းခြုံသွားရလေ၏။

ပြန့်လွင့် လွှမ်းခြုံသွားသော လုပိုင်ချင်၏ခေါ်သံစဲသွားသည်နှင့်....

'ဗွမ်း....'

'ဗွီး....'

'ဘုန်း....'

'ဟာ....'

တသွင်သွင်စီးဆင်းနေသော ကျင်ဆာမြစ်တစ်နေရာမှဗွမ်း ခနဲမြည်သံပြုရင်း မည်းမည်း ရှည်ရှည်ချောချော မာမာကျော ကျောအရာတစ်ခု လေထဲပျံလွင့်စဉ်လာပြီး ကူးတို့ဆိပ်တွင် ထိုးဆိုက်သော လှေဝမ်းထဲသို့ တန်းတန်းမတ်မတ် ကျရောက် လာလေသည်၊ ထိုအခြေအနေကို လှုပိုင်ချင်လှမ်းတွေ့မြင်ရပြီး တအံ့တသြရေရွတ်မိလိုက်လေသည်၊ သူ့လှေဝမ်းထဲသို့ လွင့်စင် ကျရောက်လာသော မည်းမည်းရှည်ရှည်မာမာအရာကို လှမ်း အကဲခတ်လှမ်းကြည့်လိုက်၏။

'ဟာ....လှော်တက်တစ်ချောင်းပါလား ဘေန္တလှေပိုင်ရှင် မြစ်ထဲငုပ်ပြီး ဘာရှာနေသလဲမသိဘူး၊ ငါအသံပြုလိုက်လို့ လှော်တက်ပစ်ပေးလိုက်တာဖြစ်ရမယ်၊ အင်း.... ဒီလူ့အစွမ်း အစကိုကြည့်ရတာ အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက်ပဲ ဖြစ် ရမယ်၊ အို....သူများအကြောင်း ဘာလို့တွေးနေရမှာလဲ ငါ့ လှေထဲဆင်းမှာပဲ'

ဆုံးဖြတ်လိုက်ပြီး အခြားအတွေးများ နှင့်ထုတ်လိုက်သော ဝါးတံတားရှည်လေးကို ဖြတ်သန်းရင်း တံတားထိပ်တွင် ချိ နှောင်ထားသော လှေဆီသို့ဦးတည် လျှောက်လှမ်းလာခဲ့လေ သည်။



'ဗွမ်း....'

'ဟူး....'

'ဘုတ်....'

'ဟာ....'

ထိုစဉ်မှာပင် ကျင့်ဆာမြစ်ပြင်အတွင်းမှာ လူရိပ်တစ်ရိပ် ဗွမ်းခနဲပေါ်ထွက်လာပြီး လေဘွေ့ထိုက်သကဲ့သို့ လှေဝမ်း ပေါ်သို့ဟူးခနဲ ပျံသန်းရောက်ရှိလာ၏၊ ထိုအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော မိကျောင်းစိမ်းခေါး လှုပိုင်ချင်မှာ တအံ့တသြဖြစ်စွာဖြင့် လှေဝမ်းထဲသို့ ပျံသန်းရောက်လာသည့် လူရိပ်အား လှမ်းအကဲခတ်ကြည့်လိုက်၏။

ထိုအခါ လှေဝမ်းအတွင်းသို့ လှုပ်လှုပ်ယမ်းခါခြင်း မရှိ အောင် တည်ငြိမ်စွာ ကျရောက်လာသော မှာ အပေါ် အ ဗလာကျင်းနေသည့် ကာယဗလတောင့်တင်း ကြံ့ခိုင် နေကြောင်း သူတွေ့လိုက်ရ၏၊ မြစ်ရေပြင်အတွင်းမှ ပေါ် ထွက်လာသူမို့ ထိုလူတစ်ကိုယ်လုံး ရေများရွှဲစိုနေ၏၊ ရေထဲ နေပူထဲလှုပ်ရှားနေသူမို့ထင့် ထိုလူအသားအရည်မှာ သပိတ် ရောင်ထနေသည်။

အသက်အားဖြင့် သုံးဆယ်ကျော်ခန့်ရှိ လူလက်ပိုင်းတစ်ဦး ဖြစ်နေသည်။

သူ့ဆံပင်များလည်း ညိုရောင်သမ်း၍ ကွန့်လိမ်ကောက်ကွေးနေ၏။

မျက်နှာက ပါးရိုးကားကားနှင့် မေးယောင့်ဆန့်ဆန့်ရှိနေ၏။

ထိုစဉ် ယင်းလူက ဝါးတံတားတွင်ရပ်တန့်နေသော လုပိုင်ချင်ထံ မျက်မှောင်ကြုတ်ကြည့်ရင်း....

'ဟေ့ လူ ဟိုဘက်ကမ်းကူးမလို့လား'

လေသံက တောသားဆန်ဆန် မာမာကျောကျောကျယ်ကျယ်လောင်လောင်ရှိနေ၏။

လှမ်းမေးလာတော့ မိကျောင်းစိမ်းစား လုပိုင်ချင်မှာ ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

'ဒါဆို လှေပေါ်ဆင်းခဲ့လေ'

လှမ်းဖိတ်ခေါ်လာသဖြင့် မိကျောင်းစိမ်းစား လုပိုင်ချင်မှာ ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး ကိုယ်ဖော့ပညာ အသုံးပြု၍ လှေဝမ်းထဲသို့ ရိပ်ခနဲခုန်ပျံဆင်းလိုက်၏။

'ဟူး....'

'ဘုတ်....'



ထိုအခါ လုပိုင်ချင်သည် လှေဝမ်းအတွင်းသို့ ညင်သာစွာခုန်ပျံရောက်ရှိသွားသည်။

သူ လှေခတ်သမားအနား ကျရောက်သွားသည်နှင့် သူ့နှာခေါင်းဝဆီသို့ နေလောင်နံ့ ရေညှိနံ့တို့ တိုးဝှေ့ဝင်ရောက်လာသည်။

သည့်နောက်လှေခတ်သမားမှာ ဝါးတိုင်ရှည်တွင်ချိတ်နှောင်ထားသော လှေဦးကြိုးကို ဖြုတ်ယူလိုက်သည်။ ပြီးနောက် လှေခတ်သမားမှာ လှေဦးကို ဖူးပေါက်ရွာဘက်ဆီ မြစ်ကမ်းပါးဆီသို့ လှော်ခတ်လှည့်ပြောင်းလိုက်၏။

'ဇွပ်....ဇွပ်....ဇွပ်'

သို့နှင့် လှေသမားသည် ကျင်ဆမြစ်ကို ခေါင်းလိုက် တစ်ရွေ့ရွေ့ဖြတ်သန်းရွေ့လျားနေသည်။

ထိုစဉ် လှေခတ်သမားမှာ ဖူးပေါက်ရွာဘက်သို့ လှမ်းမျှော်ကြည့်နေသော မိကျောင်းစိမ်းစား လုပိုင်ချင်ထံ အကြည့်ရောက်ရင်း....

'မင်းဗျား ဖူးပေါက်ရွာသွားမလို့လား'

လှမ်းမေးလာသဖြင့် လုပိုင်ချင်က လှေခတ်သမားထံသို့ ခေါင်းလှည့်လာပြီး....

'အင်း အဲဒီရွာကိုတော့ ဖြတ်သန်းရမယ်ထင်ပါတယ်'

ဖူးပေါက်ရွာကို ဦးတည်သွားနေသည်မဟုတ်၍ မီကျောင်းစိမ်းခေါ်း လုပိုင်ချင်မှာ တိကျမှုမရှိ အဖြေအား တုံ့ပြန်ပေးလိုက်၏။

'အော်…ခင်ဗျားက ခရီးရှည်သွားနေတဲ့ ခရီးသွားကိုး'

'ဟုတ်ပါတယ်'

'ဒီမြစ်ကမ်းပါးကနေ ဖူးပေါက်ရွာကိုပေါက်တဲ့လမ်းတော့ ရှိမှာပေါ့'

'ရှိတော့ရှိပါတယ်၊ ဒါပေမယ့် တစ်လီခန့်တော့ ဝေးဦးမယ်၊ ကိစ္စမရှိပါဘူး ကျုပ်မှာ လှည်းပါပါတယ် ခင်ဗျားကို အဲဒီရွာအထိ လိုက်ပို့ပေးပါ့မယ်'

အကူအညီပေးလာသည့်စကားကို ကြားရသည့် လုပိုင်ချင်မှာ ကျေးဇူးတင်သံဖြင့်….

'သခုလိုကူညီတာ ကျေးဇူးတင်ပါတယ်'

'ဟင်းဟင်း ကျေးဇူးတင်စရာမလိုပါဘူး'

သည်နောက် သူတို့ စကားကြော ပြတ်တောက်သွားပြီးနောက် လှော်တက်ထိုးခတ်သံ တဖွပ်ဖွပ် အစဉ်မပြတ်ထွက်နေ၏။

ရေနွေးအိုးတစ်အိုးကျက်ခန့်ပင် မကြာလိုက်ပါချေ၊ သိုလှေကလေးမှာ တစ်ဖက်လှေဆိပ်သို့ ရောက်ရှိသွား၏။



ပြီး သူတို့နှစ်ယောက် ကျင်ဆာမြစ်ကမ်းပေါ်သို့ ရောက်ရှိလာ၏။

ထိုအခါ မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ အစာနှက်နှင့် မြင်းညိုကြီးတစ်ကောင် ရှိနေသည်ကို လုပိုင်ချင် မြင်ရ၏။

ယင်းမြင်းညိုကြီးအနားတွင် ဒေါင့်တင်ထားသည့်အပိုမြင်းလှည်းတစ်စီး ရှိနေ၏။

လှေခတ်သမားမှာ အပိုမြင်းလှည်း၌ မြင်းညိုကြီးကို က, လိုက်၏။

ပြီးနောက် မီကျောင်းစိမ်းခေါ်း လုပိုင်ချင်မှာ လှေခတ်သမား၏ အမိုးဖွင့်လှည်းနှင့်အတူ ဖူးပေါက်ရွာသို့ ရောက်ရှိလာသည်။

ထိုစဉ် လှေခတ်သမားသည် ဖူးပေါက်ရွာစွန်ရှိ ခြံကျယ်ကြီးတစ်ခုအစွန်းသို့ ခေါ်ဆောင်သွားသည်။

'ဟင်…ဒီလူ ငါ့ကိုဘယ်ခေါ်သွားနေပါလိမ့်'

တွေးတောရှေ့ရှက်ပြောဆိုလိုက်ပြီး လှည်းမောင်းနေသည့် လှေခတ်သမားထံ လှမ်းမေးလိုက်သည်မှာ….

'ခင်ဗျား ကျုပ်ကို ဘယ်ခေါ်သွားနေတာလဲ'

ထိုအခါ လှေခတ်သမားက အပြုံးရိပ်ဖြင့် သူ့ထံ တုံ့ပြန်ပြောလာသည်မှာ….

'ခင်ဗျားတို့ဧည့်ခံမယ့်လူဆီ ပို့ပေးမယ်ပါ'

ယင်းစကားကြောင့် မိကျောင်းစိမ်းခေါင်း လုပိုင်ချုပ်မှာ တအံ့တသြဖြစ်ဟန်ဖြင့်....

'ကျုပ်ကို ဧည့်ခံမယ့်လူက ကျုပ်ကို ဘာမသိညာမသိလူစိမ်းကို ရမ်းဧည့်ခံတာပဲလား'

တို့ ပြန်ပြောဆိုလိုက်သော် လှေခက်သမားက အဓိပ္ပာယ်ပါပါ ပြုံးရယ်လိုက်ရင်း....

'ဟင်း....ဟင်း ဧည့်ခံမယ့်လူမပြောနဲ့ ကျုပ်တောင်ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ သိနေတာပဲ'

မမျှော်လင့်သည့်စကားကို ကြားလိုက်ရသဖြင့် မိကျောင်းစိမ်းခေါင်း လုပိုင်ချုပ်က လှေခက်သမားထံ မျက်ခုံးအစုံပင့်တက်မျှ ကြည့်ပြီး

'ဟင်....ကဲ ဒါဆို ကျုပ်ဘယ်သူဘယ်ဝါလဲ'

သည်နောက် လှေခက်သမားက ပခုံးတစ်ချက်တွန့်၍ ရယ်သွမ်းသွေးလိုက်ပြီး....

'ခင်ဗျား မိကျောင်းစိမ်းခေါင်း လုပိုင်ချုပ်ဆိုတာ ကျုပ်တောင်မကဘူး ဖူးပေါက်ရွာတစ်ရွာလုံးက သိကျွမ်းနေကြပြီ'

'ဟင်'



ယင်းသို့ လှေခက်သမား၏ စကားကို ကြားသိလိုက်ရပြီး လုပိုင်ချုပ်မှာ ပါးစပ်အဟောင်းသားဖြစ်မျှ အာမေဍိတ်စကား တစ်ခွန်းကို ရေရွတ်မိလိုက်၏။

ထိုအချိန်တွင်....

အမိုးဖွင့်လှည်းမှာ ခြံဝန်းအလယ်ရှိ ကျွန်းလုံးတိုင်ရှည်များဖြင့် ခိုင်ခိုင်ခန့်ခန့်တည်ဆောက်ထားသည့် ခြေတံရှည်အိမ်ရှေ့သို့ ဇက်ကြိုးသပ် ရပ်ဆိုင်းလိုက်ရလေ၏။

* * *

အခန်း (၁၇)

## ရေသူရဲနှင့် မိကျောင်းစိမ်းခေါင်း

ထိုအခိုက်မှာပင်....

အိမ်ရှေ့မှ ပျံ့လွင့်လာသောလှည်းသံကြောင့် အိမ်အတွင်း၌ လူတစ်ယောက် တံခါးပေါက်ဝဆီသို့ ရွေ့ရှားရောက်ရှိလာသည်။

ထိုအခါ သူသည် လေ့ခတ်သမား (ပါ) ရေသူရဲချိန်စီဝေနှင့်အတူပါလာသော မိကျောင်းစိမ်းခေါင်းလုပိုင်ချုပ် လှမ်းမြင်တွေ့ရပြီး အံ့ဩသွားရ၏။

'ဩော် လက်စသတ်တော့ မိကျောင်းစိမ်းခေါင်းကြီး ငါ့အပင်တပန်းမရှာဖွေရဘဲ ရောက်လာတာကိုး၊ ဟင်း....ဟင်း ရာဇဝင်ကြွေး ပေးဆပ်ရတော့မှာပေါ့'



ထိုသို့ ဆိုလူကြုံးဝါးရေရွတ်ပြောဆိုပြီးနောက် အိမ်ထဲဝင်ရောက်၍ အချက်ပေးမောင်းသံတစ်ချက် မြင်းမြင်းထန်ထန် ထုနှက်လိုက်လေ၏။

'ဒူ'

ထိုအခါ ကြည်လင်သောမောင်းသံတစ်ချက်မှာ ခြံဝန်းကျယ်တစ်ခုလုံး ပြန့်နှံ့လွှမ်းခြုံသွားရ၏။

ယင်းမောင်းထုသံကြားလိုက်ရသော လုပိုင်ချုပ်က ခေါင်းသူရဲချိန်စီဝေကို စပ်စုမိလိုက်သည်မှာ....

'အဲဒီမောင်းသံတစ်ချက်က ဘာအကြောင်းထူးတာလဲ'

ချိန်စီဝေမှာ ပြုံးလိုက်ရင်း...

'ဟင်း....ဟင်း....ဟင်း....အဲဒီမောင်းထုသံဟာ မိကျောင်းစိမ်းခေါင်းကြီးကို ခရီးဦးကြိုပြုတဲ့မောင်းသံပါပဲ၊ မကြာခင်ကျုပ်တို့ရဲ့သခင်လေး ကျွန့်အိမ်မြင့်ကြီးပေါ်က ဆင်းလာပါလိမ့်မယ်၊ စောင့်ကြည့်ပါ'

မောင်းထုသံဆိတ်သုဉ်းသွားပြီးမကြာခင်မှာပင်....

ကျွန်းအိမ်တံခါးဝမှ လူလတ်ပိုင်းတစ်ဦး ကျွန်းပြားလှေကားထစ်အတိုင်း အပြုံးရိပ်ဆောင်လျက် ဆင်းလာသည်ကို လုပိုင်ချုပ် မြင်တွေ့လိုက်ရသည်၊

ကျွန်းအိမ်မြင့်ပေါ်မှ တရွေ့ရွေ့ ဆင်းချလာသူမှာ ကျားသားရည်လဲကတ်တိုနဖူးစည်းအဖြစ်ပတ်ပြီး သူ့ဘယ်ညာလက်ကောက်ဝတ်ဆုံး၌ ကျားသားရည်လက်ပတ်တို့ကို ပတ်ထားလေသည်။

သူ့မျက်လုံးတို့က ကျားတစ်ကောင်၏မျက်လုံးအတိုင်း နီရဲစူးလက်နေ၏။

'ဟင်....ရှစ်–ရှစ်မျက်နှာကျားရဲကျိုပွားပါလား၊ ထောင်ခုနှစ်နှစ်ကျသွားတာ၊ ဘယ့်နှယ် ဒီဖူးပေါက်ရွာ ရောက်နေရတာလဲ'

လုံးဝဥဿုံမမျှော်လင့်ဘဲ ထောင်ခုနှစ်နှစ်ကျသွားရှာသော မြို့တော်ဝန်ရဲတိုက်ချီ၏သား ရှစ်မျက်နှာ ကျားရဲကျိုပွားကို လုပိုင်ချင် လှမ်းမြင်တွေ့ရပြီး နားမလည်စွာ အံ့သြတကြီး ရေရွတ်မိလိုက်လေ၏၊ သည်တွင် ကျွန်းလှေကားထစ် အောက်ဆုံးသို့ရောက်ရှိလာရသော ရှစ်မျက်နှာကျားရဲကျိုပွားက ဟားတိုက်ရယ်မောလိုက်ရင်း....

'ဟား....ဟား....ဟား မိကျောင်းစိမ်းခေါင်းကြီး မထင်မှတ်ဘဲ ကျုပ်ကို ဖူးပေါက်ရွာမှာ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံတွေ့နေရလို့ သိပ်အံ့အားသင့်နေသလား'

ထိုအခါ လုပိုင်ချင်မှာ လှည်းပေါ်မှခုန်ဆင်းပြီး ဟားတိုက်ရယ်မော ပြောဆိုနေသည့် ရှစ်မျက်နှာကျားရဲကျိုပွား ရှေ့မလှမ်းမကမ်းဆီ ရိပ်ခနဲရောက်ရှိသွား၏။



ပြီး လုပိုင်ချင်မှာ ရဲကျိုပွားထံ စူးစိုက်ကြည့်ရင်း....

'အေးဗျာ....ကျုပ်အံ့သြနေတာတော့ ဝန်ခံရမှာပဲ၊ ဘယ့်နှဲ့ ခင်ဗျား ထောင်မကျဘဲ ဒီရွာကို ရောက်နေရတာလဲ'

သည်တွင် ရဲကျိုပွားမှာ ဟက်ခနဲရယ်မောလိုက်ပြီး....

'အင်း....ခင်ဗျား အရင်ဆုံးဒီမေးခွန်း မေးလာမယ်ဆိုတာ ကျုပ် ကြိုတွက်ပြီးသားပါလေ၊ ကျုပ်ကိုယ်စား ကျုပ်နဲ့ ရုပ်ချင်းဆင်လွန်းတဲ့လူတစ်ယောက်ကို ငွေနဲ့ပေါက်ဝယ်ပြီးထောင်ထဲထည့်ပေးလိုက်တာဘဲ၊ အဲ ကျုပ်ကတော့ ဒီဖူးပေါက်ရွာမှာ ဇာတ်မြှုပ်နေရင်း ခင်ဗျားကို ကလဲ့စားချေဖို့ လူလှတ်စုံဖမ်းဖမ်းခိုင်းတာ ကြာပါပြီ၊ အခု ခင်ဗျားဟာ ရဲမက်နှစ်ယောက်ကိုလုပ်ကြံတိုက်ခိုက်ပြီး ထွက်ပြေးလာတဲ့ ထောင်ပြေးတစ်ယောက်ဘဝ ရောက်နေရပြီဆိုတာ ကျုပ် သတင်းရပြီးသား'

'ကျုပ်ထောင်ပြေးတာ လိုက်အော်လဲ ခင်ဗျားအဖေက အကောက်ကြံစီပြီး လုပ်ကြံခဲ့တာပဲ'

'ဟား ဟား ဒါကတော့ ပါးကိုက်တော့ နားပြန်ကိုက်တဲ့သဘောဘဲ၊ ကျုပ်ကို ခင်ဗျားထောင်ကျအောင် လုပ်ခဲ့တော့ ကျုပ်အဖေက တန်ပြန်ကလဲ့စားချေတာ သဘာဝကျပါတယ်၊ အခုလဲ ခင်ဗျားကိုဝိုင်းဝန်းဖမ်းဆီးနိုင်ဖို့ ကျုပ်အဖေကိုယ်တိုင်

ခင်ဗျားရုပ်ပုံနဲ့တကွ ဆုတော်ငွေငါးထောင် ထုတ်ပြန်ပြီး ရှာပုံတော်အနှံ့ ကြော်ငြာထားတယ်

'အြော်....ဒါကြောင့် ကျုပ်ကို ဖူးပေါက်တစ်ရွာလုံးက သိနေကြတာကိုး'

'သိပ်ဟုတ်တာပေါ့ဗျာ၊ ဒါကြောင့်လဲ ခင်ဗျားကျုပ်ရှေ့မှောက် ရောက်လာရတာပဲလေ'

ထိုအခိုက်မှာပင်....

'ဟူး....ဟူး....ဟူး'

'ဘုတ်....ဘုတ်....ဘုတ်'

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသော ဝတ်စုံဝါတို့ မိကျောင်းစိမ်းခေါင်းလုပိုင်ချုပ်ထံ တဟူးဟူးဖြင့် ဝိုင်းရံရောက်ရှိလာကြလေသည်။

အန္တရာယ်အရိပ်အယောင်ကို မြတ်ခနဲ လှမ်းရိပ်စားမိလိုက်သော မိကျောင်းစိမ်းခေါင်းလုပိုင်ချုပ်မှာ ခေါင်းအိပ်ထဲမှမိကျောင်းစိမ်းခေါင်းကိုဖြတ်ခနဲဆွဲထုတ်လိုက်သည်၊ထိုအခါချစ်မျက်နှာကျားရဲကျိုပွားမှာ ခုခံတိုက်ခိုက်သည့် မိကျောင်းစိမ်းခေါင်းလုပိုင်ချုပ်အခြေအနေကိုလှမ်းမြင်တွေ့လိုက်ရသဖြင့်....

'ဟင်း....ဟင်း....မိကျောင်းစိမ်းခေါင်းကြီးက ခေါင်းမာမှာနဲ့ ငှင်ဆိုင်ခုခံချင်သေးတာကိုး'



သူ စကားလုံးပြောလာသဖြင့် မိကျောင်းစိမ်းခေါင်းလုပိုင်ချုပ်မှာ သရော်ပြုံး ပြုံးလိုက်ပြီး....

'ဟင်း....ဟင်း....ရှစ်မျက်နှာကျား တစ်ယောက်ချင်းယှဉ်ရဲတဲ့သတ္တိမရှိဘဲ အများအားကိုးနဲ့ မောက်မာမနေပါနဲ့'

ယင်းသို့ ထိုးနှက် ပြောဆိုလိုက်မှုကြောင့် ရှစ်မျက်နှာကျားရဲကျိုပွား မျက်နှာနီမြန်းသွားရပြီး....

'ခြော်...ခင်ဗျားက ကျုပ်နဲ့ယှဉ်ပြိုင်ချင်တာကိုး၊ မင်းတို့အားလုံး နောက်ဆုတ်လိုက်ကြစမ်း'

ဝိုင်းရံထားကြသော သူ့အဖွဲ့သားအားလုံးတို့ကိုဘေးဖယ်ကြရန် လှမ်းအမိန့်ပေးလိုက်လေသည်။

ထိုအခါ ရှစ်မျက်နှာကျားအဖွဲ့သားတို့သည် ခပ်ဝေးဝေးသို့ ရှိသွားကြလေ၏။

သည်တွင် ရှစ်မျက်နှာကျားရဲကျိုပွားမှာ သူတိုက်ခိုက်လျှင် ဝတ်ဆင်နေကြ သံမဏိလက်သည်းသက်အိတ်ကို ကပျာအယာ စွပ်လိုက်လေသည်။

ပြီးနောက် ရှစ်မျက်နှာကျား ရဲကျိုပွားနှင့် မိကျောင်းစိမ်းခေါင်းလုပိုင်ချုပ်တို့မျက်နှာချင်းဆိုင်ကြပြီး တိုက်ခိုက်ကြရန် သိုင်းကွက်ပြိုင်တူနင်းလိုက်ကြလေ၏၊ထိုအခါ သူတို့နှစ်ယောက်သည် ခြေတံရှည်ကျွန်းအိမ်မြင့်ကြီး၏ရှေ့မြေကွက်လပ်၌ တစ်ယောက်

ကိုတစ်ယောက် စက်ဝိုင်းသဏ္ဌာန်ရစ်ပတ်၍ အကွက်ချောင်းနေကြလေသည်။

ထိုအချိန်၌မူ....

ရှစ်မျက်နှာကျားအဖွဲ့သားတို့သည် ခပ်လှမ်းလှမ်းမှပွဲကြည့်ပရိသတ်များအဖြစ် လှမ်းအကဲခတ် ကြည့်ရှုနေကြ၏။

ထိုစဉ် ရှစ်မျက်နှာကျားရဲကျီပွားသည် ညာလက် သံမဏိကျားလက်သည်းချွန်များနှင့် မိကျောင်းစိမ်းဓား လုပိုင်ချင်၏ မျက်နှာဆီသို့ လျှပ်တစ်ပြက်ထိုးစိုက်လိုက်သည်။

'ဝိုး'

'ဝှစ်'

'ချွင်... ချွင်....ချွင်'

သည်တွင် မျက်စိလျှင်လွန်းသော မိကျောင်းစိမ်းဓားလုပိုင်ချင်က ရှစ်မျက်နှာကျား၏ သံမဏိကျား လက်သည်းချွန်ရိုက်ချက်ကို မိကျောင်းစိမ်းဓားဖြင့် ဝှေ့ယမ်းခုခံ ကာကွယ်လိုက်လေသည်။

ဒါကြောင့် မိကျောင်းစိမ်းဓားနှင့်သံမဏိကျားလက်သည်းချွန်တို့ ပြင်းထန်စွာထိခိုက်သံ ကျယ်ကျယ်ခလောင်ခလောင် ခြံဝင်းကျယ်အနှံ့ပြန့်နှံ့ သွားလေသည်။



ထိုအခိုက် ရှစ်မျက်နှာကျားရဲကျီပွားသည် သူ၏တိုက်ခိုက်ချက်ထိရောက်မှုမရှိသည်ကို ကြုံတွေ့လိုက်ရသည်နှင့် သူ၏ဘယ်လက်သံမဏိကျားလက်သည်းချွန်ဖြင့် မိကျောင်းစိမ်းဓား လုပိုင်ချင်၏လစ်ဟာလျက်သည့် ဝမ်းဗိုက်ကြီးကို ဝှေ့ယမ်းတိုက်ခိုက်လိုက်လေ၏၊

'ဝှစ်'

'ဝိုး'

'ဖြောင်း'

'ဟိုင်း'

'ဝူး'

'စွပ်'

'အား'

'ဘုန်း'

ထိုအခါ မိကျောင်းစိမ်းဓား လုပိုင်ချင်သည် ရှစ်မျက်နှာကျားရဲကျီပွား၏ ဘယ်လက်ဝါး ရိုက်ချက်ကို သူ့ညာလက်ဝါးစောင်းဖြင့် ဝှေ့ယမ်းခုတ်ပိုင်း ကာကွယ်လိုက်လေသည်၊ လက်ဖျံချင်းအရှိန်ပြင်းစွာထိခိုက်သံဖြောင်းခနဲ ပေါ်ထွက်လာလေသည်။

ထိုစဉ် မိကျောင်းစိမ်းဓား လုပိုင်ချင်မှာ ဟာထွက်လျက်ရှိနေရသော ရှစ်မျက်နှာကျားရဲပွား၏ မျက်ခွက်ဆီသို့ ညာခြေစုံဖြင့် မြှောက်ပင့်ဆိုက်ဆိုက်လိုက်၏၊ သည်တွင် ခုခံကာကွယ်နိုင်ခြင်းမရှိသော ရှစ်မျက်နှာကျားရဲကျီပွားမှာမိကျောင်းစိမ်းဓား လုပိုင်ချင်၏ ညာခြေကန်ချက် ဒိမိရရဲ့ထိမှန်သွားရပြီး စူးရှနာကျင်စွာ ဟစ်အော်ရင်း ကျွန်းလှေကားထစ်အောက်ခြေ အုတ်ခုံဆီသို့ လွင့်စဉ်ကျရောက်သွားရလေသည်။

ထိုသို့ ရှစ်မျက်နှာကျားရဲကျီပွား တစ်ယောက် ထိမှန်လွင့်စဉ်သွားရသည်ကို လှမ်းမြင်တွေ့လိုက်ကြရ၏၊ အဖွဲ့သားအားလုံး အံ့သြတုန်လှုပ်သွားကြ၏။

ထိုစဉ်မှာပင်....

ရေသူရဲချိန်စီဝေမှာ သခင်ဖြစ်သူ မရှုမလှချုံးနိမ့်သွားရသည်ကို လှမ်းမြင်တွေ့လိုက်ရသဖြင့် မျက်စိချက်နှာပျက်ယွင်းသွားရပြီး အထက်သို့ခေါင်းမော့ကြည့်လိုက်ရင်း ညာလက်ဝါးတစ်ချက် ရိုပ်ခနဲ ဝေ့ယမ်းအချက်ပေးလိုက်၏။

ထိုအခိုက်မှာပင်....
'ဝီး....ဝီး....ဝီး....ဝီး'
'ဒုတ်....ဒုတ်....ဇွပ်....ဇွပ်'
'အီး....အား'

မှတ်မထင်သစ်ပင်ပေါ်မှ ငွေရောင်အလင်းတန်းလေးခု ဖြာခနဲလက်ထွက်လာရပြီး ရှစ်မျက်နှာကျားရဲကျီပွားထံ အာရ



စူးစိုက်နေသောမိကျောင်းစိမ်းဓားလုပိုင်ချင်၏ ဘယ်ညာလက်မောင်းနှစ်ဖက်တို့နှင့် ခြေသားလုံးနှစ်ဖက်ဆီသို့ ထိမှန်စိုက်ဝင်လာကြ၏၊ ထိုအခါ ခုခံရှောင်တိမ်းနိုင်ခြင်းမရှိသော မိကျောင်းစိမ်းဓားလုပိုင်ချင်သည် သစ်ပင်ပေါ်မှ ပစ်ခွင်းတိုက်ခိုက်လာကြသည့် ကြိုးရှည်ကပ်သံခကိဆူးချွန်ချိတ်လေးခုတို့ သူ့လက်မောင်းနှစ်ဖက်နှင့် နောက်ခြေသားလုံးနှစ်ဖက်ဆီသို့ စိုက်ဝင်ချိတ်မိနေ၏။

ဒါကြောင့် မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ စူးစူးဝါးဝါး အော်ဟစ်မိရင်း ရန်သူ၏ ပိုင်ပိုင်နိုင်နိုင် ဖမ်းဆီးချုပ်နှောင်မှုကို ခံလိုက်ရ၏။

သူ ကိုယ်အနည်းငယ် လှုပ်ရှားဟန်ပြုလိုက်သည်နှင့် ကြိုးရှည်ဖြင့် ထိန်းချုပ်ထားကြသော ရှစ်မျက်နှာအဖွဲ့သားလေးဦးမှာ ပြိုင်တူဆွဲလိုက်ကြသဖြင့် မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ မခံမရပ်နိုင်အောင် စူးစူးနစ်နစ် ခံစားလိုက်ရ၏။

ဒါကြောင့်....ဒါကြောင့်....

မိကျောင်းစိမ်းဓားလုပိုင်ချင်မှာ လုံးဝ လှုပ်ရှားမှုမပြုဝံ့တော့ဘဲ ငြိမ်နေလိုက်ရတော့၏။

*   *

သည်နောက် ရှစ်မျက်နှာကျားအဖွဲ့သားတို့သည် ရှစ်မျက်နှာကျားရဲကျိုပွားဏ် အမိန့်ပေးချက်အရ လုပိုင်ချင်ကို လှင်ပြင်အလည်ရှိ ကျွန်းတိုင်ကြီးနှစ်လုံးကြားဝယ် ဘယ်ညာသက်နှစ်ဖက်တို့ကို ကြိုးချီနှောင်လျက် ဖမ်းချုပ်ထားလိုက်၏။

ထိုစဉ် အသာစီးရသွားပြီးဖြစ်သော ရှစ်မျက်နှာကျားရဲကျိုပွားမှာ ဖမ်းချုပ်ထားသည့် လုပိုင်ချင်ရှေ့ ရောက်လာရပြီး၊

'ဟင်း....ဟင်း မိကျောင်းစိမ်းကြီး အခုတော့ ဖွတ်ကြီးဖြစ်သွားရဲပြီ မဟုတ်လား၊ ခင်ဗျားကြောင့် ကျုပ်ဆန်လင်းလေးကို လက်လွှတ်လိုက်ရတာပေါ့၊ အခု ဒီအကြွေးတွေကို ကျုပ်ပေးဆပ်ရတော့မယ် ရော့....ရော့'

'ဒိုး....ဒိုး'

'ခွပ်....ဒုတ်'

'အူး....အား'

'ဟား....ဟား အဲ့ဒါငါ့ဒိုးထောင်ကျအောင်လုပ်တဲ့ အပြစ်ကြွေး ဒါက ကဲ....ကဲ'

'အုန်း....အုန်း'

'အား'

'အဲဒါ ဆန်လင်းကို ကယ်ထုတ်သွားတဲ့အကြွေး ဟား....ဟား'

ထိုသို့ ရှစ်မျက်နှာကျား ရဲကျိုပွားမှာ အငြိုးကြီးကြီးဖြင့် ရက်ရက်စက်စက် ထိုးနှက်ဘိုက်ခိုက်မှုကြောင့် ဒဏ်ရာဒဏ်ချက် ရရှိနေရသည့် လုပိုင်ချင်မှာသတိလစ်မေ့မျောသွားရတော့၏။



ထိုအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော ရှစ်မျက်နှာကျား ရဲကျိုပွားမှာ သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်၏။

ထိုစဉ် သူ့ဘေးဘီဝန်းကျင်၌ ဝိုင်းရံလျက်ရှိသော သူ့အဖွဲ့သားများထံ အကြည့်တစ်ချက် ဝေ့ဝဲကြည့်ရှုလိုက်ပြီးနောက်....

'ဟိတ်....မင်းတို့ ငါ့ရန်ဘက်ကြီးကို ဖမ်းဆီးတဲ့အတွက် မင်းတို့ ကျုပ်အဖေ ထုပ်ပြန်ကြေငြာထားတဲ့ ဆုတော်ငွေငါးထောင်ရမယ်၊ ပြီးတော့ ငါကလဲ ဒီည မင်းတို့အားလုံးကို ဂုဏ်ပြုတဲ့အနေနဲ့ ညစာစားသောက်ပွဲကြီး ကျင်းပပေးမယ်'

ယင်းသို့ ရှစ်မျက်နှာကျားရဲကျိုပွားချီးမြှင့်မည့်စကားကြားလိုက်ရသည့် ရှစ်မျက်နှာအဖွဲ့သားတို့ ပျော်ရွှင်အူမြူးသွားကြရလေ၏။

'ဟေး....ဟေး ဝါး....ဝါး'

'ရှိုး....ရှိုး ဖြောင်း....ဖြောင်း....ဖြောင်း'

ထိုသို့ ရှစ်မျက်နှာကျားအဖွဲ့သားတို့ တဟေးဟေး တဝါးဝါး အော်ဟစ်သံများ၊ လေချွန်သံများနှင့် လက်ခုပ်လက်ဝါးတီးခတ်သံများစသည်တို့ကို လုပိုင်ချင်တစ်ယောက် လုံးဝကြားနိုင်စွမ်း မရှိတော့ပါချေ။

ဆူညံသံများ တိတ်ဆိတ်သွားတော့မှ ရှစ်မျက်နှာကျားရဲကျိုပွားမှာ လက်ရုံးဖြစ်သူ ရေသူရဲ ချိန်စီဝေယံ အကြည့်ရောက်ပြီး....

'ချိန်စီဝေ နောက်နေ့မနက်ကျရင် ကျုပ်အဖေဆီ သွားပြီး ဒီမှာ တောင်ပြေး မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ကို မိသွားတဲ့ အကြောင်း သွားသတင်းပို့ပေးပါ'

အမိန့်ပေးခိုင်းစေလာတော့ ရေသူရဲ ချိန်စီဝေက ခေါင်း တစ်ချက်ညိတ်ကာ....

'ဟုတ်ကဲ့ပါ သခင်လေး....ဒါနဲ့ ဒီလူကို ကြိုးတန်းလန်းနဲ့ ထားရမှာလား၊ ပြီးတော့ သမဏီဆူးချိတ် စူးဝင်ထားတဲ့ ဒဏ်ရာတွေက မြင်မကောင်းအောင် သွေးတွေထွက်နေတယ်၊ ကြာကြာ သွေးထွက်လွန်ပြီးသေသွားဦးမယ်'

စိုးရိမ်စွာ သတိလှမ်းပေးလိုက်သဖြင့် ရှစ်မျက်နှာကျား ရဲကျော်ပွား၏အကြည့် ကျွန်းဘိုင်နှစ်တိုင်ကြား သွေးသံရဲရဲဖြင့် သတိလစ် မေ့မျောနေရှာသည့် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ထံ စူးစိုက်ရောက်ရှိသွားပြီး....

'ဟင်းဟင်း ဒီအခြေအနေကို လှမ်းမြင်တွေ့လိုက်ရတော့ မိကျောင်းစိမ်းခေါင်းကြီး သနားစရာပဲ၊ ကဲကဲ....ဓါးရှပ်ဆိုး ကြီးကို သွားခေါ်ပြီး သူ့ရဲ့ဒဏ်ရာဒဏ်ချက်တွေ ဆေးထည့် ခိုင်းလိုက်စမ်း'

'ဟုတ်ကဲ့ သခင်လေး'

ဟုဆိုကာ ရေသူရဲ ချိန်စီဝေက ရှစ်မျက်နှာကျား ရဲကျော်ပွား ကို ဦးတစ်ချက်ညွှတ်လိုက်ပြီးနောက် ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ခွာသွား၏။



သည်နောက် ရှစ်မျက်နှာကျား ရဲကျော်ပွားနှင့် သူ၏အဖွဲ့ သားတို့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်အနားမှ ရယ်ရယ်မောမော ဖြင့် ကျောခိုင်း ထွက်ခွာသွားကြသည်၊ နေစောင်းသွား ချေပြီ။

ကျနေရောင်က ရဲကျော်ပွား၏ ခြံဝန်းကြီးကျယ်ကြီးပေါ်သို့ ထိုး ယှက်ဖြာကျနေ၏။

ထိုအခါ ပူပြင်းစရှိနေသည့် ကျနေက ကြိုးတန်းလန်းနှင့် သတိလစ်ဘောင်းနေဆဲရှိသည့် လုပိုင်ချင်ပေါ်သို့ ထိုးကျနေ သည်။

ထိုအချိန်တွင်....

ခြံတံခါးကျွန်းအိမ်မြင့်ကြီးရှေ့ရှိမြေကွက်လပ်၌ ညဘက် စားသောက်ပွဲကြီးကျင်းပရန်အတွက် ရှစ်မျက်နှာကျားအဖွဲ့တို့ တက်တက်ကြွကြွပြင်ဆင်နေကြ၏။

ထိုစဉ် အစိမ်းရင့်ရင့် ဝတ်စုံတို့ကို ဝတ်ဆင်မြန်းထားသည့် မိန်းမကြီးတစ်ဦး သားရေအိတ်တစ်အိတ် ကိုင်ဆောင်လျက် ကျနေရောင်အောက်ဝယ် ကြိုးတွဲလောင်းဖြင့် သတိလစ်မေ့ မျောနေရသည့် လုပိုင်ချင်ထံ ဦးတည်ကာ လျှောက်လှမ်းလာ သည်၊

စင်စစ်တော့ ယင်းမိန်းမကြီးမှာ မျက်နှာ၌ ဓားခုတ်ရာ အစင်းကြောင်းကြီးတစ်ခု အကြည့်ရဆိုးသွမ်းလောက်အောင် ထင်ထင်ရှားရှားပေါ်လွင်နေ၏။

သူမကား ရှစ်မျက်နှာကျားခြံ၌ အမှုထမ်းလုပ်နေသည့် ရုပ်ဆိုးကြီး ဒေါ်လီစပ်ဝှာပင်ဖြစ်၏၊ အခု ရုပ်ဆိုးကြီး ဒေါ်လီစပ်ဝှာမှာ ရှစ်မျက်နှာကျား ရဲကျိပ္ပား၏ အမိန့်အရ လုပိုင်ချင် ဒဏ်ရာဒဏ်ချက်များအား ဆေးဝါးထည့်ပေးရန်အတွက် ရောက်လာခြင်းဖြစ်သည်။

အနားရောက်တော့ ရုပ်ဆိုးကြီး ဒေါ်လီစပ်ဝှာက သတိလစ်ကောင်းနေဆဲရှိသည့် ခြေလက်တို့တွင် သွေးသံတရဲရဲဖြစ်နေသည့် လုပိုင်ချင်ကို မြင်တွေ့ရပြီး....

'ဟင်....မိကျောင်းစိမ်းခေါးကြီးပါလား'

ထိုသို့ ဒေါ်လီစပ်ဝှာ နှုတ်မှ တအံ့တသြ ရေရွတ်ပြောဆိုမိလိုက်၏။

ပြီးမှ ရုပ်ဆိုးကြီး ဒေါ်စပ်ဝှာက လစ်ခနဲသတိလွှတ်သွားမှုကို သတိပြုမိပြီး သူမ၏ မျက်နှာပေါ်မှ အံ့သြရိပ်အား ရုတ်ခြည်း ဖယ်ထုတ်လိုက်၏။

နောက် သူမအကြည့် မလှမ်းမကမ်းတွင် စောင့်ဆိုင်းနေသော ရှစ်မျက်နှာကျားအဖွဲ့သားတစ်ဦးထံ ရွှေ့ပြောင်းရောက်ရှိသွားရပြီး....

'ဟိတ်....ငါ့ကို သခင်လေးက ဒီလူကိုဆေးထည့်ဖို့အမိန့်ချမှတ်ထားပြီးပြီ၊ ဒီလိုပုံစံနဲ့ ငါသူ့ကို ဆေးထည့်လို့ ဘယ်ရမလဲ'



ပြောဆိုလိုက်တော့ အစောင့်အဖွဲ့သားမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး....

'ဒေါ်ရုပ်ဆိုး အဲဒါ ကျွန်တော်ဘာလုပ်ပေးရမလဲ'

တုံ့ပြန်မေးလာတော့ ဒေါ်ရုပ်ဆိုးလီစပ်ဝှာက မဆိုင်းမတွ ပြောဆိုလာသည်မှာ....

'ငါဆေးဝါးကုသလို့ရအောင် နင်ဒီလူကို ကြိုးတန်းလန်းကနေဖြုတ်ပေးရမယ်'

ထိုစကားကိုကြားလိုက်ရသော အစောင့်ရှစ်မျက်နှာကျားအဖွဲ့က စိုးရိမ်ပူပန်သံဖြင့်....

'ကျွန်တော်ဖြုတ်ပေးရင် သခင်လေးက'

'ဟိတ် ဖြုတ်ပေးလိုက် အရှည်ကြီး မြီးသူ့ခါးကို ကြိုးချီထားလိုက်'

သူတို့စကားပြောဆိုနေစဉ် လျှောက်လှမ်း ရောက်ရှိသူသောလူတစ်ဦးက ကြားဝင်၍ အမိန့်ပေးပြောဆိုလာလေသည်။

စင်စစ်တော့ ထိုလူမှာ တစ်ခြားလူဟုတ်ရိုးလား၊ ရှစ်မျက်နှာကျား ရဲကျိပ္ပား၏ လက်ရုံးတပည့် ရေသူရဲချိန်စီခဝ ဖြစ်လေသည်။

ထိုအခါအစောင့်ကင်းသမားများ ကြိုးတန်းလန်းနှင့် သတိလစ်မေ့မျောနေသော မိကျောင်းစိမ်းခေါးလုပိုင်ချင်ကို ကပျာကယာကြိုးဖြေလိုက်သည်။

ပြီးနောက် သူမကျောင်းစိမ်းခေါင်းလုပိုင်ချင်၏ ခေါင်းကိုကြိုးဖြင့်ချီနှောင်လိုက်လေသည်၊

သည်တွင် မိကျောင်းစိမ်းခေါင်းလုပိုင်ချင်မှာ သဝေါ်ကင်းလွတ်လျက် မြေပြင်ပေါ်ဝယ် ပုံလျက်သားလဲနေ၏။

သည်တော့မှ....

ဒေါ်ရှပ်ဆိုးလီစပ်ပွားမှာ သက်ပြင်းလေးကြီး ချလိုက်ပြီးနောက် လုပိုင်ချင်၏ ဒဏ်ရာဒဏ်ချက်များကို ဆေးထည့်ပြီး ပတ်တီးစည်းနှောင်လိုက်၏။

သို့နှင့် သူမဆေးတည့်ပြီးသောအခါ အမှောင်ရိပ်ပျပျမှာ ရစ်လွှမ်းလာချေပြီ၊

ထိုအခါ၌....

ခြေတန်ရှည် ကျွန်းအိမ်ကြီး၏ ရှေ့မြေကွက်လပ်၌ ရှစ်မျက်နှာကျားအဖွဲ့သားတို့မှာ အောင်ပွဲခံကာ ပျော်ရွှင်စွာစားသောက်နေကြပြီဖြစ်လေသည်၊

ဒေါ်ရှပ်ဆိုးလီစပ်ပွားမှာ လုပိုင်ချင်ကိုဆေးထည့်ပြီးနောက် ကျွန်း ခြေတန်ရှည်အိမ်ကြီးနောက်ဘက် အလုပ်သမားတန်းလျားအသောက်အဦးဆီသို့ လေးလံသော ခြေလှမ်းများဖြင့် ဦးတည်လျှောက်သွား၏။



ညနာရီမောင်း ရှစ်ချက်တီးမည့်အချိန်ရောက်သောအခါ ရှစ်မျက်နှာအဖွဲ့သားများ ယစ်မူးကြကာ သီချင်းဆိုဟစ်ရင်းကခုန်နေကြသည်။

ထိုသို့အဖွဲ့သားများ အမူးပျော်ရွှင်ကာ ခုန်ပေါက်ကနေကြသည်၊ ကျွန်းအိမ်ကြီးဝရံဘာမှ မ်းကြည့်ရင်း ဝမ်းသာပီတိဖြစ်နေကြသည်။

ဤသို့ဖြင့်....

ညဉ့်နက်သန်းခေါင်သို့ ရောက်သောအခါ မူးရူးနေကြသော ရှစ်မျက်နှာအဖွဲ့သားများ မြေပြင်ပေါ်ဝယ် ပြန့်ကြဲကာလဲလျောင်းကြကုန်လေသည်၊

ထိုအတူပင် ကျွန်းအိမ်ကြီးပေါ်တွင်ရှိနေသော ရှစ်မျက်နှာကျားရဲကျီပွားသည် မိကျောင်းစိမ်းခေါင်းကို လက်ရဖမ်းထားပြီးဖြစ်သဖြင့် ပျော်ရွှင်ကာ စိတ်လွတ်ကိုလွတ် ယမကာကို သောက်သုံးပြီး သူ့ခုတင်ပေါ်ဝယ် အမူးလွန်ကာ အိပ်မောကျနေလေ၏။

မိကျောင်းစိမ်းခေါင်း လုပိုင်ချင်ကို စောင့်ဆိုင်းနေရသော ကင်းသမားနှစ်ယောက်တို့မှာ အရက်စည်းစိမ် ယစ်မူးလျက် သစ်ပင်ကြီးအောက်ခြေ၌ အိပ်ပျော်နေကြ၏။

ထိုအချိန်၌ လောကကြီးနှင့်အဆက်ပြတ်နေရသော လုပိုင်ချင်မှာ သတိဝင်ကာ လူးလွန့်သတိရလာသည်။

'ဟင်....ငါ....ငါ့ရဲ့ဒဏ်ရာတွေကို ဆေးထည့်ပေးထားပါလား....'

အရင်ဆုံး တဆစ်ဆစ်ကိုက်ခဲနေသော ဝေဒနာကို ခံစားသိရှိလိုက်ရသောကြောင့် သူ့မှာ အခြေအနေကို အကဲခတ်ကြည့်ရှုမိလိုက်၏။

ပြီးမှ ညဲပိုးမွှားသံမှလွဲ၍ ဆိတ်ငြိမ်လျက်ရှိသော ဘေးဘီဝန်းကျင်ကို သူလှမ်းအကဲခတ်လိုက်မိရာ....

'ဟာ ရှစ်မျက်နှာကျားအဖွဲ့သားတွေ အရက်မူးလွန်ပြီး မြေပြင်ပေါ်မှာ မှောက်ခုံပက်လက် အိပ်နေကြပါလား၊ ငါ့ကိုဖမ်းမိလို့ ရှစ်မျက်နှာကျားအဖွဲ့သားတွေ အပျော်ကြူးနေကြတာကိုး'

ယင်းသို့ မိကျောင်းစိမ်းလုပိုင်ချင်မှာ ရေရွတ်ပြောဆိုလိုက်လေသည့်။

ထိုအချိန်မှာပင်....



လူရိပ်သစ်ရိပ်မှာ မိကျောင်းစိမ်းခေါ်းလုပိုင်ချင်ဆီသို့ ဦးတည်ကာ တရွေ့ရွေ့ချဉ်းကပ်ရောက်ရှိလာသည်၊

သည်တွင်လုပိုင်ချင်မှာ သူ့ထံဘဖြည်းဖြည်းဦးတည်ခ လျှောက်နေသော လူရိပ်ကိုမှုန်ဝါးဝါးသဲ့ရောင်ဖြင့် တွေ့မြင်လိုက်ရလေသည်။

'ဟင် ငါ့ဆီကိုမိန်းမကြီးတစ်ဦး တစ်လှမ်းချင်း လာနေပါလား'

ထိုသို့ သူရေရွတ်ရင်းမှ ဦးတည်လာနေသော လူရိပ်ကို မှင်သက်မိစွာ စူးစိုက်ကြည့်နေမိ၏။

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ သူ့ထံပါးဆီသို့ မျက်နှာပေါ်တွင် ကန့်လန့်ဖြတ် ဓားဒဏ်ရာကြီးနှင့် ရုပ်ဆိုးဆိုးမိန်းမကြီးရောက်ရှိလာသည်ကို သဲသဲကွဲကွဲမြင်တွေ့လိုက်ရလေသည်။

စင်စစ်တော့ ယင်းရုပ်ဆိုးဆိုးမိန်းမကြီးမှာ ဒေါ်ရုပ်ဆိုးလီစပ်ဝှာဖြစ်လေသည်၊

ပြောရမည်ဆိုလျှင်....

ဒေါ်ရှပ်ဆိုး လီစင်ဝှာမှာ လုပိုင်ချင်အတွက် ညစာကျွေးမွေးရန်အတွက် လင်ဗန်းတစ်ချပ်ဖြင့် စားသောက်ဖွယ်ရာများကို သယ်ဆောင်ခရောက်ရှိလာခြင်းဖြစ်သည်။

အနားရောက်တော့ ဒေါ်ရှပ်ဆိုး လီစင်ဝှာမှာ လင်ဗန်းကို လုပိုင်ချင်ထံ အသာအသာချပေးရင်း....

'ရှင်အားရှိသွားအောင် ဒီဗန်းထဲက အစားအစာတွေကို စားသောက်လိုက်ပါ။ အဲဒီအစားအသောက်ထဲမှာ ဒဏ်ကြေဆေးတွေထည့်ထားပါတယ်၊ မြန်မြန်စားလိုက်ပါ'

ဘီးတုံးလေသံဖြင့် ပြောဆိုလာမှုကြောင့် မိကျောင်းစိမ်းဝေးလုပိုင်ချင်မှာ ဒေါ်ရှပ်ဆိုး လီစပ်ဝှာကို စူးစမ်းဟန်ဖြင့် ကြည့်လိုက်ရင်း....

'ဟုတ်... ဟုတ်ကဲ့'

မမျှော်လင့်ဘဲ သူ့ကိုကူညီမံ့ဖိုးထားသော မိန်းမကြီးကို ကြုံတွေ့လိုက်ရသဖြင့် သူ့စိတ်ဘက်ကြွလာရလေသည်၊ ဒါကြောင့် သူခေါင်းညိတ်လိုက်ပြီးနောက် လင်ဗန်းထဲရှိ အစားအသောက်များကို ကဗျာကယာစားသောက်လိုက်၏။



ခဏချင်းပင် လင်ဗန်းထဲရှိ အစားအသောက်များ ကုန်စင်သွားရလေသည်။

သည်တွင် ဒေါ်ရှပ်ဆိုးလီစပ်ဝှာတီးတိုးလေသံဖြင့်ပြောဆိုလာသည်မှာ....

'အခုအချိန်ဟာ ရှင်လွတ်မြောက်ဖို့ အခွင့်အရေးရရှိတဲ့အချိန်ပဲ၊ ဒီတော့ ရှင်ခံစားနေရတဲ့ဒဏ်ရာဒဏ်ချက်တွေနဲ့ ဒီကနေထွက်ပြေးနိုင်ပါ့မလား'

လုံးဝမထင်မှတ်သော ဒေါ်ရှပ်ဆိုးလီစပ်ဝှာ၏ဆိုစကားကို ကြားလိုက်ရပြီးပါးစပ်အဟောင်းသားဖြစ်၍အံ့အားသင့်သွားရသည်။

ထိုစဉ် ကြောင်အမ်းအမ်းဖြစ်နေသောလုပိုင်ချင်ကို လီစပ်ဝှာမှာ အားမလိုအားမရဟန်ဖြင့်....

'ရှင် ကျွန်မမေးနေတာ မကြားဘူးလား'

ပြောတော့ လုပိုင်ချင်မှာ သတိပြန်ဝင်သွားရပြီး ခေါင်းတစ်ဆတ်ဆတ်ညိတ်လိုက်ရင်း....

'ကြား....ကြားပါတယ်'

'ကြားရင် ကျွန်မမေးဘာ ပြောလေ'

'ဟုတ်ကဲ့၊ ကိုယ့်အသက်ရှင်သန်ရေး အတွက် အခုလို ကူညီပံ့ပိုးတဲ့လူရှိမှ ကျွန်တော် ဒီကနေလွတ်မြောက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းရမှာပေါ့၊ ခင်ဗျားရဲ့ကျေးဇူးကို ဒီတစ်သက် လုံးဝမေ့နိုင်မှာမဟုတ်တော့ဘူး'

'ဒီလိုအရေးကြီးတဲ့အချိန်မှာ ကျေးဇူးတင်စကားတွေကို ပြောလဲအလထားပဲ၊ ကျွန်မကူညီမှုအထမြောက်အောင် ရှင် ကျိုးစားသွားရင် ကျွန်မကိုကျေးဇူးတင်တာထက် ပိုပြီး ပီတိ ဖြစ်ရတယ်'

'ဟုတ်....ဟုတ်ကဲ့'

•

ထိုသို့ ပြောပြောဆိုဆိုနှင့်ပင် လီစပ်ဝှာမှာ ခါးကြားတွင် တိုးဝှက်လာသောဓားကိုထုတ်ပြီး လုပိုင်ချင်၏ခါးတွင် ချည်နှောင်ထားသောကြိုးကို ဖြတ်တောက်လိုက်လေ၏၊ ထိုအခါ လုပိုင်ချင်မှာ အချုပ်အနှောင်မှ ကင်းလွတ်သွားရ၏၊



ပြီး လီစပ်ဝှာက ဓားတစ်ချောင်းကို လုပိုင်ချင်ထံ လှမ်းပေးရင်း....

'ရော့ ရှင့်ရဲ့မိကျောင်းစိမ်းခား၊ ရှင် ဒီကနေ လွတ်အောင် ပြေးပေတော့'

သည်တွင် လုပိုင်ချင်မှာ သူမထံမှ မိကျောင်းစိမ်းခားကို လှမ်းယူပြီးနောက်....

'ကျုပ် လွတ်မြောက်သွားရင် ခင်ဗျားအတွက် ဒုက္ခရောက် သာမယ်ဆိုတာ ကျုပ်စဉ်းစားမိတယ်၊ အဲ့ဒီတော့ ခင်ဗျားနဲ့ ကျုပ် သေအတူရှင်မှကွာ ဒီကနေရုန်းထွက်ပြေးကြမယ် လာ လိုက်ခဲ့ဗျာ'

ယင်းသို့ လုပိုင်ချင်မှာ လီစပ်ဝှာကို ပြောဆိုလိုက်၏၊ထိုစဉ် သူမမှာ ခေါင်းသွင်သွင်ခါရမ်းလိုက်ရင်း....

'ကျွန်မအတွက် ရှင် ဝန်ထုပ်ဝန်ပိုး မဖြစ်ခစေချင်ပါဘူး၊ ရှင်သာ လွတ်အောင်ထွက်သွားပါ'

'အိုဗျာ....ခင်ဗျား ကျုပ်နဲ့အတူမလိုက်ရင် ဒီက ကျုပ် လုံးဝမထွက်ဖို့ ယတိပြတ် ဆုံးဖြတ်လိုက်ပြီ'

သည်တွင် လီစပ်ဝှာမှာ လုပိုင်ချင်ကို မျက်လုံးဝင့်ကျယ်စွာ စိုက်ကြည့်ရင်း....

'ရှင် ကျွန်မကို ဘာကြောင့်အတူခေါ်နေရတာလဲ ဟင်'

လှမ်းမေးလိုက်လေတော့၏။

## အခန်း (၁၀)

### ပဟေဠိဆန်သော ခေါင်းရုပ်ဆိုးကြီး

ထိုအခါ လုပိုင်ချင်မှာ အဓိပ္ပာယ်ပါပါပြုံးလိုက်ပြီး ညာလက်မဖြင့် သူ့နှာခေါင်းကို ဆုပ်ကိုင်လိုက်ရင်း....

'ဟောဒီနှာခေါင်းဟာ အများနဲ့မတူ တမူထူးခြားတယ်'

ယင်းစကားကြောင့် လီစပ်ဝှာက လုပိုင်ချင်ထံ တအံ့တသြ စိုက်ကြည့်ရင်း....

'ရှင်...နှာခေါင်းက ဘယ်လိုထူးခြားမှုရှိလို့လဲ'

'ဟင်း....ဟား ကျုပ် ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ မှန်အောင်ပြောနိုင်ရင် အခု ကျုပ်နဲ့အတူထွက်ပြေးကြဖို့ ကတိပေးမလား'

လောင်းကြေးကတိတပ်၍ သူလှမ်းပြောလိုက်တော့ လီစပ်ဝှာမှာ ပြုံးလိုက်ရင်း....

'ရှင် အကြားအမြင်ပေါက်တဲ့လူတစ်ယောက် မဟုတ်ဘူး ဆိုတာ ကျွန်မသိတယ်၊ ဒီတော့ ရှင် ကျွန်မ ဘယ်သူဘယ်ဝါ ဆိုတာ မှန်အောင်ပြောနိုင်ရင် ရှင်ဖြစ်စေချင်တဲ့အတိုင်း ကျွန်မ အတူလိုက်ခဲ့ပါမယ်'

ကတိပြုစကားကိုကြားလိုက်ရသည့်လုပိုင်ချင်မှာ အဓိပ္ပာယ်ပါပါပြုံး၍ ခေါင်းအသာညိတ်လိုက်ရင်း....

'ဟုတ်ပြီ ခင်ဗျားကတိပေးမယ်ဆိုရင် လာ ဒီခြံပြင်ရောက်အောင် အရင်ထွက်ပြေးကြမယ်၊ အပြင်ရောက်မှ ကျုပ် အဖြေပေးမယ်၊ မှားသွားရင် ဟော....ကျုပ်မျက်လုံးရယ်၊ နားရယ် ခင်ဗျားရှေ့မှာ ဟောဒီမိကျောင်းစိမ်းဓားနဲ့ ဖြတ်တောက်ပစ်လိုက်မယ်၊ ဖောက်ပစ်လိုက်မယ်၊ လာ သွားကြစို့'

ပြောပြောဆိုဆိုနှင့်ပင် လုပိုင်ချင်မှာ လီစပ်ဝှာ၏ဘယ်လက်ကောက်ဝတ်ကိုဖမ်းဆုပ်ကိုင်၍ ဆွဲခေါ်လိုက်၏၊ ထိုအခါ... လီစပ်ဝှာမှာ လုပိုင်ချင်၏ဆိုစကား မှန်မမှန်သိလို၍ ဆွဲခေါ်ရာ နောက်သို့ လိုက်ပါသွား၏။



သို့ဖြင့် သူတို့ အန္တရာယ်ကင်းရှင်းစွာဖြင့် ရှစ်မျက်နှာကျား ခြံကြီးနှင့် အလှမ်းကွာသော တောင်ကမူထိပ်သို့ ရောက်ရှိလာကြလေသည်။

ထိုအခါ သူတို့နှစ်ဦးစလုံး ကျင်ဆာမြစ်၏ ရေစီးဆင်းသံသဲ့သဲ့ကို ကြားလိုက်ရလေသည်၊

သူတို့နှစ်ဦးစလုံး မောဟိုက်လာကြ၍ တောင်ကမူပေါ်ငယ် ခေတ္တ ဖင်ထိုင်ချကြပြီး အနားယူလိုက်ကြသည်၊ ထိုအခိုက်....

ဒေါ်ရှပ်ဆိုး လီစပ်ဝှာက မိကျောင်းစိမ်းဓား လုပိုင်ချင်ထံ အကြည့်စူးစိုက်ရောက်ရင်း....

'ကဲ...ရှင်ကျွန်မကို ဒီလောက်အဝေးကြီးခေါ်လာမှတော့ အဖြေပေးသင့်နေပြီ'

ပြောလာတော့ မိကျောင်းစိမ်းဓား လုပိုင်ချင်မှာ ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ ရွှေရောင်သစ်ခွသခင်မ လီရှိန်လင်းခင်ဗျား'

'ဟင်....ရှင်....ရှင် ကျွန်....ကျွန်မ ရှိန်လင်းမှန်းဘယ်လိုလုပ်သိနေတာလဲ'

ထိုစဉ် မိုးကျောင်းစိမ်းဓားလုပိုင်ချင်မှာ ငုံခုံးတစ်ချက်တွန့်၍ ရယ်မောလိုက်ရင်း....

'စောစောက ခြံဝင်းထဲမှာ မရိန်လင်းကို ကြိုတင်ပြောခဲ့ပြီးပြီပဲ၊ ဟောဒီကျုပ်နှာခေါင်းဟာ ကိုယ်နဲ့ တွေ့ဆုံခဲ့ဖူးတဲ့ လူရဲ့ ကိုယ်သင်းရနံ့ကို စွဲစွဲမြဲမြဲမှတ်မိနေတာလေ၊ ဒါကြောင့် တစ်ချိန်က အနိုးအပ်လက်တွဲလာခဲ့တဲ့ ခင်ဗျားရဲ့ကိုယ်သင်းရနံ့ကို ကျုပ်သိနေတာပဲ၊ ခင်ဗျားရုပ်ဘယ်လောက်ပဲ ဖျက်ထား ဖျက်ထား ခင်ဗျားရဲ့ ပင်ကိုယ် ကိုယ်သင်းရနံ့ကို ခင်ဗျား ဖုံးကွယ်ဖို့သတိမရဘူး မဟုတ်လား'

ထိုအဖြေစကားကြားလိုက်ရသည်နှင့် ဖေါ်ရုပ်ဆိုးလီစပ်ဝှမှာ ခေါင်းလေးတွဲ့စွာ တစ်ချက်ညိတ်လိုက်ပြီး....

'ကို....ကိုမိုးကျောင်းစိမ်းဓားလုပိုင်ချင်ရဲ့ အနံ့ခံကောင်းတဲ့ ပညာရပ်ကို ကျွန်မအံ့သြလောက်အောင် ချီးကျူးမိပါတယ်၊ ဒါဆိုရင် လိမ်လည်လှည့်ဖျားဖြောက်ချခဲ့တဲ့ ကျွန်မကို အတော်မုန်းတီးနေမှာပေါ့'



စိတ်မကောင်းသံဖြင့် ပြောဆိုလာသဖြင့် လုပိုင်ချင်မှာမဆိုင်းမတွပင် ကတ္တုံ့ပြန်ဖြေလိုက်သည်မှာ....

'အင်း....ဇာတ်ကြောင်းအပြန်မသိတော့ ခင်ဗျားကို ကျုပ်နာကြည်းမုန်းတီးမိတာ အမှန်ပဲ၊ ဒါပေမယ့် မြို့တော်ဝန် ရဲ့အိုထိုက်ရဲ့ ရက်စက်ယုတ်မာမှုကို ကျုပ်ရဲမက်တပ်ကြပ်ကြီး ဝမ်ထိန်ရင်ဖွင့် ပြောပြချက်အရ သိရှိရပြီး မရိန်လင်းကို အပြစ်လုံးဝ မမြင်ပါဘူး၊ ကဲ....ကဲ.... မရိန်လင်းရေ အချိန်ဆိုတာ ကျုပ်တို့နှစ်ယောက် အတွက် သိပ်တန်ဖိုးကြီးတယ်၊ လာ.... ကျုပ်တို့ ဒီအန္တရာယ်စက်ကွင်းက ဝေးရာရောက်ဖို့ လိုတယ်'

'ဟုတ်....ဟုတ်ကဲ့'

သည်နောက် လုပိုင်ချင်နှင့် လီစပ်ဝှာ (ဝါ) ရွှေရောင်သစ်ခွသခင်မရိန်လင်းတို့ အားသွန်ကာ ဘောင်ဘုန်းမှရွေ့လျားလာခဲ့ကြလေသည်။

သူတို့နှစ်ဦးစလုံး တစ်ညလုံးမနားတမ်းခရီးနှင်လာခဲ့ကြရာ နံနက်မိုးသောက် အလင်းရောက်သောအခါ ရွာငယ်တစ်ရွာသို့ ရောက်ရှိလာကြသည်။

သူတို့နှစ်ဦးစလုံးမှာ ခရီးကလဲညည်းပန်း၊ အိပ်ရေးကလည်းပျက်၊ ဗိုက်ကလည်း ဆာလောင်လွန်းသဖြင့် ရွာငယ်ရှိ စားသောက်ဆိုင်သို့ဝင်၍ ဗိုက်ဖြည့်တင်းလိုက်ကြ၏။

ထိုသို့ သူတို့စားသောက်ရင်းက လုပိုင်ချင်မှာ သခင်မရိန်လင်းထံအကြည့်ရောက်ရင်း သူ့ရင်ထဲက သိပ်သိချင်နေမိသည့် မေးခွန်းတစ်ခုကို လှမ်းမေးလိုက်ရ....

'မရိန်လင်း ဘယ်လိုလုပ် ဖူပေါက်ရွာက ရှစ်မျက်နှာကျားရဲကျိုပွားရဲ့ အမှုထမ်းဘဝနဲ့ ရုပ်ဖျက်ရောက်နေရတာလဲ'

ထိုအခါ သခင်မရိန်လင်းမှာ သက်ပြင်းမသိမသာ ချလိုက်ရင်း....

'ကျွန်မ ခါးပြ တောကျားကြီး ချူးစိန်ရဲ့ ကယ်ထုတ်မှုကြောင့် မြို့တော်ဝန် အန္တရာယ်စက်ကွင်းထဲက လွတ်မြောက်လာပြီး အခုရုပ်ဆိုး ဒေါ်လီစပ်ဝှာဘဝနဲ့ ရွာတစ်ရွာမှာ ဇာတ်မြုပ်ရှောင်တိမ်းနေရင်းက မမျှော်လင့်ဘဲ ရှစ်မျက်နှာကျားရဲကျိုပွားဂိုဏ်းအဖွဲ့သားတွေနဲ့ စားသောက်ဆိုင်မှာ ကြုံမိရင်း အိမ်အမှုထမ်းလုပ်ဖို့ ခေါ်တာနဲ့ ဖူပေါက်ရွာကိုရောက်ခဲ့ရတာပါ၊ ဒါကလဲ ကျွန်မဟာ မြို့တော်ဝန်သား ရဲကျိုပွားအဖွဲ့မှန်းသိလို့ စနည်းနာလိုတာနဲ့ သဘောတူလိုက်ခဲ့တာပါ၊ပြီးတော့ ကောက်ကျစ်ယုတ်မာတဲ့ မြို့တော်ဝန်မင်းကို ကလဲ့စားချေဖို့ အခွင့်အရေးရှာဖွေတဲ့ အကြံအစည်လဲ ပါ ပါတယ်'

'ဪ....ကျုပ်ကဲတော့'



သည်နောက်မိကျောင်းစိမ်းခါးလုပိုင်ချင်မှာ ရွှေရောင်သစ်ခွဲသခင်မရိန်လင်းကို သူ့အဖြစ်အပျက်အား အိတ်သွန်ဖာမှောက်ပြောဆိုလိုက်၏။

ထိုအခါ ရွှေရောင်သစ်ခွဲသခင်မရိန်လင်းမှာ အံ့သြတကြီးဖြစ်လေသဖြင့်။

'ဟင်....ဒါ....ဒါဆို ရဲမက်တပ်ကြပ်ကြီးက အစ်ကိုကိုလက်တစ်ဖက် အဆုံးခံပြီး ကယ်ထုတ်လိုက်တာပေါ့'

ပြောတော့ မိကျောင်းစိမ်းခါးလုပိုင်ချင်က အပြုံးယှဲ့သဲ့ဖြင့်....

'အဲဒီလိုလဲ ပြောလို့ရသလို သူ့ဇနီး သူ့အထက်တပ်ကြပ်ကြီးနဲ့ ဖောက်ပြားတဲ့အတွက် ကလဲ့စားချေတာလဲ ပါပါတယ်၊ ကဲ....မရိန်လင်းရေ ကျုပ်တို့လုံခြုံတဲ့နေရာကောင်းကောင်းတစ်ခုရှာပြီး အိပ်စက်အနားယူကြရင်ကောင်းမယ်'

သည်တော့ ရွှေရောင်သစ်ခွသခင်မရိန်လင်းမှာ သဘောတူစွာဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး၊

'ဟုတ်တယ် ကျွန်မလဲ သိပ်အိပ်ချင်နေပြီ'

'ဒါဆို ကျုပ်တို့ နေရာကောင်းကောင်း ရှာကြရအောင်'

ထို့နောက် သူတို့နှစ်ဦး ရွာ၏စားသောက်ဆိုင်မှထွက်၍ လျှောက်လှမ်းလာခဲ့ကြရာ နေမွန်းတည့်ချိန်ရောက်သောအခါ

တောအုပ်တစ်အုပ်အတွင်းရှိ ချောင်းကျောက်ဂူတစ်ခုဆီသို့ ရောက်ရှိလာကြ၏။

ထိုအခါ သူတို့နှစ်ယောက်စလုံး ယင်းကျောက်ဂူအတွင်းရှိ ကျောက်ပျဉ်ချပ်ကြီးပေါ်တွင် ဣန္ဒြေမဆယ်နိုင်ကြဘဲ ခေါင်းအုံးအိပ်လိုက်ကြ၏။

သို့ဖြင့် သူတို့နှစ်ဦး ကျောက်ဂူထဲ၌ သုံးရက်တိတိ အနားယူနေကိုင်ကြ၏။

ထိုစဉ် ရွှေရောင်သစ်ခွသခင်မရိန်လင်းက နံနက်ခင်းအဆာပြေ စားသောက်ကြရင်းက မိကျောင်းစိမ်းဓားလုပိုင်ချင်ထံ အကြည့်စူးစိုက်ရောက်ရင်း၊

'အစ်ကို ဘယ်လိုလုပ်ပြီး မြို့တော်ဝန်နဲ့ ရန်ငြိုးဖွဲ့မိတာလဲ ဟင်'

စူးစမ်းဟန်ဖြင့် လှမ်းမေးလာမြင့် မိကျောင်းစိမ်းဓားလုပိုင်ချင်မှ သက်ပြင်းမောကြီးချလိုက်ပြီးနောက် ရန်ကျွန်းမြို့၌ ဒေါ်ကျိဟန်လင်းမိသားစုနှင့် ပတ်သက်သည့်ကိစ္စကို စလယ်အဆုံး ရှင်းဖွင့်ပြောပြလိုက်၏။

စကားဆုံးအောင် နားထောင်ပြီးမှ ရွှေရောင်သစ်ခွသခင်မရိန်လင်းမှာ ရှိုက်ကြီးတငင် ငိုကြွေးတော့၏။



'အဟင့်... အဟင့်အီး... ဟီး... ဟီး'

'ဟော... ဟောဗျာ ဘာလို့ ရိန်လင်းရှိုက်ကြီးတငင်ငိုနေရတာလဲ'

အထိတ်တလန့်လေသံဖြင့် လှမ်းမေးလိုက်တော့ ရွှေရောင်သစ်ခွသခင်မရိန်လင်းမှာ စို့နစ်ကြေကွဲသောလေသံဖြင့် ရင်ဖွင့်အန်လာရသည်မှာ...

'အစ်ကိုပြောတဲ့ကျိဟန်လင်းနဲ့ဆန်လင်းဟာ ကျွန်မအမေနဲ့ ကျွန်မညီမအငယ်ဆုံးပါ'

လုံးဝမမှတ်မှတ်သောစကားကို ကြားလိုက်ရသော လုပိုင်ချင်မှာ မျက်လုံးမျက်ဆန်ပြူးသွားရပြီး၊

'ဟင်... ဒေါ်ကျိဟန်လင်းဟာ ညီမအမေအရင်းလား'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မလူမှန်းမသိတတ်ခါစသေးတဲ့ သုံးနှစ်အရွယ်လောက်က ကျွန်မဘိုမိသားစုကို အဖေလုပ်တဲ့လူက ပစ်ပယ်ထားပြီး ဘိုင်းလောကထဲ ခြေဦးပစ်ဝင်သွားတယ်၊ အဲသူ ဘိုင်းလောကဝင်ရောက်သွင်းတာ ကောင်းသောဝင်ရောက်ခြင်းမဟုတ်ပါဘူး၊ ဒုစရိုက်သိုင်းသမားဆိုးကြီးတစ်ယောက်အဖြစ်နဲ့ ဘိုင်းလောကကို ဒုက္ခပေးနေတာပဲ၊ ဒါလဲ မေမေပြောပြလို့ သိခဲ့ရပေမယ့်'

'ဒါဆို ညီမအဖေကို ကောင်းကောင်းမှတ်မိလိုက်မှာပေါ့'

သူမမှာ ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး၊

'အဖေ ကျွန်မတို့ကို ပစ်ပယ်သွားတုန်းက ကျွန်မက သုံးနှစ်သမီးအရွယ် ညီမလေးက ကိုယ်ဝန်ဆောင်ထားတုန်းပဲရှိပါတယ်၊ အဲဒီတော့ ကျွန်မအဖေကို ကောင်းကောင်းမမှတ်မိပါဘူးရှင်၊ အဲဒီအချိန်က မေမေက မိဘလက်ထက်ကရရှိခဲ့တဲ့ အမွေပစ္စည်းတွေကို ထုခွဲရောင်းစားတတ်ရုံက ဘာမှမလုပ်တတ်ပါဘူး'

'ဩော်....ညီမတို့ဘဝလဲ အတော်ကံကြမ္မာဆိုးဝါးလွန်းလှပါလား'

'ဟုတ်တယ်၊ ကျွန်မ ခုနစ်နှစ်သမီးအရွယ်ရောက်တော့ မေမေမှာ ရောင်းချစရာပစ္စည်းလဲကုန်တော့ စားဝတ်နေရေးပြဿနာကြုံလာရတယ်၊ ဒီတော့ အမေဟာ မလုပ်တတ်လုပ်တတ်နဲ့ မုန့်တွေလုပ်ပြီး ကျွန်မကိုရောင်းခိုင်းတယ်၊ အဲဒီလိုရောင်းချနေရင်းက ကျွန်မကို မိန်းမလည်မကြီးတစ်ယောက် လိမ်ညာဖျားယောင်းပြီး အဝေးကိုခေါ်သွားတာပါပဲ၊ အဲဒီအချိန်ကစ ကျွန်မ အမေနဲ့ ညီမလေးကို အခုထက်ထိ ခွဲခွာခဲ့ရတာပါ၊ ဒါဆို အစ်ကိုဟာ ညီမလေး ဒုက္ခရောက်မှာကို ကယ်တင်ခဲ့လို့၊ အခုလို ဒုက္ခဆိုးနဲ့ တွေ့ကြုံခဲ့ရတာပေါ့'



'အဲဒီလိုလဲ မဟုတ်ပါဘူး၊ ဘယ်သူမဆို ဆန်းလင်းရဲ့ဒုက္ခရောက်နေမှုကို ယောကျ်ားကောင်း ယောကျ်ားမြတ်တွေ ကြုံတွေ့တဲ့အခါ အစ်ကိုလို ကိုယ်ကျိုးစွန့်ကယ်ဆယ်ကြမှာပဲ'

ဟိုစကားကို ရွှေရောင်သစ်ခွသခင်မ ရိန်လင်း ကြားလိုက်ရပြီး စိတ်ကောင်း စေတနာကောင်းရှိလွန်းသည့် လုပိုင်ချင်ကို သူမ၏စိတ်တွင်းမှ တဖွားဖွား ကျေးဇူးတင်နေမိလေတော့သည်။

* * *

'ဟူး ဟူး ဟူး'

'ဘုတ် ဘုတ် ဘုတ်'

ဂူအပြင်ဘက်မှာ လေပြင်းတိုးဝှေ့လှုပ်ရှားသံများ တဘုတ်ဘုတ် ကျရောက်သံများကို ဂူအတွင်း၌ စကားပြောနေကြသော လုပိုင်ချင်နှင့် ရွှေရောင်သစ်ခွသခင်မ ရိန်လင်းတို့ကြားသိလိုက်ကြ၏။

သည်တွင် သူမက စိုးရိမ်ကြောင့်ကြသဖြင့်....

'အစ်ကို လုပိုင်ချင် အပြင်က လှုပ်ရှားသံတွေကြားတယ်'

ပြောတော့ အန္တရာယ်အရိပ်အငွေ့ကို ရှူရှိုက်မိလိုက်ရသော မိကျောင်းစိမ်းစော လုပိုင်ချင်က သက်ပြင်းမသိမသာချလိုက်ပြီး....

'ညီမ ဂူအထဲမှာနေ....အစ်ကို ဂူအပြင် အခြေအနေ သွားအကဲခတ်လိုက်ဦးမယ်'

'ဟုတ်ကဲ့'

တို့နောက် မိကျောင်းစိမ်းစော လုပိုင်ချင်မှာ ဂူအပြင်ဘက်သို့ လေးလံသည့်ခြေလှမ်းများဖြင့် လျှောက်လှမ်းလာခဲ့လေသည်။



ဂူအပြင်သို့ရောက်သည့်အခါ သူ့ရင်သဲ စိုးကင့်ထားသည့်အတိုင်းပင် သူတို့ကို ခြေရာခံမိ၍ လိုက်လာကြသော ရှစ်မျက်နှာကျား ရဲကျော်ပွားနှင့် အဖွဲ့အစည်းဖြစ်နေကြောင်းသိရှိလိုက်ကြရ၏။

ရှစ်မျက်နှာကျား ရဲကျော်ပွားက ချောင်းမြောင်းရယ်မောလိုက်ရင်း....

'ဟား ဟား ဟား မိကျောင်းစိမ်းစောကြီး ခင်ဗျား ပခုံးနှစ်ဖက်က တောင်ပံတွေပေါက်လာရင်တော့ ကျုပ်တို့ရဲ့ လက်ထဲက လွတ်နိုင်မှာပေါ့ဗျာ၊ အခုတော့ ခင်ဗျားတို့ တောင်ပံ မပေါက်နိုင်တော့ ခင်ဗျားဖြတ်သန်းလာခဲ့တဲ့ နေရာတွေမှာ ခြေရာလေးတွေ ကျန်ခဲ့တာပေါ့၊ ဟိုသစ္စာဖောက်မကြီး ဒေါ်ရုပ်ဆိုး ဂူထဲမှာပုန်းမနေပါနဲ့'

ထိုသို့ ရှစ်မျက်နှာကျားရဲကျော်ပွားက လုပိုင်ချင်ထံ လှောင်ပြောင်ပြောဆိုနေရင်းက လီစပ်ဝှာမေ ခေါ် ရိန်လင်းကို ဒေါ်ဘင်နီး ခေါ်ဟစ်ခေါ်လေ၏။

ဂူအရှေ့တွင် အင်အားသုံးဆယ်ကျော်မျှရှိသော ရှစ်မျက်နှာကျား အဖွဲ့အစည်းကို လုပိုင်ချင် အကဲခတ်မိပြီး မသိမသာ သက်ပြင်းလေးကြီးတစ်ချက်ချလိုက်၏။

ပြောရမည် ဆိုလျှင်....

သူ့ကိုယ်တွင်ရရှိနေသော ဒဏ်ရာဒဏ်ချက်များက ကောင်းမကောင်းအနာမကျက်သေးသဖြင့် နေ့်သူအများကို ရေရှည်ရင်ဆိုင်တိုက်ခိုက်နိုင်မည်မဟုတ်ကြောင်း အလိုလို တွက်ဆမိလေ၏။

ထိုစဉ် ရိန်လင်းမှာ ဂူထဲမှထွက်လာပြီး ရဲကျော်ပွားခရွမလှမ်းမကမ်း ရွှေ့လျားရောက်ရှိသွားရပြီး....

'သ....သခင်လေး၊ အခုဆို မိခကျောင်းစိမ်းခေါး လွတ်မြောက်ရတာ ကျွန်မ....ကျွန်မခကြောင့်ပါ၊ သူနဲ့တော့ ဘာမှမဆိုင်ပါဘူး'

သူမမှာ လုပိုင်ချင်အပေါ် ရှစ်မျက်နှာခေါး ရဲကျော်ပွားက အငြိုးကြီးကြီးနှင့် ရက်စက်မည်စိုး၍ သူမအပေါ် အပြစ်စုပုံယူလိုက်ခြင်း ဖြစ်လေ၏။

ထိုအခါ လုပိုင်ချင်မှာ ခံပြင်းဒေါသစိတ် ထွက်သွားရပြီး....

'ဒေါ်ရုပ်ဆိုးကြီး ဘာတွေလျှောက်ပြောနေတာလဲ၊ ကျုပ်ခင်ဗျားကို အနိုင်ကျင့်ပြီး ခေါးစားခံလုပ်ခေါ်လာတာပဲဟေ့၊ ရဲကျော်ပွား ငါ့ကိုဖမ်း သူ့ဘာတော့ ဘာမှအပြစ်မရှိဘူး'



ပြောတော့ ရဲကျော်ပွားမှာ သဘောကျ ရယ်မောလိုက်ရင်း

'အင်း....ခင်ဗျားတို့နှစ်ယောက် ကြံတူလို့ အခုလို အဝေးကြီးရောက်လာရတာပဲ၊ ကဲ ရေသူရဲ သူ့ကိုဖမ်းချုပ်ပြီး ခေါ်လာခဲ့၊ ဖူးပေါက်ရွာရောက်မှ ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်ကောင်းကောင်း ညှဉ်းဦးမှ ဟား ဟား ဟား'

ခနဲ့တဲ့တဲ့ပြောဆိုပြီးနောက် ရဲကျော်ပွားမှာ ဟားတိုက်ရယ်မောလိုက်လေ၏။

သည်နောက် လုပိုင်ချင်နှင့် ရိန်လင်းတို့ ရဲကျော်ပွားတို့ ဖမ်းဆီးမခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့ကြ၏။

သို့နှင့် သူသို့ မြေဝါလမ်းမ ‾ းပေါ်သို့ ရောက်ရှိလာကြသည်။

မှန်းလွဲနေမှာ ကျစ်ကျစ်တောက် ပူပြင်းလျက်ရှိနေသည်၊ လုပိုင်ချင်နှင့် ရိန်လင်းတို့သည် ‑နပူကျဲကျဲအောက်ဝယ် မြင်းပေါ်မှစီးနင်းကာ ကြိုးဆွဲခေါ်ရာ ရှစ်မျက်နှာကျားအဖွဲ့နောက် ချွေးသံတရွှဲရွှဲဖြင့် ပင်ပန်းကြီးစွာ ပြေးလိုက်နေရသည်။

နောက်ဆုံး လုံပိုင်ချင်နှင့် ရိန်လင်းတို့မှာ ပြေးလိုက်ရင်းက ခြေကုန်လက်ပန်းကျကာ မြေဝါလမ်းပေါ် ထိုးလဲကျကုန်ကြသည်။

သည်တွင် ရှစ်မျက်နှာကျားအဖွဲ့သားနှစ်ဦးတို့မှာ လမ်းပေါ်သို့ လဲကျသွားကြသော လုံပိုင်ချင်နှင့် ရိန်လင်းတို့ကိုသက်ညှာခြင်းမရှိ၊ လမ်းပေါ် ဒရွတ်တိုက်လျက် ဆွဲငင်ခေါ်ဆောင်လာကြလေသည်။

ထိုအခြေအနေကို လမ်းနံဘေးရှိ သစ်ပင်တစ်ပင်တောင်ဂမူပေါ်တွင် အနားယူထိုင်နေသော ဝတ်စုံဖြူလူကြီး တစ်ယောက် မမှိတ်မသုန် စူးစိုက်ကြည့်ကာ လှမ်းအကဲခတ်နေလေသည်။

ထိုဝတ်စုံဖြူလူကြီးမှာ အသက်ကြီးပိုင်းတစ်ဦး ဖြစ်လေသည်။

ထိုအခိုက်မှာပင် ယင်းဝတ်စုံဖြူလူကြီးမှာ သူ့ညာဘက်လက်တစ်ဖက်ကို ဖြတ်ခနဲ လှုပ်ရှားလိုက်၏။

ထိုအခါ သူ့ညာလက်တွင်းမှာ ငွေကြယ်ပွင့်နှစ်ပွင့် ဒေါသမာန်ဟုန်ဖြင့် လွင့်စဉ်သွားရသည်။

'ဝှစ်....ဝှစ်'

'တောက်....တောက်'

'ဟင်....'

'ဟာ....'



ထိုဝတ်စုံဖြူလူကြီးပစ်ခွင်းတိုက်ခိုက်လိုက်သော နဂါးချက်လုံး လက်နက်ပုန်းနှစ်ခုတို့သည် လုံပိုင်ချင်နှင့်သခင်ရိန်လင်းတို့၏လက်မစိုက် ချည်နှောင်ဆွဲငင်နေသည့်ကြိုးတန်းနှစ်တန်းအား တည့်မတ်စွာထိမှန်ကာ တတောက်တောက်ပြတ်တောက်သွားလေသည်။

မမျှော်လင့်သော အခြေအနေကို ကြုံတွေ့လိုက်ကြရသည့်ကြိုးဆွဲ ရှစ်မျက်နှာကျား အဖွဲ့သားနှစ်ဦးတို့၏ အာမေဋိတ်ထွက်မျှတအံ့တသြ ဖြစ်သွားလေသည်။

သူတို့နှစ်ဦးရေရွတ်သံမှာ ကျယ်ကျယ်လောင်လောင်ရှိလှန်းနေသဖြင့် ရှေ့ကဦးဆောင် သွားနေသည့် ရှစ်မျက်နှာကျား သိလိုက်သွားရပြီး....

'ဟိတ်....ဘာဖြစ်နေကြတာလဲ'

လှမ်းမေးလိုက်တော့ တအံ့တသြ ဖြစ်နေသော အဖွဲ့သားနှစ်ဦးတို့က ယှဉ်ပြိုင်ပြောလိုက်သည်မှာ...

'သ....သခင်လေး အဝေးကနေလူတစ်ယောက်က လက်နက်ပုန်းနဲ့ လုံပိုင်ချင်နဲ့ လီစပ်ဝှာတို့ချည်နှောင်ထားတဲ့ကြိုးကို ပြတ်တောက်လိုက်ပြီ'

'ဟေ....ဒါဆို အနီးဝန်းကျင်မှာ အဲဒီလူရှိနေရမှာပဲ အမြန်ဆုံးရှာကြစမ်း'

ထိုသို့ရှစ်မျက်နှာကျားက သူ့အဖွဲ့သားတို့ကို လှမ်းအမိန့်ပေးလိုက်သည်။

ထိုအခါ အဖွဲ့သားများမှာ လမ်းနံဘေးရှိ သစ်ပင်အောက် တောင်ကမူပေါ်တွင်ထိုင်နေသည့် ဝတ်စုံဖြူလူကြီးကို အလျင်အမြန် ရှာဖွေတွေ့ရှိသွားကြလေသည်။

ဒါကြောင့် သူတို့သခင်ဖြစ်သူ ရှစ်မျက်နှာကျားထံ ချက်ခြင်းသတင်းပို့လိုက်သည်။

သည်တော့ ရှစ်မျက်နှာကျားမှာ တောင်ကမူထိပ်တွင် ထိုင်နေသော ဝတ်စုံဖြူလူကြီးထံ မြင်းနှင့် စိုင်းနှင်ရောက်ရှိသွားရပြီး....

'ဟိတ်....ကျုပ်တို့ကိုစွထဲခင်ဗျားကြီးဘာကြောင့်ဝင်နှောက်ယှက်တာလဲ'

လေသံမာမာဖြင့် မေါက်ငမ်းမေးလာသဖြင့် ဝတ်စုံဖြူလူကြီးက အရောင်တဝင်းဝင်းလက်ထနေသည့် မျက်လုံးအစုံဖြင့် ရှစ်မျက်နှာကျားထံ မကျေမချမ်းစိုက်ကြည့်ရင်း....



'ဒါနှောက်ယှက်တာ မဟုတ်ဘူး၊ ငါ့ဒရွတ်တိုက် ဆွဲခံနေရတာ လူနှစ်ဦးကို ဝင်ကယ်တာ'

'ဟင်.... အဲဒီလူနှစ်ဦးနဲ့ ခင်ဗျားကြီး ဘာပတ်သက်လို့လဲ'

'အေး ပြောမယ်၊ ငါမိန်းကလေးနဲ့မပတ်သက်ဘူး၊ ကျန်တစ်ယောက်က ငါ့ရဲ့ခိတ်ဆွေ လုပိုင်ချင်ဖြစ်နေလို့ပဲ'

'ဟင့်....ဒီလူ ရာဇဝတ်သင့်နေတဲ့ ထောင်ပြေးတစ်ယောက်ဆိုတာ မသိဘူးလား'

'ဟင်း....ဟင်း....သူ့ကို ငါသိတာတော့ မိကျောင်းစိမ်းနှစ်ကောင် အာမခံဌာနမှာ တာဝန်ကျေပွန်စွာ သစ္စာရှိစွာ ထမ်းရွက်နေတဲ့ လူတော်တစ်ယောက်တော့ငါသိတယ်'

'ခင်ဗျား ရာဇဝတ်ကောင်ကို အားပေးနေတာ အပြစ်ရှိတယ်ဆိုတာ မစဉ်းစားမိဘူးလား'

'စဉ်းစားမိရင် အခုလိုဝင်ကယ်စရာမလိုပါဘူး'

'ဟင်....ခင်ဗျားကြီးလူဝါးဝလှချည်လား၊ ဟေ့ ဝင်တိုက်ကြစမ်း'

မကျေမချမ်း ခေါက်ငမ်းပြောဆိုရင်းက အဖွဲ့သားများက ဝတ်စုံဖြူလူကြီးကို ဝိုင်းရံတိုက်ခိုက်ရန် အမိန့်ပေးလိုက်လေသည်။

ထိုအချိက်မှာပင်....

'ဟူး....ဟူး....ဟူး'

'အုန်း.... အုန်း'

'ဂုန်း....ဂုန်း'

'အီး'

'အာ'

'အုဝ်း'

'အူ'

'ဘုန်း....ဘုန်း....ဘုန်း'

ထိုအခါ ဝတ်စုံဖြူလူကြီးမှာ ဖျပ်ခနဲ ပျောက်သွားကာ အဖြူနှပ်ါးငွေ့တန်းကြီးတစ်ခု ပေါ်ပေါက်လာပြီးတိုက်ခိုက်ရန် စိုင်းနှင်ရောက်ရှိလာကြသည့် အဖွဲ့သားများထံ ဇကပေ့တစ်ခုနှယ် တဟူးဟူး လွှမ်းခြုံသွားရလေသည်။

ပြီး တဝုန်းဝုန်း တအုန်းအုန်းအသံများ ပေါ်ထွက်လာရပြီး ထိတ်လန့်ဖွယ်ရာ မအော်ဟစ်ညည်းညူသံများ ဝရဲပွက်မျှ ပေါ်ထွက်လာရလေသည်။

ထိုနောက် ရှစ်မျက်နှာအဖွဲ့သားအချို့တို့ လမ်းမပေါ်သို့ အရုပ်ကြိုးပြတ် တဘုန်းဘုန်း လွင့်စဉ်ကျရောက် ကုန်ကြလေသည်။



ထိုသို့ ထိတ်လန့် ချောက်ချားဖွယ်ရာ ကောင်းလှန်းသော အဖြစ်ဆိုးကို ကြုံတွေ့လိုက်ရသည့် ကျန်ရှစ်မျက်နှာအဖွဲ့သားတို့ သေးလန့်ကာ မြင်းကိုယ်စီဒုန်းစိုင်းနှင်ကာ ထွက်ပြေးကြကုန်သည်။

နောက်ဆုံးတော့ ခေါင်းဆောင် ရှစ်မျက်နှာကျား ရဲကျော်ဖွားတစ်ယောက်ပဲ ကြောင်အမ်းတွေဝေစွာဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

## အခန်း (၁၉)

## ဝိညာဉ်တစ်ထောင်တိုက်ပွဲ

ဝိညာဉ်တစ်ထောင်တောင်။

ယင်းတောင်သည် ဟူစီအင်မြို့နှင့် လီသုံးဆယ်မျှဝေးကွာ လျက်ရှိသော ပထဝီမြေအနေအထား ကြမ်းတမ်းသည့် နေရာ၌ တည်ရှိလေသည်။

ထိုဝိညာဉ်တစ်ထောင်တောင် တည်ရာဝန်းကျင်တစ်ဝိုက်၌ ချောက်နက်ကြီးများ လျှိုချိုင့်ဝှမ်းကြီးများပြည့်နှက်နေသည်။

သို့မို့ကြောင့်....

ထိုနေရာသို့ လူရောက်သူရောက်နည်းပါးသွားသည်၊ ပြီး ဝိညာဉ်တစ်ထောင်တောင်သည်လည်း မိစ္ဆာဝိညာဉ်များပျော်



မွေ့ရာတောင်ကြီးဟု ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ နာမည်ကြီးနေသဖြင့် ထိုတောင်သို့မည်သူမျှ သွားဖို့စိတ်မကူဝံ့ပါချေ။

အချိန်ကား နေထန်းတစ်ဖျားရောက်နေချေပြီ။

ထိုအချိန်၌ မည်သူမျှ လာရောက်ဖို့ စိတ်ပင်မကူးစံ့ကြသော ဝိညာဉ်တစ်ထောင် တောင်ဆီသို့ ဦးတည်လျက် မြေလိမ်မြွေကောက် လမ်းအတိုင်း ရထားလုံးတစ်စီး ရွေ့လျားနေသည်။

ယင်းလမ်းမှာ ကြမ်းတမ်းလွန်းလှသောကြောင့် ရွေ့လျားပြေးလွှားနေသည့် ရထားလုံးမှာ လှိုင်းမီသော လှေကဲ့သို့ ယိမ်းထိုးလှုပ်လျက်ရှိနေပေသည်။

ထိုရထားလုံးသည် လူတကာမလာဝံ့ကြသော ခရီးကြမ်းတက်လာသည့် ဝိညာဉ်တစ်ထောင်ဆီသို့ စိုးရိမ်ကြောက်မန့်မှုကင်းကာ ရောက်ရှိလာရပါသနည်း။

ဤသည်ကိုတော့....။

ထုမင်းအိုးတစ်လုံးကျက်ခန့်ကြာသောအခါ ထိုရထားလုံးမှာ ဝိညာဉ်တစ်ထောင်တောင် ခြေရင်းသို့ရောက်ရှိလာသည်။

ယင်း၌ ရထားလုံးကို မောင်းနှင်လာသော လူလတ်ပိုင်းမှာ မြူနှင်းများဝေဆိုင်းလျက်ရှိသည့် ဝိညာဉ်တစ်ထောင် တောင်ထိပ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

ယင်းဝိညာဉ်တစ်ထောင်တောင်မှာ မြင့်မားလျက်ရှိသော် လည်း တောင်ထိပ်တက်ရာလမ်းမှာ ရထားလုံးတိုက်ရိုက်မောင်းနှင်တက်နိုင်အောင် ပြေပြစ်လျက်ရှိနေ၏။

ဒါကြောင့်မို့ ရထားမောင်း လူလတ်ပိုင်းမှာ တောင်တက်လမ်းအတိုင်း ရထားလုံးကို တဖြည်းဖြည်း မောင်းနှင်တက်ရောက်လာခဲ့၏။

သို့နှင့် ယင်းထောလုံးမှာ မြူနှင်းများ လွင့်ပြယ်ပြေနေသော ဝိညာဉ်တစ်ဆောင်တောင်ထိပ်သို့ ရောက်ရှိလာ၏။

ထိုအခါ ရထားထိန်းလူလတ်ပိုင်းသည် ရထားလုံးကိုရပ်ရပ်လိုက်ပြီးနောက် ကျောက်ပြင်ပေါ်သို့ လှားခနဲခုန်ဆင်းလိုက်၏။

ပြီး လူလတ်ပိုင်းသည် ဝိညာဉ်တစ်ဆောင်တောင်ထိပ်အခြေအနေကိုအကြည့်ဝေ့ဝဲကာ လှမ်းအကဲခတ်ကြည့်ရှုလိုက်လေ၏။

ဝိညာဉ်တစ်ထောင်တောင်ထိပ်ဝန်းကျင် မြေပြန့်အနည်းငယ်သာရှိပြီး ကျောက်တောင်ကျောက်ထွတ်များ ဝိညာဉ်ကောင်များ ငုတ်တုတ်ထိုင်နေကြသကဲ့သို့ ဝန်းရံလျက်ရှိနေ၏။

သည်တွင် လူလတ်ပိုင်းက မကျေမနပ်ဟန်ဖြင့်....

'ငါတောင်ထိပ်ပေါ်တက်လာတဲ့ သုည်းသံတော့ သူကြားမှာပေါ့ ဘာကြောင့်ထွက်ပေါ်မလာရတာလဲ'

ရေရွတ်ပြောဆိုနေစဉ်မှာပင် အနက်ရောင်အရိပ်ကြီးတစ်ခုဝ် ကျောက်တောင်ကျောက်ထွက်များကြားမှ တစ္ဆေဝိညာဉ်နက်တစ်ကောင်ပမာနယ် မြေကွက်လပ်ဆီသို့ ဟူးခနဲ ပျံသန်းရောက်ရှိလာ၏။



ထိုအခါ ဝတ်စုံစိမ်းဝက်လူလတ်ပိုင်းသည် ရှေ့မလှမ်းမကမ်းသို့ ရောက်ရှိလာသည့်ဝတ်စုံနက် သူကိုမျက်မှောင်ကြုတ်ကြည့်ရင်း။

'ဩော်....မြို့တော်ဝန်မှင်းကြီး ကြွရောက်လာမှကိုး'

ပြောတော့ ဝတ်စုံနက်မြို့တော်ဝန်မင်း ရဲ့ထိုက်ချိမှာမကျေမချမ်းမျက်နှာထားနှင့်။

'မိကျောင်းစိမ်းခေါ:လုပိုင်ချင်စကားအမိုးပြောမနေနဲ့ ငါ့သားတပါတည်းပါသလား ပြော'

ခက်ထန်မာကျောစွာ လှမ်းမေးလာသဖြင့် လုပိုင်ချင်ကမဲ့ပြုံးပြုံးပြီး....

'ကျုပ် ဝန်မှူးသားတော် မပါဘဲ ဒီဝိညာဉ်တစ်ထောင်တောင်ထိပ်လာခဲ့ရင် မိုက်မဲသွန်းရာရောက်သွားမှာပေါ့၊ ကဲ ခင်ဗျား ...မ်းထားတဲ့ ကျုပ်လူတွေ ခေါ်ထုတ်လိုက် ခင်ဗျားသားကို ကျုပ်ရထားပေါ်ကခေါ်ထုတ်လာမယ်၊ အပေးအယူလုပ်တဲ့သဘောပေါ့'

ကောင်းပြီ'

ဟုဆိုကာ မြို့တော်ဝန် ရဲထိုက်ချိုက ခေါင်းတစ်ချက်ညိတ်လိုက်ပြီးနောက် လက်ခုပ်လက်ဝါး နှစ်ချက်တီးခတ်လိုက်လေသည်။

'ဖြောင်း....ဖြောင်း'

လက်ခုပ်သံ ဆုံးသွားသည်နှင့် ကျောက်ဆောင် ကျောက်တောင်များကြားမှ ရေသူရဲ ချိန်စီဝေမှာ လူလေးယောက်ကိုဖမ်းဆီးခေါ်ဆောင်ထွက်ပေါ်လာ၏။

ယင်းလူလေးယောက်တို့မှာ တခြားလူများ မဟုတ်ကြပါလေ။

တောကျားကြီးချူးစိန်၊ ဒေါ်ကျီဟန်လင်း၊ ဆန်လင်းနှင့် လက်တစ်ဖက်ပြတ် ရဲမက်တပ်ကြပ်ကြီး ဝေဖုန်းတို့ပင်ဖြစ်သည်။

ပြောရမည်ဆိုလျှင်....

သူတို့လေးဦး မြို့တော်ဝန် ရဲထိုက်ချီ၏ လုပ်ရပ်ဆိုးကိုဖော်ထုတ်ရန်အတွက် မိကျောင်းစိမ်းနှစ်ကောင် အာမခံဌာနမှ ခေါင်းဆောင်ကြီးထံ သွားရောက်ကြရင်း လမ်းခုလပ်တွင် မြို့တော်ဝန်၏အဖွဲ့ဖြစ်သည့် စကြာဝိညာဉ်နက် ဂိုဏ်းသား၏ ဖမ်းဆီးခြင်းကိုခံလိုက်ရခြင်းဖြစ်၏။

ထိုသို့ တင်းဆိုးကြားလိုက်ရသည့် မိကျောင်းစိမ်းခေါးလုပိုင်ချင်မှာ ကြယ်တာခွန်နဂါးဟွမ်ဖိန် လက်ရဖမ်းဆီးပေးခဲ့သည့် မြို့တော်ဝန် ရဲထိုက်ချီ၏သား ရှစ်မျက်နှာကျား ရဲကျီပွားနှင့် စကြာဝိညာဉ်နက်ဂိုဏ်းလက်ထဲရောက်နေကြသည့် တောကျားကြီး ချူးစိန်တို့လူသိုက်နှင့် အလဲအလှယ်ပြုရန် ရဲထိုက်ချီထံ တောင်းဆိုလိုက်၏။

ထိုအခါ မြို့တော်ဝန် ရဲထိုက်ချီသည် တောင်ဒဏ်ချခံထားရသည့် သား ရဲကျီပွားကို လူစားထိုး၍ မလိမ့်တစ်ပတ်လုပ်ထားသည့်ကိစ္စ ပေါ်ပေါက်မည်ကို စိုးရိမ်ကြောင့်ကျမိကာ မိကျောင်းစိမ်းခေါး လုပိုင်ချင်၏တောင်းဆိုချက်ကို သဘောတူလိုက်ရ၏။



ဒါကြောင့် မြို့တော်ဝန် ရဲထိုက်ချီမှာ ထိုကိစ္စရပ်ကို လူမသိစေရန်အတွက် လူတကာမသွားဝံ့ကြသည့် ဝိညာဉ်ဘဝ်တောင်ထိပ်သို့ လူအလဲအလှယ်ပြုရန် လုပိုင်ချင်အား ချိန်းဆိုလိုက်ခြင်းဖြစ်၏။

ထိုစဉ် မိကျောင်းစိမ်းခေါး လုပိုင်ချင်မှာ ဒေါ်ကျီဟန်လင်းတို့ လူစုကို လှမ်းမြင်တွေ့လိုက်သည်နှင့် ရထားလုံးဘက်သို့ ခေါင်းလှည့်၍....

'ညီမရေ ရှစ်မျက်နှာကျားကို ခေါ်ခဲ့ပါ'

လှမ်းပြောလိုက်တော့ ရထားလုံးပေါ်မှ ရုပ်ဆိုးမျက်နှာတုကျူး ရွှေရောင်ဝတ်စုံနှင့် သခင်မ ရိန်လင်းမက ရဲကျီပွားကိုဖမ်းဆီး ခေါ်ဆောင်လာ၏။

ထိုအခါ မြို့တော်ဝန်ရဲထိုက်ချီမှာ သားဖြစ်သူ ရဲကျီပွားကို တွေ့မြင်ရပြီး စိတ်အေးသွားရကာ ရေသူရဲ ချိန်စီဒ ထံလှမ်းအမိန့်ပေးလိုက်သည်မှာ....

'ရေသူရဲ သူတို့ကိုသွားပို့ပြီး မင်းရဲ့သခင်လေးကို ခေါ်လာခဲ့'

သည်တွင် ရေသူရဲ ချိန်စီဒေ့က ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး တောကျားကြီး ချူးစိန်တို့လူစုကို ရွှေရောင်ဝတ်စုံ သခင်မ ရိန်လင်းမထံ ပို့ပေးပြီး သူ့သခင်လေး ရဲကျီပွားကို ရဲထိုက်ချီထံ ခေါ်ဆောင်လာခဲ့၏။

သည်တွင် မြို့တော်ဝန် ရဲထိုက်ချီက အခြောက်တိုက်ကြီး ဟားတိုက်ရယ်မောရင်း....

'ဟား ဟား ဟား မိကျောင်းစိမ်းခေါ်ား လုပိုင်ချင် ဒီက နေ့ကစပြီး ဒီဝိညာဉ်တစ်ထောင်တောင်ထိပ်ကို နာမည်ပြောင်းရမယ်၊ အဲဒါကာဖြစ်လို့လဲသိလား'

ဖောက်ပြန်လာသည့် ရဲထိုက်ချို၏အခြေအနေကို ယုပိုင်ချင် အကဲခတ်မိပြီး....

'ကျုပ်ဘာယ်သိမလဲ'

မောက်မာစွာပင် တုံ့ပြန်ပြောလိုက်တော့ ပျက်ရယ်ပြုရယ် မောနေသည့် ရဲထိုက်ချိုက....

'မင်းမသိရင် သိအောင် ငါပြောပြရမှာပေါ့လေ၊ ဘာ ကြောင့်လဲဆိုတော့ မကြာခင် မင်းတို့ဝိညာဉ်လောကနဲ့ ဒီ တောင်က ဝိညာဉ်ဟောင်းနဲ့ ပူးပေါင်းပြီး တောင်စောင့်ရ တော့မယ်လေ၊ ဟား ဟား ဟား'

'ဟူး....ဟူး....ဟူး'

'ဘုတ်....ဘုတ်....ဘုတ်'

ထိုအချိန်မှာပင် လက်နက်ကိုယ်စီ အသင့်ကိုင်ဆောင်ထား ကြသည့် စကြာဝိညာဉ်နက်အဖွဲ့သား (၄၀) ကျော်တို့ လုပိုင် ချင်တို့အဖွဲ့ကို စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံရောက်ရှိလာကြလေ သည်။

ထိုသို့ ရဲထိုက်ချို၏ ကောက်ကျစ်ယုတ်မာသည့် လုပ်ရပ်ကို လုပိုင်ချင် လှမ်းမြင်တွေ့ရပြီး ထိန်ထင်သည့်အပြုံးတစ်ချက်ပြုံး လိုက်ပြီး....



"ဟင်း....ဟင်း....ဟင်း မြို့တော်ဝန်မင်း ဒါ ခင်ဗျားရဲ့ မြွေခွေးလို ကောက်ကျစ်တဲ့အကျင့်ကို ကျုပ် ဒီ ဝိညာဉ်တစ် ထောင် တောင်ကိုမလာခင်ကတည်းက ကြိုတင်တွက် ပြီးပါ ပြီ၊ ဒီတော့ မြို့ဝန်မင်း သတ္တိခသွးမကြောင်ဘူးဆိုရင်ခင်ဗျားနဲ့ ကျုပ် စိန်ခေါ် တိုက်ခိုက်လိုက်ကြရအောင်၊ ဟင်း....ဟင်း လူများစုနဲ့အနိုင်ယူတာ သိင်းလောကက ကြားသွားကြရင် မြို့တော်ဝန်မင်းရဲ့သိက္ခာတွေ အဖတ်ဆယ်မရ ဖြစ်သွားမှာမို့ ကျုပ်အသိပေးနေတာပါ'

ထိုသို့ မိကျောင်းစိမ်းခေါ်ား လုပိုင်ချင်က ရဲထိုက်ချိုကို မခံ ချင်စိတ်ဖြစ်အောင်ပြောပြီး တစ်ဦးချင်း ယှဉ်ပြိုင်တိုက်ခိုက်ရန် စိန်ခေါ်လိုက်၏။

'ဟား ဟား ဟား မိကျောင်းစိမ်းကြီးက ကျုပ်နဲ့စိန်ခေါ် တိုက်ခိုက်ချင်သေးတာကိုး၊ အေးလေ....ကျုပ်ကလဲ သိုင်းလောကမှာ သိက္ခာအကျမခံချင်ပါဘူး၊ ကဲ....စိန်ခေါ်ရင် ရဲထိုက်ချိက တွန့်မဆုတ်တတ်ဘူး'

ယင်းသို့ ရဲထိုက်ချိက ဟားတိုက်ရယ်မော ပြောဆိုလိုက်ပြီး သူ့အဖွဲ့သားများအား နောက်ဆုတ်ခနေရန် လက်ပြအချက်ပေးလိုက်၏။

ထိုအခါ လုပိုင်ချင်ကလည်း ဒေါ်ကျိဟန်လင်းတို့လူစုကို နောက်ဆုတ်နေခိုင်းလိုက်၏။

သည်နောက် ကျောက်ပြင်ကွက်သပ် အလယ်ဗဟို၌ လုပိုင်ချင်နှင့် ရဲထိုက်ချိတို့ မျက်နှာချင်းဆိုင်လိုက်ကြပြီး ယှဉ်ပြိုင်တိုက်ခိုက်ရန်အတွက် သူတို့နှစ်ယောက် ပြိုင်တူသိုင်းကွက်နင်းလိုက်ကြ၏။

သူတို့နှ လက်နက်မဲ့ယှဉ်ပြိုင် တိုက်ခိုက်ကြမည်ဖြစ်သည်၊ ထိုစဉ် ရဲထိုက်ချိသည် လုပိုင်ချင်ကို ဘယ်လက်ဝါးရိုက်ဟန်ပြ တိုက်ခိုက်လိုက်ရင်းက သူ့ညာလက်ဝါးစောင်းရိပ်က လုပိုင်ချင်၏ လစ်ဟာသွားသော ဘယ်နံစောင်းသို့ လျှပ်တစ်ပြက်ကျရောက်သွား၏။

'ယား'

'ဝှီး....'

'ဝှစ်....'

'ဖြောင်း'



သည်တွင် စွန့်ရဲတစ်ကောင်နှယ် မျက်စိလျှင် ဖျတ်လတ်လှသည့် မိကျောင်းစိမ်းခေါ်းလုပိုင်ချင်မှာ မြို့တော်ဝန်ရဲထိုက်ချိ၏ ညာလက်ဝါးစောင်းခုတ်ချက်ကို သူ့ညာလက်ဖျံဖြင့် လျှပ်တပြက်ထောင်ကာလိုက်၏၊

ဒါ့ကြောင့် လက်လက်ချင်း ပြင်းထန်စွာထိခတ်သည့်အသံကြီး ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာရ၏။

ပြီး မိကျောင်းစိမ်းခေါ်း လုပိုင်ချင်သည် ကြယ်တံခွန်နဂါး ဟွမ်ဖိန် လက်ထပ်သင်ကြားပေးခဲ့သည့် ကြယ်တံခွန်နဂါးအမြီးရိုက်ဟန်သိုင်းကွက်ကို အသုံးပြု၍ ညာလက်ဝါးစောင်းဖြင့် မြို့တော်ဝန် ရဲထိုက်ချိ၏ဇက်ပိုးကို လှမ်းခုတ်ပိုင်းချလိုက်လေသည်။

'ဟိုင်း'

'ဝှစ်'

'ဟူး'

သည်တွင် မြို့တော်ဝန် ရဲထိုက်ချိမှာ လုပိုင်ချင်၏ လက်ဝါးစောင်းခုတ်ချက်ကို သွက်လက်လျင်မြန်စွာပင် ခေါင်းငုံ့ရှောင်တိမ်းလိုက်၏။

ဒါကြောင့် လုပိုင်ချင်၏ လက်ဝါးစောင်းခုတ်ချက်လွဲချော်သွားရ၏။

ထိုစဉ် မြို့တော်ဝန် ရဲထိုက်ချိသည် ခေါင်းငုံ့လျှိုးရှောင်တိမ်းရင်းက လစ်ဟာလျက်ရှိသည့် မိကျောင်းစိမ်းစား လုပိုင်ချင်၏ ဝမ်းဗိုက်ဆီသို့ ညာလက်ဝါးစောင်းဖြင့် လျင်မြန်စွာ ထိုးစိုက်လိုက်၏။

'ယား'

'ဝှီး'

'ဝှစ်'

'ဖြောင်း'

သည်တော့ မိကျောင်းစိမ်းစား လုပိုင်ချင်သည် မြို့တော်ဝန် ရဲထိုက်ချိ၏ ညာလက်ဖွန်းကို ညာလက်ဖြင့်တန်းဆိုးလှည့်ထုတ်ကာကွယ်လိုက်၏။

ပြီး သူသည် ရဲထိုက်ချိ၏ ညာလက်ကောက်ဝတ်ကို လိမ်၍ဖမ်းချုပ်လိုက်၏။

တစ်ဆက်တည်းမှာပင် လုပိုင်ချင်၏ ညာခြေခုံက မြို့တော်ဝန် ရဲထိုက်ချိ၏ ညာချိုင်းအောက်သို့ မြှောက်ပင့်တိုက်ခိုက်လိုက်၏။

'ဟိုင်း'

'ဝှီး....'

'ဘုန်း'

'အ...ဲ'



ထိုအခါ မိကျောင်းစိမ်းစား လုပိုင်ချင်၏ ညာခြေခုံကန်ချက်ကို မြို့တော်ဝန်ရဲထိုက်ချိမှာ ခုခံကာကွယ်နိုင်ခြင်း မရှိဘဲ မိမိရရ ထိမှန်သွားရလေသည်။

ဒါကြောင့် မြို့တော်ဝန်ရဲထိုက်ချိမှာ စူးရှစွာ ညည်းထွားရင်း ကျောက်ပြင်ပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားရလေသည်။

ထိုစဉ်မှာပင်....

မိကျောင်းစိမ်းစားလုပိုင်ချင်မှာ ခေါင်းငိုက်စိုက်ကျလာသော ရဲထိုက်ချိ၏မျက်နှာခွက်ဆီသို့ ကြယ်တံခွန်နဂါးမြီးရိုက်ဟစ်ထောင် တိုက်ကွက်ကို အသုံးပြုတိုက်ခိုက်လိုက်လေသည်။

'ဟိုင်း'

'ဝှီး....ဝှီး....ဝှီး'

'ခွပ်....ခွပ်... ဒုတ်'

'အီး အူး ဟူး'

'ဘုန်း'

လုပိုင်ချင်၏ခြေရိုက်များ ရဲထိုက်ချိ၏မျက်နှာခွက်ပေါ်သို့ စဉ်ဆက်မပြတ် ကျရောက်သွားလေသည်။

ဒါကြောင့် မြို့တော်ဝန်ရဲထိုက်ချိမှာ စူးစူးဝါးဝါး အော်ဟစ်ရင်း ကျောက်ပြင်ပေါ်သို့ အရှင်ကြိုးပြတ်ကျရောက်သွားလေသည်။

ထိုအချိန်တွင် ဝိညာဉ်တောင်ထိပ်ပေါ်သို့ အဖြူအလင်းတန်းကြီး တစ်ခု တဟူးဟူးတိုက်ခိုက် ရောက်ရှိလာပြီး စကြာဝိညာဉ်နက် အဖွဲ့သားအပေါ် လွှမ်းခြုံသွားရလေသည်။

'ဝုန်း....ဝုန်း....ဝုန်း....အုန်း'

'အူး'

'အီး'

'အား....'

'အွန့်'

ကြည့်မြင်ရသည်မှာ....

စကြာဝိညာဉ်နက်အဖွဲ့သားများအား လွှမ်းခြုံတိုက်ခိုက်လာသော အဖြူရောင်အလင်းတန်းမှာ အဖြူရောင်နဂါးကြီးတစ်ကောင် ဝိညာဉ်များကို နုတ်ယူလွင့်ထုတ်နေသလိုရှိနေလေသည်။

ယင်းအခြေအနေကို မိကျောင်းစိမ်းခေါင်းလုပိုင်ချင်တို့လွှတ် လှမ်းမြင်တွေ့ရပြီး အံ့သြရိပ်များ လွှမ်းခြုံနေကြရလေသည်။

ကွမ်းတစ်ယာညက်ခန့်ပင် မကြာလိုက်ပါချေ။ စကြာဝိညာဉ်နက် အဖွဲ့သားတို့ ဝိညာဉ်ဖြူ နဂါးစိမ်းလက်ချက်ကြောင့် သေမင်းခေါ်သံများနှင့်အတူ ကျောက်ပြင်ပေါ် သို့ပြိုလဲကျကုန်ကြသည်။



ဗြိုး.... သူတို့၏ရင်အသီးသီးဝယ် ဟောင်းလောင်းပေါက်ကြီးဖြစ်လျက် သွေးသံရဲရဲဖြင့် မရှုမလှဇာတ်သိမ်းကုန်ကြလေသည်။

စင်စစ်တော့....

ယင်းဝိညာဉ်ဖြူ ဂိုဏ်းရိပ်က တခြားမဟုတ်ပါချေ။ ကြယ်တံခွန် နဂါး ဟွမ်ဖိန်ပင် ဖြစ်လေသည်။

ထိုအခိုက်မှာပင် ဝိညာဉ်တစ်ထောင် တောင်ထိပ်ပေါ်သို့ဘုရင့်နေပြည်တော်မှ တပ်မှူးကြီးဝမ်လိန်တို့အဖွဲ့ ရောက်ရှိလာကြလေသည်။

ဗြိုး....တပ်မှူးကြီးဝမ်လိန်မှာ ဘုရင့်အမိန့်ချမှတ်ပိုက်သည့်အတိုင်း မြို့စောင့်ဂန်ရဲသိုက်ချိုကို ဖမ်းချုပ်လိုက်လေသည်။

ထို့နောက်....

အပြစ်မရှိသော လုပိုင်ချင်ကို အပြစ်ရှာလွှတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း တပ်မှူးကြီးဝမ်လိန်က ဘုရင့်အမိန့်စာလွှာကို ဖတ်ပြလေသည်။

ထိုအခါ အားလုံး မိကျောင်းစိမ်းခေါင်း လုပိုင်ချင် အပြစ်မှ လွတ်မြောက်သွားသည်ကို ကြားသိရပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

ထို့နောက် တပ်မှူးကြီးဝမ်လိန်သည် မြို့စောင့်ဂန်ရဲသိုက်ချိုသား ရှစ်မျက်နှာကျားရဲ့ကျူပွဲနှင့် ကျန်ရစ်နေသေးသော စကြာဝိညာဉ်နက်အဖွဲ့သားများအား ဖမ်းဆီးခေါ်ဆောင်၍ ဝိညာဉ်တစ်ထောင် တောင်ထိပ်မှ ဆင်းသွားကြလေသည်။

ထို့သို့ ကြယ်တံခွန်နဂါးဟွမ်ဖိန်သည် မိကျောင်းစိမ်းခေါင်း လုပိုင်ချင်အနား ချဉ်းကပ်ရောက်ရှိလာပြီး....

'ကဲ.... လုပိုင်ချင် ငါကိုယ်တိုင် ဘုရင်ထံ ခစားဝင်ပြီး မြို့တော်ဝန် မတရားမှုကို တိုင်ကြားလျှောက်တင်လိုက်လို့ အခုလို ဘုရင့်နေပြည်တော်က တပ်မှူးကြီးဝမ်လိန် ခေါင်းဆောင်ပြီး ဗိုလ်ဘဉ်ဘစ်ထောင် တောင်ထိပ်ကို ရောက်လာကြတာပဲ၊ ကဲ.... ငါလဲ သွားစရာရှိလို့ ပြန်ခွင့်ပြုကြဦး'

သည်တော့ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်တို့အဖွဲ့ ကျေးဇူးရှင် ကြယ်တံခွန်နဂါး ဟွမ်ဖိန်ကို ပြိုင်တူ ဦးညွတ်ဂါရဝပြု လိုက်ကြ၏။

ထိုအခါ ကြယ်တံခွန်နဂါးဟွမ်ဖိန်က အပြုံးရိပ်ဖြင့် တုံ့ပြန် ခေါင်းတစ်ချက်ညိတ်လိုက်ပြီးနောက် ဗိုလ်ဘဉ်ဘစ်ထောင် တောင်ထိပ်ပေါ်မှ ရိပ်ခနဲရွေ့လျားသွား၏။

ထိုစဉ်မှာပင်....

ရုပ်ဆိုးမျက်နှာတုနှင့်ရိန်လင်းမှာ ခေါ်ကျိဟန်လင်းထံပြေး လွှားထွေးပိုက်ရင်း....

'မေမေ....ညီမလေး'

ရုတ်တရက် မျက်နှာစိမ်း ရုပ်ဆိုးမကြီးက သူတို့ကို တရှင်း တနှီး ပွေ့ဖက်၍ မေမေ....ညီမဟု ခေါ်လာသဖြင့် ခေါ်ကျိ ဟန်လင်းရော ဆန်လင်းပါ အံ့အားသင့်ကာ ကြောင်အမ်း အမ်းဖြစ်ကုန်ကြ၏။



ထို့အတူပင် တောကျားကြီး ချူးစိန်နှင့် အဖြီမ်းစား ရဲမက်တပ်ကြပ်ကြီး ဝေဖုန်းတို့လည်း သူမ ကိုကြောင်ခင်းကြည့် နေကြ၏။

ထိုအခါ မိကျောင်းစိမ်းခေါင်း လုပိုင်ချင်က အပြုံးယွဲ့ယွဲ့ပြုံး လိုက်ရင်း....

'ဟင်း....ဟင်း....ညီမရဲ့ မျက်နှာဖုံးအတုကို ဆွဲချွတ်လိုက် ပါဦး'

လုမ်းသတိပေးလိုက်တော့ ရွှေရောင်သစ်ခွသခင်မ ရိန်လင်း မှာ သတိရသွားပြီး သူမမျက်နှာပေါ်မှ ရုပ်ဆိုးမျက်နှာဖုံး ကြီးကို အသာအယာဆွဲခွာလိုက်၏။

ထိုအခါကျမှ သူမ၏ချောမောသော ရွှေရောင်သစ်ခွသခင်မ ရိန်လင်း၏ ပကတိမျက်နှာပြင်ကို မြင်တွေ့ကြရပြီး အံ့သြဝမ်း သာကုန်ကြရသည်။

တောကျားကြီးချူးစိန်က အားရဝမ်းသာစွာဖြင့်....

'ဟင်....သမီးကြီး ရိန်လင်းပါလား'

'သမီးကြီး'

'မမရိန်လင်း'

ထိုအချိန်တွင် ဘေးပရိသတ်နှစ်ဦးဖြစ်ကြသော မိကျောင်း စိမ်းခေါင်း လုပိုင်ချင်နှင့် ရဲမက်တပ်ကြပ်ကြီး ဝေဖုန်းတို့မှာ နှစ်

ပေါင်းများစွာ ကွဲကွာနေကြသောမိသားစု ပြန်လည်ဆုံတွေ့ ပျော်ရွှင်နေကြသည်ကို တွေ့မြင်ကြရ၍ ဝမ်းသာပီတိလှိုက်ဖြာ နေကြလေသည်။

သည်နောက် တောကျွန်းကြီးချူးစိန်နှင့် ဒေါ်ကျိဟန်လင်း တို့သည် သမီးငယ် ဆန်လင်းကို ခုံမင်ချစ်မြတ်နိုးနေရသော မိကျောင်းစိမ်းစား လုပိုင်ချင်နှင့် လက်ထပ်ထိမ်းမြားပေးလိုက် လေသည်။

ရွှေရောင်သစ်ခွသခင်မ ရိန်လင်းမှာ လူ့လောကကို တရား သံဝေဂရ၍ ယောဂီဝတ်ဖြင့် သာသနာ့ဘောင်ထဲဝင်ရောက် သွားလေတော့သည်။

* * *

ဝင်းဘုန်းအောင်

ပြီးပါပြီ။